ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှု ပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday 11 September 2018 ၉၄၀၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

အာဆီယံနေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲ တည်ခင်းဧည့်ခံ

နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၅၁)ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အခမ်းအနားအဖြစ် အာဆီယံနေ့လယ်စာစားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ တည်ခင်းဧည့်ခံသည်။

အဆိုပါနေ့လယ်စာစားပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီး၊ ခင်ပွန်းများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

အာဆီယံနေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အာဆီယံ သံအမတ်ကြီးများက အာဆီယံ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အာဆီယံရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အာဆီယံ နေ့လယ်စာစားပွဲမကျင်းပမီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အာဆီယံသံအမတ်ကြီးများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းအသိပေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးများသည် နှစ်နိုင်ငံနှင့် အာဆီယံမူဘောင်အောက်တို့မှ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာဆီယံနေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီး၊ ခင်ပွန်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရွေးကောက်ပွဲဆိုင်ရာ ကိန်းဂဏန်းများကို အကဲဖြတ်သုံးသပ်၍ စီမံဆောင်ရွက်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်သည်များအား ဂုဏ်ပြုစကားပြောကြား

စာမျက်နှာ » ၅

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ » ၁၁

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

သဘာဝဘေးလျှော့ပါးရေး ဝိုင်းဝန်းအဖြေရှာ

မြန်မာနိုင်ငံတွင် ယခုနှစ်မိုးရာသီ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုသဘာဝဘေးဖြစ်စဉ်များ မြန်မာနိုင်ငံတစ်ဝန်းတွင် ယခင်နှစ်များနှင့်မတူ ထူးကဲစွာဖြစ်ပွားခဲ့သည်ဟု ပြောရမည်ဖြစ်သည်။ ယခုအခါ မုတ်သုံရာသီမှာ တစ်စတစ်စဆုတ်ခွာစပြုပြီး မိုးရွာသွန်းမှုမှာလည်း လျော့နည်းပြီဖြစ်၍ ယခုနှစ်ရေကြီးရေလျှံမှုဖြစ်စဉ်များကို သင်ခန်းစာယူကာ နောင်လာမည့်မိုးရာသီကာလတွင် ရေကြီးရေလျှံမှု လျော့နည်းကျဆင်းရေးအတွက် ဝိုင်းဝန်းအဖြေရှာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေနှင့်ပတ်သက်သော အကြောင်းကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကိုဖွဲ့စည်းထားသည်။ ကော်မတီသည် ရေအရင်းအမြစ် စီမံခန့်ခွဲမှုအပါအဝင် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုကော်မတီ၏လုပ်ငန်းများမှာ ကျယ်ပြန့်လှပြီး အများပြည်သူအကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများပါဝင်သဖြင့် လုပ်ငန်းများအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လုပ်ငန်းများတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှု ကာကွယ်ရေး၊ ကမ်းပြိုကမ်းစားမှု လျော့နည်းသက်သာရေး၊ ရေကြောင်းသွားလာမှု လုံခြုံချောမွေ့စေရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေဆိုးစွန့်ပစ်မှုနှင့် ရေအရည်အသွေးထိန်းချုပ်မှုစသည့် ရေဆိုင်ရာလုပ်ငန်းများ ပါဝင်သည်။ ယင်းလုပ်ငန်းများတွင် လတ်တလောပြည်သူများ ကြုံတွေ့ခံစားခဲ့ရသည့် ရေကြီးရေလျှံမှုပြဿနာကို ပိုမိုဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ခရီးစဉ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများသို့ ရောက်ရှိခဲ့စဉ် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ရေကြီးရေလျှံမှု လျော့နည်းသက်သာရေးနှင့်ပတ်သက်၍ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များအား မှာကြားခဲ့သည်တို့ကို အလေးထားမှတ်သား လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားသကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများကို ဖော်ထုတ်ဖြေရှင်းရန်လိုအပ်ပြီး မြစ်ကြောင်းတိမ်ကောမှုများကြောင့် ရေလျှံရသည်ဆိုလျှင်လည်း မြစ်ကြောင်းတူးဖော်ပြုပြင်ထိန်းသိမ်းခြင်းများကို အလေးထားဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်သည်။ မြို့များတွင် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ရေမြောင်းများပိတ်ဆို့မှု မဖြစ်စေရန်နှင့် ပြည်သူများစနစ်တကျအမှိုက်စွန့်ပစ်ရေးအတွက်လည်း စည်းကမ်းချမှတ် ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်သည်။

ရေကြီးရေလျှံမှုဖြစ်ပွားသည့် အကြောင်းရင်းများတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းသည် အဓိကကျသည့်အကြောင်းအချက်ဖြစ်သည်။ မြစ်ကြောင်းများ တိမ်ကောလာသောအခါ ရေစီးကြောင်းမမှန်၊ ဖြောင့်မှန်စွာမစီးဆင်းဘဲ ရေကြီးရေလျှံဖြစ်ရသည်။ မိုးရေနှင့်မြေဆီလွှာကို ထိန်းသိမ်းနိုင်သော သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းသောအခါ မိုးရေများသည် မြေဆီလွှာများကိုတိုက်စားပြီး မြစ်ကြောင်းတွင်ပို့ချရာမှ မြစ်ကြောင်းများတိမ်ကောကာ ရေကြီးရေလျှံမှု ဖြစ်ပွားရသည်။ ရေကြီးရေလျှံမှု လျော့ပါးသက်သာရေးအတွက် မြစ်ကြောင်းများ၊ ရေစီးမြောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပြင် မြစ်ကြောင်းမြောင်းများ ပျက်စီးစေသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူတို့လိုက်နာဆောင်ရွက်ရေးလုပ်ငန်းများကိုပါ ရေရှည်အစီအမံများဖြင့် မျှော်မှန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရေကြီးရေလျှံမှု သဘာဝဘေးများ လျော့ပါးသက်သာရေးအတွက် မြစ်ကြောင်းများ၊ ရေမြောင်းများ မတိမ်ကောရေး၊ သဘာဝပတ်ဝန်းကျင် မပျက်စီးရေးတို့ကို အမျိုးသားအဆင့်ဖြင့် ရေရှည်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအကြား ပေါင်းစပ်ညှိနှိုင်းအဖြေရှာ၍ တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုအစည်းအဝေးသည် မိမိတို့ကော်မတီ၏ ပထမဆုံး အစည်းအဝေးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလကုန်တွင် နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသားများနှင့် ဆရာ ဆရာမများ လက်ဝယ်သို့ ကျောင်းသုံးစာအုပ်များကို အချိန်မီရောက်ရှိစေရေးအတွက် မိမိတို့တွင် အလုပ်လုပ်ရန် အချိန် ခုနစ်လခန့်သာ ကျန်ရှိတော့ကြောင်း၊ စာအုပ်စုစုပေါင်း သန်း ၆၀ ကျော်ရိုက်နှိပ်ရမည် ဖြစ်၍ မိမိတို့ ဌာနတစ်ခုတည်းမှ ဆောင်ရွက်ရန် ပမာဏကြီးမားလွန်းသဖြင့် ပြင်ပမှ သင့်တော်သည့် လုပ်ငန်းရှင်များကို ပွင့်လင်းမြင်သာစွာ စနစ်တကျရွေးချယ်ပြီး လုပ်ငန်းများ အပ်နှံသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်း တစ်ခုလုံး အောင်မြင်ချောမွေ့စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအားလုံး ပွင့်လင်း မြင်သာစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ အတွင်းရေးမှူး(၁) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ အတွင်းရေးမှူး(၂) ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ကော်မတီဝင်များ၊ အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်း အကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးတွင် တင်ဒါလုပ်ငန်းစဉ်နှင့် စည်းကမ်းချက်များ၊ တင်ဒါခေါ်ယူမည့်ကာလ စသည်ဖြင့် ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **သတင်းစဉ်**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းဦးစီး၍ စစ်တွေမြို့ ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စစ်တွေမြို့ ဘူးသီးတောင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အတွင်း၊ အပြင်အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

သစ္စာ

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

မင်းဘူး စက်တင်ဘာ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (၁/၂၀၁၈) အခြေခံသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မင်းဘူးမြို့ အမှတ်(၈) စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးမှူး ဦးသိန်းလွင်ဦးက လယ်ယာသုံးစက်ကိရိယာ မောင်နှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်ခြင်းဖြင့် ဌာန၏ ရေရှည်ရည်မှန်းချက်နှင့် ရည်မှန်းချက် တာဝန်လေးရပ်ကို လယ်ယာသုံးစက်ကိရိယာ ကုမ္ပဏီများကိုယ်စား ရွှေဘုန်းကုမ္ပဏီမန်နေဂျာ ဦးဝင်းနိုင်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စက်ကိရိယာများအကြောင်းသင်တန်းတွင် မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်သင်ကြားခဲ့ပြီး ထွန်စက်မျိုးစုံ မောင်းနှင်သင်ကြား ပေးခြင်း၊ လက်တွေ့ပြင်ဆင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာအမျိုးမျိုး မောင်းနှင်သင်ကြားပေးခြင်းနှင့် လက်တွေ့ပြင်ဆင်ခြင်းများကို စက်တင်ဘာ ၁၀ ရက် မှ ၂၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြတ်(မင်းဘူး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၀

ရန်ကုန်(ရွှေဈေး) ၉၈၆၀၀၀ - ၉၈၆၀၀၀ မန္တလေး(ရွှေဈေး) ၉၈၆၀၀၀ - ၉၈၆၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၉၈၅/၁၀၁၀ ကျပ်၊	၁၀၀၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၁၀၀၅/၁၀၃၀ ကျပ်၊	၁၁၁၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၉၅၅/၉၈၀ ကျပ်၊	၁၀၅၅/၁၀၆၆ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၉၅/၁၀၂၀ ကျပ်၊	၁၀၇၀/၁၀၇၅ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၉၉၀/၁၀၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၀၀/၁၀၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၄၅/၉၆၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၅၃၄. ၀
(ခ) ဥရောပ	တစ်ယူရို	=	၁၇၇၃. ၅
(ဂ) တရုတ်	တစ်ယွမ်	=	၂၂၄. ၁၅
(ဃ) ထိုင်း	တစ်ဘတ်	=	၄၆. ၇၁၁
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၇၀. ၀၈
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁. ၃၆၈
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၈၂. ၂
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၆. ၀၅
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၉၁. ၂
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၁၂. ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

ရွေးကောက်ပွဲဆိုင်ရာကိန်းဂဏန်းများကို အကဲဖြတ်သုံးသပ်၍ စီမံဆောင်ရွက်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် IFES အဖွဲ့တို့ပူးပေါင်းကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ ကိန်းဂဏန်းများကို အကဲဖြတ်သုံးသပ်၍ စီမံဆောင်ရွက်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများနှင့် IFES အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်သည် ရွေးကောက်ပွဲများ ကျင်းပရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတစ်ခု အောင်မြင်ခြင်းမှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းက ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကပါ မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် အောင်မြင်အောင် စီမံဆောင်ရွက်နိုင်ခြင်းကြောင့်သာ ဖြစ်ပါကြောင်း။

ထိုသို့စီမံဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များအလိုက် ပြီးခဲ့သည့် ရွေးကောက်ပွဲ၏ အချက်အလက်များအပေါ် အခြေခံပြီး လိုအပ်သောစီမံမှုများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတစ်ခု ကျင်းပမည်ဆိုလျှင် ကုန်ကျမည့်ဘဏ္ဍာငွေတောင်းခံရေး၊ မဲစာရင်းပြုစုခြင်း၊ ရှိနိုင်သော မဲဆန္ဒရှင်အရေအတွက်၊ ရိုက်နှိပ်ရမည့် မဲလက်မှတ်အရေအတွက်၊ ဆောက်လုပ်ရမည့် မဲရုံအရေအတွက်၊ မဲရလဒ်များရေတွက်ခြင်း စသည်ဖြင့် လုပ်ငန်းစဉ်အလိုက် လျာထားစီမံကြရကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယခင်ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ အချက်အလက်များအပေါ် အခြေခံပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကဲဖြတ်သုံးသပ်စီမံဆောင်ရွက်ခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းများကို စိစစ်သုံးသပ်နိုင်ရန် ထင်သာမြင်သာသည့်ပုံစံများဖြင့် တည်ဆောက်ရန် လိုကြောင်း၊ ယခုသင်တန်းတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့အနေဖြင့် အချက်အလက်များကို မည်သို့ပုံစံရေးသွင်းမည်၊ မည်သို့သုံးသပ်ဆောင်ရွက်မည်ကို သင်ကြားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများအနေဖြင့် အချက်အလက်များကို စနစ်တကျ ရေးသွင်းရန်နှင့် မှန်ကန်တိကျရန် လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့် ကော်မရှင်အဖွဲ့ခွဲများမှ ပေးပို့သည့်အချက်အလက်များကို စုပေါင်းပြီး ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ စာရင်းဇယားများ မှန်ကန်တိကျမှသာ ပြန်လည်သုံးသပ်စီမံရာတွင် မှန်ကန်မည်ဖြစ်ကြောင်း။

ယနေ့ပြုလုပ်သည့်သင်တန်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် ကြိုတင်စီမံဆောင်ရွက်နိုင်ခြင်းနှင့် ရွေးကောက်ပွဲများ၏ တိုးတက်မှုဖြစ်စဉ်ကို ဖော်ဆောင်နိုင်သည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်ရန် အဓိကဆောင်ရွက်ကြသည့် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ထိထိရောက်ရောက်လေ့လာသင်ကြားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းပို့ချခြင်းနှင့် သင်တန်းသားများက လက်တွေ့လေ့ကျင့်ဆောင်ရွက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သန်းခေါင်စာရင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၀

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များ အဆင့်ဆင့်ထုတ်ပြန်ခဲ့မှုနှင့် မကြာမီကာလက သန်းခေါင်စာရင်း အချက်အလက် REDATAM Database နှင့် Online Interactive Maps ရှင်းလင်းခြင်းနှင့် ပြည်သူ့အင်အားဦးစီးဌာန Website မိတ်ဆက်ခြင်း အခမ်းအနား ကျင်းပနိုင်မှု၊ ယင်းအချက်အလက်များမှ Micro Data အထိ ပံ့ပိုးပေးနိုင်မှုနှင့် အချက်အလက် အသုံးပြုသူများက တိကျသေချာသော သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များကို မျှဝေသုံးစွဲနေမှု၊ သန်းခေါင်စာရင်း အချက်အလက် အသုံးပြုသူများအတွက် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ရေး၊ ၂၀၁၉ ခုနှစ်အတွင်း ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးနှင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်များအပေါ် UNFPA မှ ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဦးမျိုးတင့်အား အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အာဆီယံသံအမတ်ကြီးများ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်း-ရွှေဖုံး)

✪ ONE မစ်ဒယ်ဝိတ်တန်းမှ

အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇွန်လတွင် ရရှိခဲ့သည့် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုအတွက် ဒုတိယအကြိမ် ချန်ပီယံဆုကာကွယ်ပွဲ ထိုးသတ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ပထမအကြိမ် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို ဇွန်လကုန်က ထိုးသတ်ခဲ့ပြီး ဂျပန်နိုင်ငံသား ဟဆဲဂါဝါကို အကြိတ်အနယ်ထိုးသတ်ကာ နောက်ဆုံးအချီကျမှ အနိုင်ရခဲ့သည်။ အောင်လအန်ဆန်နှင့် ထိုးသတ်မည့် ကာရာကီသည် ၂၀၁၂ ခုနှစ်တွင် MMA ပြိုင်ပွဲများ စတင်ထိုးသတ်ခဲ့ပြီး ကိုးပွဲထိုးသတ်ရာတွင် ကိုးပွဲစလုံးအနိုင်ရထားသူဖြစ်သည်။ ထို့ကြောင့် အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲမှာ အကြိတ်အနယ် ထိုးသတ်ရဖွယ်ရှိနေသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို လေးလအကြာတွင် ထပ်မံထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကို ရယူပြီးနောက်ပိုင်း ယခုနှစ် ဖေဖော်ဝါရီလတွင် လိုက်ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံဆုကို ထပ်မံရယူနိုင်ခဲ့ပြီး ONE ၏ ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံဆုရ ဒုတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။

အောင်လအန်ဆန်သည် ယခုနှစ်အတွင်း သုံးပွဲမြောက် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ထိုးသတ်သည့်ပွဲတိုင်း အနိုင်ရထားကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လည်းကောင်း၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းလွင်က လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍လွှတ်တော်၏ အဆုံးအဖြတ်ရယူ

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက တစ်ပုဒ်ချင်းစီအလိုက် အဆိုပြုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းပါ ပုဒ်မ-၁၀ ခြေဆင်းနှင့် ပုဒ်မ-၁၀(က) တို့ကို ပြင်ဆင်ချက် အဆိုတင်သွင်းရာ လွှတ်တော်က ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးနှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပုဒ်မ-၁၀(က)၊ ပုဒ်မခွဲ(ဂ)နှင့် စပ်လျဉ်း၍ ပုဒ်မခွဲ(ဂ)တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွင်းမှ အများပြည်သူ တိုင်းရင်းသားများနှင့်ဆိုင်သည့် ကိစ္စရပ်များတွင် ဥပဒေအရ စီမံခန့်ခွဲခွင့်မရှိတော့ဘဲ ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်သည့်အတွက် ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် ပြဿနာမျိုးစုံ ဖြစ်ပေါ်လာနိုင်သည်ဟု နိုင်ငံတော်သမ္မတက မှတ်ချက်ပြု ပြန်ကြားလာခြင်းဖြစ်ပါကြောင်း၊ ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်လည်း လက်ရှိဆိုသည့် စကားရပ်ကို ဖွင့်ဆိုထားခြင်းမရှိသည့်အတွက် လိုအပ်သလို အသုံးပြုလာနိုင်သည်ကို တွေ့ရပါကြောင်း၊ လက်ရှိအသုံးပြုနေခြင်းဆိုသည့် စကားရပ်မှာ ဥပဒေအရကြည့်လျှင် စည်းနှောင်မှုအား နည်းပါးလွန်းနေပါကြောင်း၊ လက်ရှိဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိဘဲ သုံးနှုန်းထားသည့်အတွက် တိကျရှင်းလင်းမှုမရှိဘဲ အများပြည်သူနှင့် တိုင်းရင်းသားများအပေါ်တွင် အခက်အခဲများ တွေ့လာနိုင်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ခြင်းမပြုဘဲ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ (သို့မဟုတ်) နေပြည်တော်ကောင်စီမှ သတ်မှတ်ခွင့်ပြုထားသည့် မြေများဟု အဆိုပြုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

လွှတ်တော်ကိုယ်စားလှယ်များ၏ ရှင်းလင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အတိုင်းထားရှိသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ပုဒ်မ-၁၀(က)၊ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ကြောင်း လွှတ်တော်၏ သဘောထားဆန္ဒကို ရယူရာ ထောက်ခံမဲ - ၅၁၉ မဲ၊ ကန့်ကွက်မဲ - ၃၇ မဲ၊ ကြားနေမဲ - ၃ မဲဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက ဥပဒေကြမ်းအပိုဒ်-၂၇ ပါ ပုဒ်မ-၃၃၊ ပုဒ်မခွဲ(က)သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အပေါ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်းပြင်ဆင်၍ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူ

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က အဆိုတင်သွင်းပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကအတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် (၇/၂၀၁၈) နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဦးကျော်လင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ (၃)(ဂ)အရ ရငွေများကို စီမံ ကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ပြဋ္ဌာန်းထားသည်များနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ အခွင့်အရေးယူ ဆောင်ရွက်ခြင်းမရှိစေရန် ဘဏ္ဍာရေးစည်းမျဉ်းအရ တိတိကျကျကိုက်ညီပြီး အကြောင်းပြချက်ခိုင်လုံစွာရှိသော ကိစ္စရပ်များကိုသာ ခွင့်ပြုရန်အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲထားပြီးဖြစ်သဖြင့် တည်ဆောက်မှုလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ် ကျော်လွန်ပေးချေမှုကို ပြန်လည်သုံးသပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

နိုင်ငံခြားငွေလက်ကျန်များနှင့်စပ်လျဉ်း၍ ကြပ်မတ်ဆောင်ရွက်မှုအခြေအနေကို ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြရန် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများသို့ အကြောင်းကြားပေးမည်ဖြစ်ပါကြောင်း၊ အခွန်ကြွေးကျန်များသည် နိုင်ငံတော်မှရသင့်ရထိုက်သည့် ဘဏ္ဍာငွေများဖြစ်သည့်အတွက် အမှန်တကယ်မရရှိနိုင်သည့် အခွန်ကြွေးကျန် မှန်၊ မမှန်အချိန်ယူ၍ စိစစ်ဆောင်ရွက်ရသည့်ကိစ္စဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အခွန်ကြွေးများအစွမ်းကုန်ကောက်ခံရေးကို ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့သည့်အပြင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး ၁၊ ၂၊ ၃၊ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ အခွန်ကြွေးကောက်ခံရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပြည်ထောင်စုက ဘဏ္ဍာငွေဖြည့်ဆည်းခြင်းများအပေါ် မှီခိုနေရခြင်းကို တဖြည်းဖြည်းလျှော့ချနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ကိုယ်ပိုင်ဘဏ္ဍာငွေအပေါ် ရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြားဘဏ္ဍာငွေခွဲဝေကျင့်သုံးမှုပုံစံကို ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ အဆင့်ဆင့်တိုးတက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတွင် ဖြည့်စွက်ခွင့်ပြုငွေမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုများကို ခွင့်မပြုပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေမှ ပိုလျှံငွေအပ်နှံမှုကိုလည်း ကြီးလေးသောချို့ယွင်းချက်အဖြစ် သတ်မှတ်ထားပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလားတူဆောင်ရွက်ကြရန် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လိုငွေဖြည့်ဆည်းမှုနှင့်စပ်လျဉ်း၍ ဥပဒေပါ ယူနိုင်ခွင့် ချေးငွေထက် ကျော်လွန်ခြင်းမရှိသည်ကို ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ ရှင်းလင်းမှုနှင့်တူ ပြန်လည်ရှင်းလင်းတင်ပြထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအများ၏ Other Account များအပေါ် အကြံပြုဆွေးနွေးမှုနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို OA Account များ ဖွင့်လှစ်ခွင့်ပြုရခြင်းမှာ လုပ်ငန်းများကို ပိုမိုသွက်လက်စွာဆောင်ရွက်ပြီး ဝင်ငွေတိုး၍ ရှာဖွေနိုင်ရန်နှင့် ဘဏ္ဍာရေးအရလွတ်လပ်စွာ ရပ်တည်နိုင်ရန် ဖြစ်ပါကြောင်း၊ OA စာရင်းများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အစိတ်အပိုင်းဖြစ်ပါကြောင်း၊ OA စာရင်းများမှ ငွေထုတ်ယူသုံးစွဲရာတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဖြင့်သာ သုံးစွဲခွင့်ရှိပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သုံးသပ်အကြံပြုချက်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို သက်ဆိုင်ရာဌာနများသို့ အလေးထားကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

BOT ၏ အားသာချက်၊ အားနည်းချက်များကို ပြည်သူများသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာချပြသင့်

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ဖြစ်သည့် BOT Task Force အဖွဲ့များမှ BOT ၏ အားသာချက်၊ အားနည်းချက်များကို အထက်အဆင့်သို့ တင်ပြစေပြီး ပြည်သူများသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာချပြသင့်ကြောင်းနှင့်စပ်လျဉ်း၍တိကျစွာ လိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ BOT စနစ်အပေါ် ပဋိညာဉ်စာချုပ်ပါအချက်များမှ စည်းနှောင်မှုအားနည်းနေသည့်အချက်များကို ပြန်လည်သုံးသပ်၍ စာချုပ်ပြင်ဆင်ချုပ်ဆိုရေး ညှိနှိုင်းဆောင်ရွက်သွားသင့်ကြောင်း သဘောထားမှတ်ချက်နှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း။

အိမ်ရာချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေချေးသူများ၏ ပြန်လည်ပေးဆပ်နိုင်စွမ်းကို စနစ်တကျ စိစစ်၍ ထုတ်ချေးလျက်ရှိသည့်အပြင် ချေးငွေစိစစ်ခွင့်ပြုခြင်းကို ကော်မတီများဖွဲ့စည်း၍ မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထုတ်ချေးလျက်ရှိပြီး အိမ်ရာချေးငွေ ပုံမှန်ပြန်လည်ကောက်ခံရရှိရေးနှင့် ပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေများအပေါ် စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စနစ်တကျ လုပ်ဆောင်လျက်ရှိပါကြောင်း၊ Joint Venture စနစ်ဖြင့် ဖက်စပ်ကုမ္ပဏီများတွင် ထည့်ဝင်ထားငွေများမှ မြေတန်ဖိုးထည့်ဝင်နှုန်းများနှင့် Joint Venture လုပ်ငန်းများကို Joint Venture စာချုပ်ပါအတိုင်း လုပ်ငန်း ဆောင်ရွက်ချက်များ၊ အတွင်းစာရင်းစစ်အဖွဲ့များ၊ အပြင်စာရင်းစစ်အဖွဲ့များနှင့် စစ်ဆေးခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်မှ ရသင့်ရထိုက်သည့် ဝင်ငွေများရရှိစေရေးနှင့် လုပ်ငန်းများအောင်မြင်မှုရရှိစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်သည့် Telematicsစနစ် ရေရှည်တည်တံ့အောင်မြင်စေရန် စက်ကိရိယာတပ်ဆင်ခနှင့် ဝန်ဆောင်ခကို သင့်လျော်သည့်နှုန်းထား သတ်မှတ်၍ မော်တော်ယာဉ်လိုင်းများ၊ အဖွဲ့များ ယာဉ်ပိုင်ရှင်များက ပေးဆောင်လာစေရေး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ပေးရန်

စာမျက်နှာ ၆ သို့ »»»

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်သည်များအား ဂုဏ်ပြုစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergei Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ဩဂုတ်လအတွင်းကျင်းပခဲ့သည့် နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲများ International Army Games -2018 သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တပ်မတော်မှ အရာရှိ၊ စစ်သည်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲများ International Army Games -2018 သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့၊ မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့၊ မြန်မာ့တပ်မတော်လက်ဖြောင့်သေနတ်ပစ်အသင်း၊ မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့၊ မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် စစ်သည်များအား လိုက်လံနှုတ်ဆက်စဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်သားများအား နိုင်ငံတကာ စစ်ဘက်အားကစားပြိုင်ပွဲများတွင် အတွေ့အကြုံရရှိစေရန်အတွက် ယခုကဲ့သို့ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ အဆင့်အတန်းမီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် လိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကြိုတင်လေ့ကျင့်စေခဲ့ကြောင်း၊ ယခုကဲ့သို့ စစ်ဘက်အားကစားပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် လေ့ကျင့်သားပြည့်ဝပြီး တိုက်ပွဲဝင်စွမ်းရည်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစစ်ဘက်အားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ အခက်အခဲများရှိသော်လည်း နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ခဲ့ပြီး နိုင်ငံတကာတပ်မတော်များက မိမိတို့တပ်မတော်ကို ချီးကျူးအသိအမှတ်ပြုကြကြောင်း၊ တပ်မတော်သားတိုင်းသည် မိမိတို့လက်နက်ကို ထိရောက်စွာ ပစ်ခတ်နိုင်ရမည်ဖြစ်သဖြင့် တင့်တပ်ဖွဲ့နှင့် လက်ဖြောင့် သေနတ်ပစ်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ထိုနည်းတူ စစ်တီးဝိုင်းအဖွဲ့အနေဖြင့်လည်း နိုင်ငံတကာစစ်တီးဝိုင်းများနှင့်တန်းတူ စွမ်းရည်ပြသနိုင်ခဲ့ကြောင်း၊ မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့အားစေလွှတ်ယှဉ်ပြိုင်စေခြင်းမှာလည်း မိမိတို့တပ်မတော်၏ ယဉ်ကျေးမှုနှင့် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းကို ပြသခဲ့ခြင်းဖြစ်ပြီး အဆင့်အတန်းမြင့်မြင့် ယှဉ်ပြိုင်နိုင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ယခုနိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲ International Army Games -2018 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယခုပြိုင်ပွဲမှ ရရှိခဲ့သည့် အတွေ့အကြုံများနှင့် မိမိတို့ပြိုင်ပွဲဝင်အသင်းများ၏ အားသာချက်၊ အားနည်းချက်များအား ပြန်လည်သုံးသပ်၍ နောင်လာမည့်ပြိုင်ပွဲများတွင်လည်း ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ စွမ်းရည်များ ပိုမိုတိုးတက်မြင့်မားရေးကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတကာစစ်ဘက်ဆိုင်ရာအားကစားပြိုင်ပွဲများ International Army Games -2018 သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇင်မင်းထက်က နိုင်ငံတကာဂီတပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာ့တပ်မတော်တင့်ကားတပ်ဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး ညီညီဝင့် ကလည်းကောင်း၊ မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ခင်ဇော်ဟိန်းက လည်းကောင်း၊ မြန်မာ့တပ်မတော်လက်ဖြောင့်သေနတ်ပစ်အသင်းကိုယ်စား အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ငွေးလွင်ဦးက လည်းကောင်း၊ မြန်မာ့တပ်မတော် ရိုးရာယဉ်ကျေးမှုအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဗိုလ်ရွှေမိမိအောင်က လည်းကောင်း ပြိုင်ပွဲအတွေ့အကြုံများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဖက်ရည်များဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ နိုင်ငံတကာစစ်ဘက်ဆိုင်ရာအားကစားပြိုင်ပွဲ International Army Games-2018 အားရုရှားနိုင်ငံတွင် Army Games အဖြစ် နှစ်စဉ် ကျင်းပလျက်ရှိပြီး ၂၀၁၅ ခုနှစ်မှစတင်၍ နိုင်ငံတကာမှတပ်ဖွဲ့ဝင်အသီးသီးကို ဖိတ်ခေါ်ပါဝင်ယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မြန်မာ့တပ်မတော်အနေဖြင့် ယခုနှစ်တွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် Tank Biathlon တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၂ နိုင်ငံတွင် အဆင့် ၁၆ တွင် ရပ်တည်နိုင်ခဲ့သည်။ မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့အနေဖြင့် ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ပြိုင်ပွဲအမျိုးအစား ၂၂ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားဆေးမှူးအထူး စွမ်းရည်ပြိုင်ပွဲတွင် အဆင့် ၂၊ အမျိုးသမီးဆေးမှူးအထူး စွမ်းရည်ပြိုင်ပွဲတွင် အဆင့် ၄၊ အမျိုးသမီးသူနာပြုအဖွဲ့လိုက်စစ်မြေပြင်လူနာ ကယ်ထုတ်ခြင်းပြိုင်ပွဲတွင် အဆင့် ၅ ရရှိခဲ့ပြီး အသက်ကယ်ပြုစုခြင်းဆိုင်ရာပြိုင်ပွဲတွင် မြန်မာနိုင်ငံနှင့် ရုရှားနှစ်နိုင်ငံသာ အမှားအယွင်းမရှိ ယှဉ်ပြိုင်နိုင်ခဲ့သည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအနေဖြင့် ဘီလာရုစ်နိုင်ငံတွင် ကျင်းပခဲ့သည့် International Army Games -2018 Sniper Frontier(Sniper Competition) ပြိုင်ပွဲပထမအဆင့်တွင် ပြိုင်ပွဲဝင်နိုင်ငံ ၁၈ နိုင်ငံတွင် အဆင့် ၁၁ ရရှိခဲ့သည်။ မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် နိုင်ငံတကာစစ်ဘက်ဆိုင်ရာတေးဂီတပွဲတော် International Military Tattoo -2018 တွင် ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ပြီး ပရိသတ်များက Voting စနစ်ဖြင့် နေ့စဉ်ပေးအပ်သည့် People Choice Award ရရှိမှုတွင် မြန်မာ့တပ်မတော် စစ်တီးဝိုင်းအဖွဲ့အနေဖြင့် ဩဂုတ် ၂၇ ရက်တွင်အဆင့် ၂၊ ၂၈ ရက်တွင် အဆင့် ၁၊ ၂၉ ရက်တွင် အဆင့် ၃ ရရှိခဲ့သည်။

အလားတူ မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့အနေဖြင့် နိုင်ငံတကာယဉ်ကျေးမှုအနုပညာပြပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စုံတွဲအက အကောင်းဆုံးဆု၊ စုံတွဲအတီး အကောင်းဆုံးဆု၊ အကောင်းဆုံးရိုးရာ ဝတ်စုံဆုတို့ကို ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရသိရသည်။ **သတင်းစဉ်**

ဩဂုတ်လအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၂၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၄၀၀၀ ကျော်အားခန့်ထားနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ဩဂုတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင်အနေဖြင့် ၆၃၄ ဦး၊ ပုဂ္ဂလိကအနေဖြင့် ၂၃၅၅၆ ဦး စုစုပေါင်း ၂၄၁၉၀ ဦး ဖြစ်ကြောင်း သိရသည်။

နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၃၃၁၀၊ စင်ကာပူနိုင်ငံသို့ ၆၈ ဦး၊ ကိုရီးယားနိုင်ငံသို့ ၄၉၉ ဦး၊ ထိုင်းနိုင်ငံသို့ ၁၉၇၂၀ ဦး၊ ဂျပန်နိုင်ငံသို့ ၅၄၅ ဦး ၊ယူအေအီးသို့ လေးဦး၊ ကာတာနိုင်ငံသို့ သုံးဦး၊ ဂျော်ဒန်နိုင်ငံသို့ ခုနစ်ဦး စုစုပေါင်း ၂၄၁၅၇ ဦးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလအတွင်း ရေဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုစာရင်းချုပ် (၁၀-၉-၂၀၁၈)နေ့

စဉ်	တိုင်းဒေသ	[illegible]		[illegible]		မျောပါ/ ပျက်စီး အိမ်ခြေ	စခန်း အရေ အတွက်	သေဆုံး	ဒဏ် ရာ ရ	ဝန်ကြီးဌာနမှ ထောက်ပံ့မှု(ကျပ်)							သဘာဝဘေး ရန်ပုံငွေမှ ထောက်ပံ့မှု	ဝန်ကြီးဌာန+ ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း	မှတ်ချက်
		အိမ်ထောင်စု	လူဦးရေ	အိမ်ထောင်စု	လူဦးရေ					ဆန်ဖိုးငွေ	အိမ်ထောင်/ ကျောင်း ထောက် ပစ္စည်း	အခြား	သေဆုံး	ဒဏ်ရာရ	ကယ်ဆယ် ပစ္စည်း (တန်ဖိုး)	ပေါင်း			
	စခန်းများ ပိတ်သိမ်းပြီး																		
၁	ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်			၁၅၈	၆၀၃			၁		၁၄၃၄၃၀၀			၃၀၀၀၀၀			၁၇၃၄၃၀၀		၁၇၃၄၃၀၀	
၂	ကယားပြည်နယ်			၄၄	၁၇၁			၁		၃၅၉၁၀၀						၃၅၉၁၀၀		၃၅၉၁၀၀	
၃	စစ်ကိုင်းတိုင်းဒေသကြီး			၄	၂၈					၄၂၀၀၀						၄၂၀၀၀		၄၂၀၀၀	
၄	တနင်္သာရီတိုင်းဒေသကြီး			၁၇၁၁	၈၅၄၃	၂၆	၁၉	၅		၁၇၀၀၁၃၀၀	၂၄၅၀၀၀၀	၁၀၂၄၀၀၀	၉၀၀၀၀၀		၇၁၄၅၇၀	၂၂၀၈၉၈၇၀		၂၂၀၈၉၈၇၀	
၅	မန္တလေးတိုင်းဒေသကြီး			၈	၃၃	၈				၆၂၄၀၀	၉၀၀၀၀၀				၂၉၈၀၇၇	၁၂၆၀၄၇၇		၁၂၆၀၄၇၇	
၆	ရန်ကုန်တိုင်းဒေသကြီး			၅၆၈	၂၃၆၇	၅	၁၀			၄၉၀၇၇၀၀	၁၂၀၀၀၀၀				၆၈၅၇၀၃၂	၁၂၉၆၄၇၃၂		၁၂၉၆၄၇၃၂	
၇	ရှမ်းပြည်နယ်	၇၈	၃၄၅	၂၂၇	၈၉၆		၃	၁		၂၈၁၆၀၀၀			၃၀၀၀၀၀		၅၆၄၃၅၁၀	၈၇၅၉၅၁၀		၈၇၅၉၅၁၀	
	ပေါင်း	၇၈	၃၄၅	၂၇၂၀	၁၂၈၀၉	၄၀	၃၂	၈		၂၆၆၂၂၈၀၀	၄၅၅၀၀၀၀	၁၀၂၄၀၀၀	၁၅၀၀၀၀၀		၁၃၅၁၃၁၈၉	၄၇၂၀၉၉၈၉		၄၇၂၀၉၉၈၉	
	စခန်းများဖွင့်လှစ်ဆဲ																		
၈	ကချင်ပြည်နယ်			၈၀၅	၃၈၇၉	၂	၈၂	၄		၅၃၂၈၄၃၀၀	၄၀၀၀၀၀	၅၇၄၃၂၀၀	၉၀၀၀၀၀		၁၁၀၆၇၀၈၆	၇၁၃၉၄၅၈၆	၁၀၀၀၀၀၀၀	၈၁၃၉၄၅၈၆	
၉	စစ်ကိုင်းတိုင်းဒေသကြီး			၈၄	၃၃၈		၁	၁		၇၃၀၈၀၀			၃၀၀၀၀၀		၈၅၂၆၀၀	၁၈၈၃၄၀၀		၁၈၈၃၄၀၀	
၁၀	ပဲခူးတိုင်းဒေသကြီး	၂၅၈၈၈	၁၁၇၆၁၁	၂၈၅၆၈	၁၄၄၆၁၅	၅၁၉	၃၀၇	၁၁		၃၅၉၁၂၂၆၀၀	၃၉၁၆၀၀၀၀	၆၆၀၄၄၀၇၂	၃၀၀၀၀၀၀		၁၉၉၄၁၁၅၆	၄၈၇၂၆၇၈၂၈	၁၅၃၁၀၀၀၀၀	၆၄၀၃၆၇၈၂၈	
၁၁	မကွေးတိုင်းဒေသကြီး			၃၈၆	၁၃၄၅	၅	၈	၃		၂၈၂၄၅၀၀	၁၆၀၀၀၀၀	၂၈၃၅၀၀	၉၀၀၀၀၀		၃၉၀၃၇၅	၅၉၉၈၃၇၅		၅၉၉၈၃၇၅	
၁၂	မွန်ပြည်နယ်	၃၂၅၇	၁၅၃၉၈	၄၄၃၀	၂၁၇၁၉	၈၇	၇၇	၆		၁၅၅၇၇၆၀၀	၅၃၅၀၀၀၀	၇၀၇၂၈၆၀	၁၈၀၀၀၀၀		၁၆၈၉၁၀၄၅	၄၆၆၉၁၅၀၅	၁၀၀၀၀၀၀၀	၅၆၆၉၁၅၀၅	
၁၃	ဧရာဝတီတိုင်းဒေသကြီး	၁၂၂	၅၂၆	၆၄၄	၂၄၇၀	၁၃၄	၂			၃၅၇၀၀၀၀	၈၅၀၀၀၀	၃၀၀၀၀			၄၄၄၃၉၀၀	၈၈၉၃၉၀၀		၈၈၉၃၉၀၀	
	ပေါင်း	၂၉၂၆၇	၁၃၃၅၃၅	၃၄၉၁၇	၁၇၄၃၆၆	၇၄၇	၄၇၇	၂၅		၄၃၅၁၀၉၈၀၀	၅၅၀၁၀၀၀၀	၈၄၁၇၃၆၃၂	၆၉၀၀၀၀၀		၅၂၅၈၆၁၆၂	၆၂၄၆၇၉၅၉၄	၁၇၃၁၀၀၀၀၀	၇၉၇၇၇၉၅၉၄	
	စုစုပေါင်း	၂၉၃၄၅	၁၃၃၈၈၀	၃၇၆၃၇	၁၈၇၁၇၅	၇၈၇	၅၀၉	၃၃		၄၆၁၇၃၂၆၀၀	၅၉၅၆၀၀၀၀	၈၅၁၉၇၆၃၂	၈၄၀၀၀၀၀		၆၆၀၉၉၃၅၁	၆၇၁၈၈၉၅၈၃	၁၇၃၁၀၀၀၀၀	၈၄၄၉၈၉၅၈၃	

မှတ်ချက်။ စခန်းပိတ်သိမ်းမှု အခြေအနေ

-ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိစခန်းများအားလုံး ပိတ်သိမ်းပြီးဖြစ်ပါသည်။

- စုစုပေါင်း စခန်း (၅၀၉)ခု ဖွင့်လှစ်ခဲ့သည့်အနက် (၄၅၈)ခု ပိတ်သိမ်းပြီးဖြစ်ပါသည်။

(၁၀-၉-၂၀၁၈)နေ့ရှိ စခန်းများ အခြေအနေ

- စုစုပေါင်း စခန်း(၅၁)ခုတွင် အိမ်ထောင်စု (၄၄၆၂)၊ လူဦးရေ(၁၈၅၃၃)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။

-ကချင်ပြည်နယ်တွင် စခန်း(၁၇)ခု အိမ်ထောင်စု (၂၃၀၃)၊ လူဦးရေ(၁၁၄၇၃)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။

- မွန်ပြည်နယ်တွင် စခန်း(၂)ခု အိမ်ထောင်စု (၈၉)၊ လူဦးရေ(၂၈၉)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။

- ပဲခူးတိုင်းဒေသကြီးတွင် စခန်း(၂၁)ခု အိမ်ထောင်စု (၁၂၇၃)၊ လူဦးရေ(၅၁၉၈)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။

- မကွေးတိုင်းဒေသကြီးတွင် စခန်း(၈)ခု အိမ်ထောင်စု (၃၈၆)၊ လူဦးရေ(၁၃၄၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။

-စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်း (၁)ခု အိမ်ထောင်စု (၈၄)၊ လူဦးရေ (၃၃၈)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။

-ဧရာဝတီတိုင်းဒေသကြီးတွင် စခန်း (၂)ခု အိမ်ထောင်စု (၃၂၇)၊ လူဦးရေ (၉၀၀)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။

■ ကာတာခြေစမ်းခရီးစဉ်

စက်တင်ဘာလတွင် နိုင်ငံတကာခြေစမ်းပွဲကစားခွင့် မရသော်လည်း အောက်တိုဘာလတွင် ကစားရန်စီစဉ်ထားသည့် ခြေစမ်းပွဲအနေအထားအရ အနည်းဆုံးခုနစ်ပွဲ ကစားမည်ဖြစ်ရာ ဆူဇူကီးဖလားပြိုင်ပွဲအတွက် လုံလောက်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် ခြေစမ်းပွဲကစားပြီးပါက ကာတာနိုင်ငံတွင် သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ထွက်ခွာကာ နိုဝင်ဘာ ပထမပတ်မှ ရောက်ရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မေလနောက်ပိုင်း အောက်တိုဘာလမှသာ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး လက်ရှိနည်းပြချုပ် အန်တွမ်နီဟေး အနေဖြင့် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတစ်ပွဲသာ ကိုင်တွယ်ရသေးသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကာတာဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်း ၁၀ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-စိုးညွန့်

❒ ဒုတိယသမ္မတမှ

မိနစ် ၅၀ တွင် ရောက်ရှိကြရာ ကူမင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Wei နှင့် တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ ခေတ္တတည်းခိုမည့် ကူမင်းမြို့ရှိ Empark Grand Hotel သို့ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

သတင်းစဉ်

»»» စာမျက်နှာ ၄ မှ

လိုအပ်ကြောင်း သဘောထားမှတ်ချက်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာအပိုင်း (၁)ကို ဌာနအချင်းချင်း ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ရန် သတ်မှတ်ထားသော စည်းကမ်းများအရ လိုက်နာဆောင်ရွက်ရန်နှင့် ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြရန်လိုအပ်ကြောင်း သဘောထားမှတ်ချက်နှင့် Thirt Party Inspection Program အတွက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အမြန်ဆုံးသတ်မှတ်ပြဋ္ဌာန်းပေးရန်လိုအပ်ကြောင်း၊ သဘောထားမှတ်ချက်တို့ကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ထုတ်နုတ်ပြုစုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လက်အောက်ဌာနများသို့ ထပ်ဆင့်ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြန်လည်ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ထပ်မံသိရှိလိုသည်များရှိပါက သက်ဆိုင်ရာလွှတ်တော်အလိုက် မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း မှာကြားသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် (၇/၂၀၁၈)နှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

မင်းမင်းဇော်၊ မွေးကြူဇင်(သတင်းစဉ်)

အိန္ဒိယနိုင်ငံ ပို့ဘလဲယားရှိ ယာယီထိန်းသိမ်းရေးစခန်းများမှ မြန်မာရေလုပ်သားများ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

အိန္ဒိယနိုင်ငံ ပို့ဘလဲယားရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကာလပြီးဆုံးပြီးနောက် ယာယီထိန်းသိမ်းရေးစခန်းများ (Open Distress Camp) တွင် ရောက်ရှိနေသူ ရေလုပ်သားများအနက် မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြု စိစစ်ပြီးဖြစ်သည့် ရေလုပ်သား ၁၁ ဦးတို့သည် မြန်မာနိုင်ငံမှ စေတနာရှင်များ၏ လေယာဉ်စရိတ်ကျခံပေးမှုဖြင့် ယမန်နေ့ ည ၉ နာရီ မိနစ် ၂၀ တွင် မြန်မာ့လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆို၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါအိန္ဒိယနိုင်ငံ ပို့ဘလဲယားအကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူများနှင့်ပတ်သက်၍ မြန်မာသံရုံး၊ နယူးဒေလီမြို့မှ သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းပြီး ကောင်စစ်ဆိုင်ရာတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသားစိစစ်ရန်အတွက် အချက်အလက်များ ကောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ နိုင်ငံသားမှန်ကန်ကြောင်း အတည်ပြုချက်ရရှိသူများအား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အပြင် ကူညီလိုသည့် စေတနာရှင်များနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သည်။

ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အိန္ဒိယနိုင်ငံ ပို့ဘလဲယားရှိ Open Distress Camp တွင် ထိန်းသိမ်းခံရသူ ရေလုပ်သားများအား မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ၂၇၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၁၃၃ ဦးနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၄၄ ဦးတို့အား ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နာဂဒေသ နန်းယွန်းမြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုထိန်းချုပ်နိုင်

လဟယ် စက်တင်ဘာ ၁၀

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရောဂါဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ ဩဂုတ် ၂၀ ရက်တွင် ဟခွန်းနုတ်ညိုကျေးရွာအုပ်စု ဝမ်ရုတ်ကျေးရွာ၌ နှာရည်ယို၊ ချောင်းဆိုး၊ အော့အန်ဖျားနာခြင်း၊ မျက်စိနီခြင်း ဖြစ်ပွားလျက်ရှိကြောင်း ကနဦးသတင်းအား နန်းယွန်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဒုံဟီးမြို့အုပ်ချုပ်ရေးမှူးထံမှ သိရှိရကြောင်း၊ ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရောဂါဖြစ်ပွားရာ ဟခွန်းနုတ်ညိုအုပ်စု ဝမ်ရုတ်ကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဩဂုတ် ၂၂ ရက်တွင် ဒုံဟီးတိုက်နယ်ဆရာဝန် ဒေါက်တာစိုင်းဟန်မိန်းဦးဆောင်သော အဖွဲ့အား စေလွှတ်၍ အဆိုပါ ဒေါက်တာစိုင်းဟန်မိန်းဦးဆောင်သော အဖွဲ့သည် ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ရောဂါဖြစ်ပွားရာ ကျေးရွာသို့ရောက်ရှိပြီး ဩဂုတ် ၂၂ ရက်တွင် ဝမ်ရုတ်ကျေးရွာ အမကကျောင်းရှိ ကျောင်းသား ကျောင်းသူနှင့် ကျေးရွာ ပြည်သူ စုစုပေါင်း ၁၃၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအမံဖြင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန္တာလင်းဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၄ ရက်တွင် နန်းယွန်းမြို့သို့ရောက်ရှိပြီး နန်းယွန်းမြို့နယ်ဆရာဝန် ဒေါက်တာသန်းထွန်းဝင်း ဦးဆောင်သော အဖွဲ့တို့နှင့်ပူးပေါင်း၍ ရောဂါဖြစ်ပွားရာ ကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ရာ ဩဂုတ် ၂၅ ရက်တွင် ဝမ်ရုတ်ကျေးရွာသို့ ရောက်ရှိခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရောဂါအဖြေသိရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါဖြစ်ပွားမှုအခြေအနေမှာ ရိုးရိုးအအေးမိခြင်း၊ ကြက်ညှာ ချောင်းဆိုးရောဂါဖြစ်သဖြင့် စိုးရိမ်ဖွယ်မတွေ့ရခြင်း၊ လူနာများ ရောဂါထပ်မံမဖြစ်ပွားမှုမရှိခြင်းတို့ကြောင့် ရောဂါဖြစ်ပွားရာကျေးရွာမှ ဒေါက်တာသန်းထွန်းဝင်း ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၇ ရက်တွင် နန်းယွန်းမြို့သို့ ပြန်လည်ထွက်ခွာလာပြီး မုံရွာသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

ရောဂါဖြစ်ပွားသည့် ဝမ်ရုတ်ကျေးရွာအနီးတစ်ဝိုက် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တပ်မတော်ဆေးကုအဖွဲ့ ၂၀ တို့သည် ဩဂုတ် ၂၈ ရက်တွင် လည်းကောင်း၊ နေပြည်တော်မှ ဆေးမှူး ဗိုလ်မှူးပြည့်ဖြိုးအောင်ဦးဆောင်သောအဖွဲ့ ၁၀ ဦးတို့သည် ဩဂုတ် ၃၀ ရက်တွင် လည်းကောင်း၊ ဒုံဟီးမြို့မှ ရောဂါဖြစ်ပွားရာ ကျေးရွာသို့ သွားရောက်၍ ဆေးကုသမှုပေးခဲ့ရာ စိုးရိမ်ဖွယ်မရှိကြောင်း သိရှိရသည်။

ထို့နောက် ဩဂုတ် ၃၀ ရက်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်၊ နန်းယွန်းပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာထွန်းထွန်းနိုင်နှင့်အဖွဲ့ဝင် နှစ်ဦးအပါအဝင် ရှန်ဟဲကျေးရွာအုပ်စု လန်းပန်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ကျေးရွာပြည်သူများအား ကျန်းမာရေးစစ်ဆေးဆေးကုသပေးရာ စုစုပေါင်းလူနာ ၆၄ ဦးကုသပေးခဲ့ပြီး ရောဂါလက္ခဏာမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာချေခြင်း၊ အော့အန်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါရောဂါကြောင့် ရှန်ဟဲနုတ်ညိုကျေးရွာအုပ်စု လန်းပန်းကျေးရွာတွင် ဩဂုတ် ၂၅ ရက်တွင် မောင်ယန်းတော့ အသက် ၁၀ နှစ်(အဘ) ဦးနာတော့၊ ဩဂုတ် ၂၆ ရက်တွင် မနော်နဲ အသက် ၃ နှစ်(အဘ) ဦးကူဝမ်း၊ ဩဂုတ် ၂၈ ရက်တွင် မတောနော အသက် ၂၈ နှစ် (အဘ) ဦးမောယွမ်း၊ စက်တင်ဘာ ၂ ရက်တွင် မမီယော အသက် ၁ နှစ် ၄ လ (အဘ)ဦးကေးပန်းနှင့် ရှန်ဟဲနုတ်ညိုကျေးရွာအုပ်စု ရှန်ဟဲပေါ်ကွန်ကျေးရွာမှ စက်တင်ဘာ ၇ ရက်တွင် မောင်ရှမ်းနောင် အသက် တစ်လ (အဘ) ဦးရှောင်ပုန်း စုစုပေါင်း ငါးဦး သေဆုံးခဲ့ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

၎င်းရောဂါဖြစ်ပွားရာ ကျေးရွာများသို့ လွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်၊ ဒုံဟီးမြို့အုပ်ချုပ်ရေးမှူး ဦးစိုးမင်းနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစိန်မြင့်(ကြီးကြပ်) အပါအဝင် ရှစ်ဦး သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရောဂါဖြစ်ပွားခဲ့သော လန်းပန်းကျေးရွာအတွက် ဆန်အိတ် ၃၈ အိတ်၊ ဟခွန်းနုတ်ညိုကျေးရွာအုပ်စုရှိ ဝမ်ရုတ်ကျေးရွာအတွက် ဆန်အိတ် ၃၀ အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သဘာဝဘေးအရန်ဆန်မှ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ယခုဖြစ်ပွားနေသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဒုံဟီးမြို့ လန်းပန်းကျေးရွာနှင့် ရှန်ဟဲပေါ်ကွန်ကျေးရွာဖြစ်ပွားမှုအခြေအနေမှာ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ထပ်တိုးဦးရေ မရှိပါကြောင်း၊ သာမန်ဆေးခန်းလာရောက်ပြသသူများအား ကျန်းမာရေးဆေးကုအဖွဲ့က ဆက်လက်ကုသပေးလျက်ရှိကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ နောက်ဆုံး သတင်းထုတ်ပြန်ချက်အရ သတင်းရရှိသည်။

ရှားဆက်(လဟယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ရပ်ဝန်းနှင့်လမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ -တရုတ်ချစ်ကြည်ရေးအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအို- မြန်မာချစ်ကြည်ရေးအသင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ရပ်ဝန်းနှင့်လမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာမျိုးညွန့်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မူဝါဒများအကြောင်း၊ တရုတ်နိုင်ငံလူမှုသိပ္ပံကျောင်း၊ အာရှ-ပစိဖိတ်နှင့်ကမ္ဘာလုံးဆိုင်ရာနည်းဗျူဟာသုတေသနကျောင်း သုတေသနအဖွဲ့ဝင်ပါမောက္ခ Mr.Xu Liping က One Belt One Road (OBOR) နည်းဗျူဟာ၊ တရုတ်နိုင်ငံရှိ အန်းလူငယ်လုပ်ငန်းရှင်များအသင်း ပါမောက္ခ Mr.Bai Shanwen က One Belt One Road နည်းဗျူဟာမိတ်ဆက်၊ တရုတ်နိုင်ငံမကာအို အထူးအုပ်ချုပ်ရေးဒေသ ပညာရေးဖောင်ဒေးရှင်းမှ ဒေါက်တာ He ONG Tou Hong က ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ပင်လယ်ကမ်းရိုးတန်းဒေသကြီးနှင့် မြန်မာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများအကြောင်း၊ မကာအို-မြန်မာကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါက်တာ Tin Wong က မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာနှင့် ကြိုတင်ပြင်ဆင်ထားသင့်သောအချက်အလက်များ စသောခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

OBOR စီမံကိန်းကို ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်မှ ခေါင်းဆောင်များက ထောက်ခံခဲ့ပြီး ၁၅-၅-၂၀၁၇ ရက်နေ့တွင် ပီကင်းမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ စီမံကိန်းကို ထောက်ပံ့ရန်အတွက် AIIB ဘဏ်ကို ထူထောင်ခဲ့ပြီး အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေးစီမံကိန်းများကို လိုအပ်သလို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခါ OBOR စီမံကိန်းလမ်းကြောင်းတွင် နိုင်ငံပေါင်း ၅၆ နိုင်ငံရှိပြီး စီးပွားရေးစီမံကိန်း ၁၁၈ ခု ထူထောင်ရန် လျာထားပြီး ယနေ့အထိနိုင်ငံပေါင်း ၂၃ နိုင်ငံတွင် စီးပွားရေးနှင့်ကုန်သွယ်ရေးဇုန် ၇၇ ခု လုပ်ငန်းစတင်နေပြီဖြစ်ရာ မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ မကာအို-မြန်မာချစ်ကြည်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတာဝန်ရှိသူများ၊ မြန်မာနှင့်တရုတ် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ စုစုပေါင်း အင်အား ၃၀၀ ခန့်တက်ရောက်ကာ One Belt One Road နှင့်ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးကြကြောင်း သိရသည်။

မြင့်မောင်စိုး

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသော အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရအသစ် စတင်တာဝန်ယူဆောင်ရွက်စဉ်အချိန်မှစပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပါကြောင်း။

တည်ငြိမ်အေးချမ်းမှုရရှိစေရန် ရေရှည်ပဋိပက္ခ ကင်းဝေးရေးသည် အရေးကြီးပါကြောင်း၊ ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် အစိုးရအနေဖြင့် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူနှင့် အနီးစပ်ဆုံးဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးရန်လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများကလည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်၍ ဌာနဆိုင်ရာများ ပါဝင်ဆွေးနွေးရန် လိုအပ်ခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၊ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆွေးနွေးမှုသည်လည်း အရေးကြီးပါကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အောင်မြင်ရန် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲများကို လေးလတစ်ကြိမ်ဆောင်ရွက်လျက်ရှိရာ ယခင်ဆွေးနွေးပွဲရလဒ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများ ပြန်လည်သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက် ဆောင်ရွက်နေမှုများနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့က ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်ရှိ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက အကြံပြုဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ သဘောထားထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန
ကြေညာချက်အမှတ်၊ ၁/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)
နန်းမိုဟွမ်အား "တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) မှ ဖမ်းဆီးထားမှုနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက်"

၁။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ ဟိုနောင်ရပ်ကွက်နေ နန်းမိုဟွမ်အား ၁၇-၈-၂၀၁၈ ရက်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) မှ အဓမ္မဖမ်းဆီးခေါ်ဆောင်ထိန်းသိမ်းထားကြောင်း သိရှိရပါသည်။

၂။ အပြစ်မဲ့ပြည်သူအား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် ဥပဒေမဲ့လုပ်ရပ်ဖြစ်ပြီး နိုင်ငံတော်အစိုးရက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို များစွာထိခိုက်စေပါသည်။

၃။ သို့ပါ၍ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) က ဖမ်းဆီးထားသော အပြစ်မဲ့ပြည်သူ နန်းမိုဟွမ်အား အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် မည်သည့်လုပ်ရပ်ကိုမဆို ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၀

စစ်တောင်းမြစ်

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

အင်းလေးကန်အား ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းခံရ

နေပြည်တော် စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ မြန်မာနိုင်ငံ၏ အထင်ကရ အင်းလေးကန်အား ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးကွန်ဗင်းရှင်းက ဩဂုတ် ၁၀ ရက်တွင် မြန်မာနိုင်ငံ၏ ငါးခုမြောက် နိုင်ငံတကာအရေးပါသည့် ရေဝပ်ဒေသ သို့မဟုတ် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ (Wetland of International Importance- Ramsar Site) (Site No. 2356) အဖြစ် တရားဝင်အသိအမှတ်ပြု သတ်မှတ်လိုက်ကြောင်း အဆိုပါကွန်ဗင်းရှင်း၏ အင်တာနက်စာမျက်နှာတွင် စက်တင်ဘာ ၇ ရက်က ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေအိုင်ကြီးတစ်ခုဖြစ်ပြီး ထူးခြားသည့် ရေဝပ်ဒေသဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ တည်ရှိနေမှု၊ ဆောင်းခိုငှက်များ ကျရောက်ကျက်စားမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝမှုတို့ကြောင့် ထင်ရှားသည့် ရေအိုင်ကြီးတစ်ခုဖြစ်သည်။ အင်းလေးကန်ကို ရေဝပ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်ရည်ရွယ်ချက်ဖြင့် ၁၉၈၅ ခုနှစ်တွင် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟူ၍ အင်းလေးကန်နှင့် စကားအင်း၊ မိုးဗြဲရေလှောင်တမံတို့ အပါအဝင် စုစုပေါင်းဧရိယာအကျယ်အဝန်း ၁၃၁၈၈၇ ဒသမ ၇၇ ဧက၊ စတုရန်းမိုင် ၂၀၆ ဒသမ ၀၇ မိုင်ကို အမိန့်ထုတ်ပြန်ကြေညာခဲ့ပြီး သတ်မှတ်ကာကွယ်ထိန်းသိမ်းထားရှိသည်။ အင်းလေးကန်သည် နိုင်ငံတကာအဆင့် ထိန်းသိမ်းရေးနယ်မြေများအဖြစ်လည်း ၂၀၀၃ ခုနှစ်တွင် အာဆီယံ အမွေအနှစ်ဥယျာဉ် (ASEAN Heritage Park)၊ ၂၀၀၄ ခုနှစ်တွင် အရေးပါသည့်ငှက်မျိုးစိတ်နှင့် ဇီဝမျိုးစုံမျိုးကွဲနယ်မြေ (Important Bird and Biodiversity Area-IBA)၊ ၂၀၁၅ ခုနှစ်တွင် ယူနက်စကို၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ်(UNESCO Man and the Biosphere Reserve Programme-MAB) တွင်ပါဝင်သည့် ဇီဝအဝန်းနယ်မြေ (Biosphere Reserve) တို့အဖြစ် သတ်မှတ်ခံထားရပြီးဖြစ်သည်။

ယခု ထပ်မံအတည်ပြုသတ်မှတ်ခံရသည့် နိုင်ငံတကာအရေးပါသည့်ရေဝပ်ဒေသ (ရမ်ဆာထိန်းသိမ်းရေးနယ်မြေ)သည် အင်းလေးကန်ကြီးအတွင်းရှိ ငှက်မျိုးစိတ်များ၊ ငါးမျိုးစိတ်များ အဓိကပေါက်ပွားရာ နေရင်းဒေသနှင့် ဆောင်းခိုငှက်များ ကျရောက်ကျက်စားရာ နယ်မြေများပါဝင်နေသည့် ညောင်ရွှေမြို့နယ်အပိုင်း အင်းလေးကန်ရေပြင်ဧရိယာနှင့် သဘာဝကျွန်းမျော ဧရိယာများပါဝင်ပြီး စုစုပေါင်းဧရိယာ ၁၄၃၂၆ ဒသမ ၁၈ ဧက၊ ၅၇၉၇ ဒသမ ၆ ဟက်တာကို ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အင်းလေးကန်ရမ်ဆာ ထိန်းသိမ်းရေးနယ်မြေကို ရမ်ဆာကွန်ဗင်းရှင်းမှ သတ်မှတ်ထားသည့် ရမ်ဆာထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ စံသတ်မှတ်ချက်ကိုးချက်အနက် ခြောက်ချက်နှင့်ကိုက်ညီကြောင်း၊ မြန်မာနိုင်ငံအတွက်သာမက နိုင်ငံတကာအဆင့် အရေးပါသည့် ရေဝပ်ဒေသ ထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်ကြောင်းတို့ကို သစ်တောဦးစီးဌာနမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ ဒေသခံများ၏ သဘောတူညီချက်ဖြင့် ရမ်ဆာကွန်ဗင်းရှင်းသို့ ၂၀၁၇ ခုနှစ် ဇွန်လတွင် စတင်အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ အဆိုပြုတင်ပြချက်အပေါ် ရမ်ဆာကွန်ဗင်းရှင်း၏ သက်ဆိုင်ရာ ကျွမ်းကျင်သူများကစိစစ်ပြီး အတည်ပြုလက်ခံသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် တရားဝင်အနေဖြင့် ၎င်းတို့၏ အင်တာနက်စာမျက်နှာတွင် မြန်မာနိုင်ငံ၏ ငါးခုမြောက် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ (Site No. 2356) အဖြစ် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ စုစုပေါင်း ငါးခုအထိ သတ်မှတ်ခံထားရပြီးဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်း၊ ၂၀၁၆ ခုနှစ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန်၊ ၂၀၁၇ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်းနှင့် မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်အပိုင်း) တို့ကို သတ်မှတ်ထားခံရပြီးဖြစ်သည်။

ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေများသည် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကိုသာမက ဒေသခံပြည်သူများအတွက် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်မှုတို့အတွက် အရေးပါမှုတို့ကို စံသတ်မှတ်ချက်ကိုးချက်နှင့် သတ်မှတ်ထားရှိပြီး ရေရှည်တည်တံ့စေရေးကို သက်ဆိုင်ရာ နိုင်ငံအစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ပူးပေါင်းစီမံအုပ်ချုပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ထူးခြားကောင်းမွန်သည့် ရေဝပ်ဒေသ ဂေဟစနစ်ကိုကိုယ်စားပြုသည့် နယ်မြေများစွာရှိပြီး ကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုကို ဆန်းစစ်၍ ဆက်လက်အဆိုပြုတင်ပြသွားရန် သစ်တောဦးစီးဌာနက စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၄/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ(၈) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်နေ ဆန်းမင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၉-၂၀၁၈ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ ပါရမီကားဝင်းအနီး လမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်းစိစစ်နေစဉ် 6G/3981 Toyota Calidina ယာဉ်ပေါ်မှ ဆန်းမင်း (၃၅)နှစ်၊ (ဘ)ဦးသံချောင်း၊ အမှတ် (၈၉)၊ ခေမာ(၇)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပနေသူအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ICE တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ) မယ(ပ)၄၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သတင်းပတ်(၅)ခု၌ အမှု(၁၉)မှုတွင် တရားခံကျား (၁၉)ဦး၊ မ(၁)ဦး၊ ပေါင်း(၂၀)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း တင်ပြပြီး/သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၇-၉-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းမိအမှုမှ ကွင်းဆက်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်၊ (၃၈)မိုင်၊ ဖောင်းဆိုင်ရွာသစ်ကျေးရွာနေ ရောဆယ် (ခ)လမိုင်းနော် (၅၃)နှစ်၊ (ဘ)ဦးရော်ချောက်ချောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၉၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မန်ဖာရွာနေ မြင့်ဌေး၊ ဆောပကကျေးရွာနေ ရန်ခိုဆေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၄-၉-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ မန်ဖာကျေးရွာနေ မြင့်ဌေး (၄၂)နှစ်၊ (ဘ)ဦးသိန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဦး (၄၀)နှစ်၊ (ဘ)ဦးကြံရတို့အား နေအိမ်အတွင်းမှ ဘိန်းမည်းများ၊ ခတ်ပုံတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(ထမံသီ) မယ(ပ)၂၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ဟုမ္မလင်းမြို့နယ်၊ ဆောပကကျေးရွာနေ ရန်ခိုဆေး (၄၁)နှစ်၊ (ဘ)ဦးပေါင်ခိုလွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းဖြူများ၊ ဘိန်းစိမ်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား နမစ(ထမံသီ) မယ(ပ)၂၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၄	ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်းမြောက်ရပ်ကွက်၊ ဇိုင်းမြောက်(၅) လမ်းနေ မသဲစုသည် မူးယစ်ဆေးဝါးများအား ဆိုင်ကယ်ဖြင့် လိုက်လံဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂-၉-၂၀၁၈ ရက်နေ့တွင် ပဲခူးမြို့၊ ဇိုင်းမြောက်ရပ်ကွက်၊ ဇိုင်းမြောက်(၅)လမ်း၊ အမှတ်(၂၁၁)နေ မသဲစုကြည် (ခ) သဲစု (၃၀)နှစ်၊ (ဘ) ဦးစိုးသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ BGO/16479 Honda Scoopy I ဆိုင်ကယ် (၁) စီးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား နမစ(၂) (ပဲခူး)မယ(ပ)၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ရောင်းချသူများ အများအပြားရှိနေပြီး ကလေးများလည်း သုံးစွဲနေကြကြောင်း သတင်းပေးပို့ခြင်း။	၃-၉-၂၀၁၈ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ်(၁၀၉)နေ ပြည့်ဖြိုးပိုင် (ခ)ပိုင်ကြီး (၂၃)နှစ်၊ (ဘ)ဦးမောင်အေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဝေဘာဂီ) မယ(ပ) ၄၈/၂၀၁၈၊ မူး/စိတ် ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ထမံသီကျေးရွာတွင် နေထိုင်သော ဒေါ်မိုးမိုးစံ၊ ဦးကျားမောင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။	၂-၉-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ထမံသီကျေးရွာနေ ကျားမောင် (၃၂)နှစ်၊ (ဘ)ဦးမောင်အဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ထမံသီ) မယ(ပ) ၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၎င်းကျေးရွာနေ မမိုးမိုးစံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ မြတ်စိုးဝင်း (၃၀) နှစ်၊ (ဘ)ဦးစံမောင်ကို ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မြတ်စိုးဝင်းအား နမစ(ထမံသီ) မယ(ပ)၁၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။
၇	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ လက်ပန်ကျေးရွာ၊ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၇) ရပ်ကွက်တို့တွင် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂-၉-၂၀၁၈ ရက်နေ့တွင် ကျောက်ဆည်မြို့နယ်၊ လက်ပန်ကျေးရွာ၊ ရပ်ကွက်(၁)နေ စိုးနိုင် (ခ)ဖွဲလုံး (၃၀)နှစ်ခန့်၊ (ဘ) ဦးရှစ်ဒါမတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ နေအိမ်ခြံဝင်း ခြံစည်းရိုးချုံပုတ်အတွင်းရှိ အဖြူရောင် ကြွပ်ကြွပ်အိတ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းအား မမစ(ကျောက်ဆည်) မယ(ပ) ၉၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းကျေးရွာ၊ ရပ်ကွက်(၈)ရှိ မဆိုဖီယာ (၃၅)နှစ်၊ (ဘ) ဦးဟာရှင်ဘိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းအား မမစ (ကျောက်ဆည်) မယ(ပ) ၉၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းကျေးရွာ၊ ရပ်ကွက်(၇)ရှိ ဦးကိုလေးနှင့် ဇနီး ဒေါ်ခင်မေဝင်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဒေါ်ခင်မေဝင်းအား တွေ့ရှိခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ ဦးကိုလေး (၅၃)နှစ်၊ (ဘ)ဦးညီမောင်အား 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဦးကိုလေးအား မမစ (ကျောက်ဆည်) မယ(ပ) ၁၀၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းကျေးရွာ၊ ရပ်ကွက်(၇)အတွင်း ဇော်ဂျီရေမြောင်းဘေး၌ မြင့်လွင်ဦး (၂၀)နှစ်၊ (ဘ)ဦးခင်မောင်မြင့်အား စိစစ်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ (ကျောက်ဆည်) မယ(ပ)၁၀၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းကျေးရွာ၊ ရပ်ကွက်(၇)ရှိ ဇော်မင်းထွန်း (ခ)မိုဟာမက်အလီ (၃၄)နှစ်၊ (ဘ) ဦးဒွလ်မာပ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ (ကျောက်ဆည်) မယ(ပ)၁၀၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။
၈	တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအူတောင်ကျေးရွာနေ ရှာလမူဒင်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၉-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ မအူတောင်ကျေးရွာနေ ရှာလမူဒင်(ခ) ဝင်းကိုကို (၄၂)နှစ်၊ (ဘ) ဦးမတ်ရှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ သားဖြစ်သူ မောင်နေသူလွှမ်း (ခ)ဆီလာ (၂၁)နှစ်အား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ နေအိမ်နောက်ဘက် စင်ပေါ်မှ ဘိန်းစာမှုန့်တို့နှင့်အတူ ကနဦး ဖမ်းဆီးရမိခဲ့ပြီး ရှာလမူဒင် (ခ) ဝင်းကိုကိုအား ၈-၉-၂၀၁၈ ရက်နေ့တွင် ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦး အား နမစ(ရှော်တောမော်) မယ(ပ)၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၉	မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ရွာများတွင် မူးယစ်ဆေးဝါးများကို ရောင်းချနေပြီး ရွာထဲရှိ ကျောင်းသား၊ လူငယ်/လူရွယ် အများစုမှာ ဆေးပြားသုံးစွဲခြင်း၊ ဆေးရှူခြင်း အစရှိသော အရာများကို သုံးစွဲနေကြကြောင်း သတင်းပေးပို့ခြင်း။	၃-၉-၂၀၁၈ ရက်နေ့တွင် မုဒုံမြို့နယ်၊ တော်ကူးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေသူမှာ ပြည့်ဖြိုးနိုင် (ခ) ငဖြိုး (ဘ)ဦးစောနိုင်၊ အမှတ် (၄၂၈)၊ အလယ်ပိုင်းရပ်၊ ညောင်ကုန်းကျေးရွာနေသူဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ညောင်ကုန်းကျေးရွာရှိ ပြည့်ဖြိုးနိုင် (ခ)ငဖြိုး (၂၃) နှစ်၊ (ဘ) ဦးစောနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်၏ နောက်ဘက် ဂိုဒေါင်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မုဒုံ) မယ(ပ) ၁၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၁၀	စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ ဦးဆန်းဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၉-၂၀၁၈ ရက်နေ့တွင် ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ ဆန်းဝင်း (၅၃)နှစ်၊ (ဘ)ဦးပေါလူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ) ၁၂၁/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၁	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာနေ မြင့်လွင်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃-၉-၂၀၁၈ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ကွန်းချောင်းရွာသို့ သွားရောက်စဉ် အလယ်ရွာနှင့် ပွဲစားမိတ်ရွာကြား လူ(၂)ဦး စီးနင်းလာသော ဆိုင်ကယ်(၁)စီးအား စစ်ဆေးရာ ၎င်းလူ (၂)ဦးမှာ ဆိုင်ကယ်အား ထား၍ တောအတွင်း ထွက်ပြေးသွားခဲ့ပြီး ဆိုင်ကယ်အနီးရှိ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူများ၊ စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရှိ သိမ်းဆည်းရမိသဖြင့် မမစ(မဘိမ်း) မယ(ပ) ၈၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ဆက်လက်၍ မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာရှိ မြင့်လွင် (၄၀)နှစ်၊ (ဘ)ဦးထွေးမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း)မယ(ပ) ၇၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။

စာမျက်နှာ ၁၀ သို့ ❖

အချောထည်စျေးကွက်ဖြစ်ဖို့ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အခွင့်အလမ်းလည်းရှိတယ်၊ စိန်ခေါ်မှုတွေလည်းရှိတယ်

ဦးဇော်ဘိုခန့်

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးခင်လတ်ကြီး (ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန)၊ ဒေါက်တာရဲမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)၊ ဦးအောင်ညွှန့်သိန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးထွန်းလင်းရှိန် (မန်နေဂျင်းဒါရိုက်တာ၊ မြောက်ကျွန်းသူမမ သတ္တုတူးဖော်ရေးကုမ္ပဏီ) နှင့် ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-

ရှင်မင်းနှင့် အဖွဲ့

ဒေါက်တာရဲမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်) ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးခင်လတ်ကြီး (ညွှန်ကြားရေးမှူးချုပ်) သတ္တုတွင်းဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ) (မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)

ဦးအောင်ညွှန့်သိန်း (ဦးဆောင်ညွှန်ကြားရေးမှူး) (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ယမန်နေ့မှအဆက်)

အစီအစဉ်မှူး။ ။ ဓာတ်သတ္တု DG ကိုပဲ မေးခွန်း မေးမြန်းခြင်းနဲ့ စတင်ကြပါမယ်။ ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဘယ်လိုချိတ်ဆက် ဆောင်ရွက်နေတယ်။ ဘယ်လိုလုပ်ဆောင်နေတယ်ဆိုတာကို သိချင်ပါတယ်။

ဒေါက်တာရဲမြင့်ဆွေ။ ။ ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘူမိသိပ္ပံဆိုင်ရာ ဘာသာရပ်တွေ၊ ဓာတ်သတ္တုရှာဖွေရေးနဲ့ စမ်းသပ်ရေးဆိုင်ရာ ဘာသာရပ်တွေနဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းနဲ့ ကျွန်တော်တို့ ချိတ်ဆက်ဆောင်ရွက်နေတာတွေ ရှိပါတယ်။ လက်ရှိအနေနဲ့ ကျွန်တော်တို့က ကိုရီးယားသမ္မတနိုင်ငံ Korea Institute of Geosciences and Mineral Resources ဆိုတာနဲ့ ပူးပေါင်းပြီးတော့ ချင်းပြည်နယ် တီးတိန်မြို့နယ် ဘိုပီဘွန်းတောင်ဒေသမှာရှိတဲ့ ခရိုမိုက်သတ္တုသိုက်ဖြစ်ထွန်းမှုတွေကို အသေးစိတ်သုတေသနပြုလေ့လာနေပါတယ်။ သုံးနှစ် ရှိပါပြီ။ Japan Oil, Gas and Metals National Corporation (JOGMEC) လို့ ခေါ်တဲ့အဖွဲ့နဲ့ ပေါင်းစပ်ပြီး ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုတွေနဲ့ပတ်သက်တဲ့ သုတေသနပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နေပါတယ်။

အာဆီယံနိုင်ငံတွေအားလုံး

ကျွန်တော်တို့ မနှစ်က ပရောဂျက်တစ်ခုပြီးသွားပါပြီ။ Geological Survey of Finland နဲ့ ပေါင်းစပ်ပြီး သူတို့ရဲ့အကူအညီကိုယူပြီးတော့ ကျွန်တော်တို့ ဘူမိဗေဒမြေပုံတွေ Digital format နဲ့ ရေးဆွဲရေးတွေ၊ Geology mineral resources data တွေကို ကျွန်တော်တို့ GIS base data system တည်ဆောက်ရေးတွေအတွက် လေ့ကျင့်ရေးအစီအစဉ်တွေ ဆောင်ရွက်ပေးတာရှိပါတယ်။ ဒ့ါအပြင် JICA နဲ့ ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံတည်းတော့မဟုတ်ဘဲ အာဆီယံနိုင်ငံတွေအားလုံးပါဝင်တဲ့ mineral resources website data base စနစ်အတွက် training program resources တွေနဲ့ mineral information တွေ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မျှဝေဖို့ စနစ်တွေအတွက် Workshop တွေကို ကျွန်တော်တို့ ကျင်းပတယ်။

သုတေသန လေ့လာမှု

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံး ကျွန်တော်တို့ အရှေ့တောင်အာရှမှာရှိတဲ့ ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ လာအို နိုင်ငံငါးနိုင်ငံရဲ့ နယ်စည်းမခြား သတ္တုသိုက်တွေ၊ ဆက်နွှယ်မှုတွေနဲ့ ဘူမိဗေဒဆက်စပ်မှုတွေကို တာချီလိတ်ဘက် ရှမ်းအရှေ့မှာ ပေါင်းစပ်ပြီး သုတေသနလေ့လာမှုတွေရှိခဲ့ပါတယ်။

လက်ရှိ ၂၀၁၈ ခုနှစ်မှာ ထိုင်းနိုင်ငံရဲ့ ဓာတ်သတ္တုအရင်းအမြစ်ဌာနနဲ့ပေါင်းစပ်ပြီး ကျောက်မျက်ဖြစ်ထွန်းမှုသုတေသနတွေ ပူးပေါင်းဆောင်ရွက်တယ်။ ဘူမိသိပ္ပံဘာသာရပ်အနေနဲ့ ငလျင်နဲ့ပတ်သက်တဲ့ လေ့လာမှုတွေကို မြန်မာပြည်ထဲမှာပဲ သုတေသန လာရောက်လုပ်ပြီးတော့မှ ပူးပေါင်းဆောက်ရွက်နေတာတွေ ရှိပါတယ်။

အစီအစဉ်မှူး။ ။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဟာ အရေးပါတဲ့ကဏ္ဍတစ်ရပ်ဖြစ်တဲ့အပြင် အဲဒီတွင်းထွက်သယံဇာတတွေ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းတွေနဲ့ ပတ်သက်လို့လည်း ပွင့်လင်းမြင်သာဖို့ တကယ်အရေးကြီးတယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ဓာတ်သတ္တုကဏ္ဍနဲ့ပတ်သက်ပြီးတော့ တွင်းထွက်သယံဇာတတွေ တူးဖော်ထုတ်လုပ်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအတွက် EITI အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းတွေကိုလည်း ပြည်သူတွေ သိအောင်ရှင်းပြပေးပါဦး။

ဦးခင်လတ်ကြီး။ ။ သတ္တုကဏ္ဍအနေနဲ့ သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွေကို ပွင့်လင်းမြင်သာမှု EITI လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ ၂၀၁၄ ခုနှစ်မှာ ၄၅ နိုင်ငံမြောက် အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်လာခဲ့ပြီး တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် ၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးအပါအဝင် ဝန်ကြီး လေးဦးနဲ့ ဦးဆောင်ကော်မတီဖွဲ့စည်းခဲ့ပါတယ်။ ပြီးတော့ အကောင်အထည်ဖော်ဖို့အတွက် လုပ်ငန်းကော်မတီတွေနဲ့ အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်အဖွဲ့အစည်းတွေပါတဲ့ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းပြီးတော့ EITI လုပ်ငန်းတွေကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွေကို ဒုတိယအကြိမ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နဲ့ တတိယအကြိမ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွေမှာ သတ္တုကဏ္ဍနဲ့ ကျောက်မျက်ကဏ္ဍတွေကနေ နိုင်ငံတော်အတွက်ရရှိတဲ့ အခွန်ဘဏ္ဍာအချက်အလက်တွေကို ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ မြန်မာနိုင်ငံ EITI Board အဖွဲ့ကို တင်ပြထားပြီးဖြစ်ပါတယ်။

ပြန်လည်ဆန်းစစ်

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းမှာတော့ EITI Board အဖွဲ့မှာပါရှိတဲ့ တာဝန်ရှိသူတွေကိုယ်တိုင် မြန်မာနိုင်ငံကိုလာပြီးတော့ ကျွန်တော်တို့ တင်သွင်းထားတဲ့ အစီရင်ခံစာအပေါ်မှာ ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါပြီ။ ဒီဆန်းစစ်ခြင်းရဲ့ ရလဒ်တွေအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံဟာ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မှာ ဖြစ်ပါတယ်။

> ဥပဒေ၊ နည်းဥပဒေ ရေးဆွဲတာကအစ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်တဲ့နေရာကစပြီး ပြန်ပြောမယ်ဆိုရင် တစ်ဦးချင်းရော အလေ့အကျင့်ကောင်းတွေဖြစ်ဖို့ လိုတယ်။ ကြီးကြပ်စီမံခန့်ခွဲတဲ့ ပုဂ္ဂိုလ်တွေကလည်း လုပ်ငန်းခွင်တွေမှာ ဥပဒေမဲ့ပြုတဲ့ အပြုအမူတွေ၊ လူအုပ်နဲ့ အနိုင်ကျင့်တဲ့အပြုအမူတွေကို လျှော့ပါးသွားအောင်လည်း ကြီးကြပ်ပေးသင့်တယ်

အစီအစဉ်မှူး။ ။ ကျောက်မျက်ရတနာ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းအပိုင်းမှာ ဒီလို တူးဖော်ထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားတွေအကျိုးကို ပိုမိုပြီးတော့ တိုးတက်ဖြစ်ထွန်းအောင် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။

ဦးဇော်ဘိုခန့်။ ။ ကျောက်မျက်ရတနာဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် လက်ဆောင်မွန် ဖြစ်ပါတယ်။ အဲဒီကဏ္ဍမှာ ပါဝင်ပတ်သက်တဲ့သူတွေက အရေးကြီးပါတယ်။ ပါဝင်ပတ်သက်တဲ့သူဆိုတာက ဥပဒေပြုတဲ့သူကစပြီး နောက်ဆုံး တူးဖော်ပြီး မိုင်းတွေပိတ်သိမ်းတဲ့အဆင့်အထိ ပါဝင်ပတ်သက်နေတဲ့ သူတွေအားလုံးက အရေးကြီးပါတယ်။ ဥပဒေပြုတဲ့ပုဂ္ဂိုလ်တွေကလည်း လိုက်လျောညီထွေဖြစ်သွားအောင် နိုင်ငံတကာနဲ့ လိုက်လျောညီထွေဖြစ်မယ့် မိုင်းဒီဇိုင်းတွေနဲ့ ကိုက်ညီတဲ့ မိုင်းဥပဒေမျိုး၊ ကျောက်မျက်ဥပဒေမျိုးကို ပြဋ္ဌာန်းပေးသင့်ပါတယ်။

စနစ်တကျမှတ်ပုံတင်

ကျွန်တော်တို့ လုပ်ငန်းရှင်တွေကလည်း လိုက်နာရမယ်။ လိုက်နာပြီး Mine Closure Plan လုပ်မယ်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိတဲ့အပိုင်းကို လုပ်ရမယ်။ ဒီအဆင့်ဆင့်အားလုံးမှာ ပါဝင်ပတ်သက်ပြီးတော့ ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ နောက်တစ်ခုက ထွက်ရှိလာတဲ့ ကျောက်မျက်ရတနာအားလုံးကို စနစ်တကျမှတ်ပုံတင်ရမယ်။ ပြီးရင် အခွန်ဆောင်ရမယ်။ နိုင်ငံတော်ရဲ့ သယံဇာတဖြစ်တဲ့အတွက် Any Pieces အခွန် ဆောင်ကိုဆောင်ရမယ်။ ဒါကို ကျွန်တော်က မြန်မာ့ကျောက်မျက်ရတနာကို တိုက်တွန်းချင်တယ်။ အခွန်ကောက်ကို ကောက်ရမယ်။ အခွန်ဥပဒေဘယ်လိုပဲရှိရှိ ကောက်ကိုကောက်ရမယ်လို့ ကျွန်တော် ယူဆပါတယ်။ ကျွန်တော်တို့ ဒီလိုမှသာလျှင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်တာကအစ အချောထည်ထုတ်လုပ်တာကို ညီညီညာညာနဲ့ ဝိုင်းပြီး စုပေါင်းလုပ်ကိုင်မှ စျေးနှုန်း၊ စျေးကွက်ထိန်းချုပ်ပြီးတော့ ရေရှည်အတွက် စျေးကွက်ခိုင်မာမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ ဌာနဆိုင်ရာ အကြီးအကဲတွေ ရှိနေတုန်းမှာ အခြားသိချင်တာများရှိရင် ပရိသတ်များနဲ့အတူ သိနိုင်ဖို့အတွက် အစ်ကိုကလည်း မေးခွန်းတွေ မေးပေးပါဦး။

ဦးဇော်ဘိုခန့်။ ။ ကျွန်တော် အမြဲတမ်း စိတ်ထဲမှာ မေးချင်တဲ့ မေးခွန်းတစ်ခု ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာထွက်တဲ့ ကျောက်မျက်ရတနာတွေက အများကြီးပဲ။ စျေးကွက်က ပြည်တွင်းမှာ အခုထိမဖြစ်ဘူး။ ကျွန်တော်တို့ ကျောက်မျက်ရတနာပြပွဲတွေ လုပ်တယ်ဆိုတာကလည်း နှစ်ပေါင်း ၆၀ ကျော်ပြီ။ ပွဲပေါင်းလည်း ၉၀ ကျော်ပြီ။ ထို့အတူ လက်ဝတ်ရတနာလေးတွေလည်း ရောင်းတာပေ့ါ။ သို့သော် အိမ်နီးချင်းနိုင်ငံတွေမှာ သွားပြီးတော့ စျေးကွက်တွေဖြစ်တယ်။ ဒါကို ကျွန်တော်တို့နိုင်ငံမှာဖြစ်အောင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအပြင် တခြားဌာနတွေနဲ့ ပတ်သက်တယ်၊ အားလုံးသက်ဆိုင်တယ်။ ဒါနဲ့ပတ်သက်ပြီး MD ကြီးက ဘယ်လိုများ ဒီအပေါ်မှာ စီမံမှုရှိပါသလဲလို့ မေးချင်ပါတယ်။

ဦးအောင်ညွှန့်သိန်း။ ။ ကျောက်မျက်ရတနာရဲ့ တန်ဖိုးအစစ်အမှန်ရရှိဖို့သည် အရိုင်းအတိုင်း ရောင်းတာထက် Value added၊ Finish product ဖြစ်ပြီးမှ ရောင်းတာဟာ ထိုက်တန်စွာ တန်ဖိုးရရှိမှာဖြစ်သလို အချောထည်ထုတ်လုပ်မှုအတွက် ဆင့်ကဲဆင့်ကဲ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေ ပါရှိတဲ့အတွက် နိုင်ငံအတွင်းမှာ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေမှာ ဖြစ်ပါတယ်။

ဦးဇော်ဘိုခန့်တို့ ဆွေးနွေးသလို ကျွန်တော်တို့နိုင်ငံက တကယ်ပင်ရင်းထွက်တဲ့ နိုင်ငံဖြစ်သော်လည်း စျေးကွက်က တခြားမှာသွားပြီး ဖြစ်ထွန်းနေတာတွေ ရှိပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ဒီအပေါ်မှာ ကျွန်တော်တို့ဌာန၊ တခြားဆက်စပ်ဌာနဆိုင်ရာတွေ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေနဲ့ပေါင်းစပ်ပြီးတော့ နိုင်ငံအတွင်းမှာ စျေးကွက်ပြန်ရဖို့ ဆောင်ရွက်ဖို့လိုအပ်တယ်။ ကျွန်တော်တို့အနေနဲ့ အချောထည်ဘက်ကို လုပ်ငန်းရှင်တွေ သွားနိုင်အောင် တွန်းအားပေးပြီး ဆောင်ရွက်ရမယ်။ အလားတူ အချောထည်တွေဆောင်ရွက်နိုင်မယ့် ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်ပေးနိုင်ဖို့လိုတယ်။ အခုဆိုရင် ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေနဲ့ပေါင်းပြီး နေပြည်တော် ရွှေကြာပင်မှာပဲ ကျောက်မျက်ရတနာသင်တန်းကျောင်းကို ဖွင့်ခဲ့တယ်။ အခု အမှတ်စဉ် နှစ်ခုအထိ ဖွင့်ခဲ့ပြီးပြီ။ အဲဒီမှာ ကျောက်မျက်ရတနာနဲ့ပတ်သက်တဲ့ အချောထည်လုပ်ငန်းတွေကို တကယ့်လူငယ်တွေကို လေ့ကျင့်ပြီးတော့ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ လုပ်ငန်းမှာ ကျွမ်းကျင်တဲ့ လုပ်သားတွေရရှိဖို့ လိုအပ်တယ်။

အလားတူပဲ အချောထည်ပြီးတော့ ကျွန်တော်တို့ လက်ဝတ်ရတနာကို ကူးပြောင်းတဲ့အခါမှာ ပြည်ပကနေ ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာရရှိဖို့ကလည်း အရေးကြီးပါတယ်။ ဒီနေရာမှာ လုပ်ငန်းရှင်တွေနဲ့ပေါင်းပြီး ပြည်ပကနေ ရင်းနှီးမြှုပ်နှံမှုနဲ့ ကျွန်တော်တို့က စျေးကွက်ဝေစုရရှိရေးကိုလည်း ဦးတည်ပြီးတော့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံထဲမှာ ထုတ်လုပ်တဲ့ အချောထည်တွေကို ပြည်ပကိုတင်ပို့ရောင်းချတဲ့နေရာမှာ အဆင်ပြေချောမွေ့စွာ ရောင်းချနိုင်ဖို့လည်း အရေးကြီးပါတယ်။ အဲဒီအတွက် အခြားဆက်စပ်တဲ့ ဝန်ကြီးဌာနတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့ Gems Trading Center ဒါမျိုးတွေ ဖွင့်ပြီး ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

ကျွန်တော်တို့ ဒီနေရာမှာ ကြုံကြိုက်လို့ လုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးလိုပါတယ်။ ဦးဇော်ဘိုခန့် ဆွေးနွေးသွားသလို ကျောက်မျက်ရတနာသည် ကျွန်တော်တို့နိုင်ငံက ပင်ရင်းထွက်တဲ့အတွက် ထိုက်တန်တဲ့စျေးနှုန်းရရှိဖို့ စျေးကွက်ထိန်းချုပ်ဖို့ လိုအပ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ လုပ်ငန်းရှင်တွေက ကိုယ်တိုင်တူးတဲ့ပစ္စည်းဟာ ထိုက်တန်တဲ့တန်ဖိုးရရှိဖို့ လိုအပ်ပါတယ်။ အဲဒီက တူးဖော်ထုတ်လုပ်လာတဲ့ ရတနာပစ္စည်းတွေကို စျေးကွက် ထိန်းချုပ်ရောင်းချနိုင်ဖို့ အရေးကြီးပါတယ်။ ဒီအချက်ကိုလည်း ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေက ပူးပေါင်းဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံကထွက်တဲ့ ပင်ရင်းကျောက်မျက်ရတနာရဲ့ တန်ဖိုးအစစ်အမှန်ရရှိမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၀ သို့ ✪

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀
မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (အောင်ဇူ)မှ ဒုတိယရဲမှူး ထွန်းထွန်းစိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Ashartoli ကင်းစခန်းမှ Naib Subedar Md. Atiar Rahaman ဦးစီးအဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်မှ ၁၁ နာရီ ၄၅ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၅)မှ (၄၆)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ကိုရဲ

ရေပေးဝေမှု ပြတ်တောက်မည်

ရန်ကုန် စက်တင်ဘာ ၁၀
ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသည့် လှော်ကား ၆၆ လက်မ ကွန်ကရစ်ပိုက်လိုင်းကြီး အစားထိုးလဲလှယ်ဆက်သွယ်မှုလုပ်ငန်းကို မရမ်းကုန်းမြို့နယ် ကျောက်တော်ကြီးဘုရားအနီးတွင် ခေတ္တရေဖြတ်တောက်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်စဉ် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီမှ စက်တင်ဘာ ၁၄ ရက် ည ၁၀ နာရီအတွင်း ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ လှိုင်သာယာ၊ လှိုင်၊ ကမာရွတ်၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ သာကေတ၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်များတွင် ရေပြတ်တောက်မှုနှင့် ရေအားလျော့နည်းမှုများ ဖြစ်ပေါ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေကြိုတင်စုဆောင်းထားနိုင်ပါရန်နှင့် အဆိုပါကာလအတွင်း ရေလိုအပ်ချက်ရှိပါက အရှေ့ပိုင်းခရိုင်မှူး ဖုန်း-၀၉-၂၅၀၂၈၃၈၂၃၊ အနောက်ပိုင်းခရိုင်မှူး ဖုန်း-၀၉-၂၅၀၂၈၃၈၁၂၊ တောင်ပိုင်းခရိုင်မှူး ဖုန်း- ၀၉-၅၀၅၄၅၆၅၊ မြောက်ပိုင်းခရိုင်မှူး ဖုန်း- ၀၉-၅၀၈၁၂၂၉ တို့သို့ ဆက်သွယ်ပြီး ရေသယ်ယာဉ်များ တောင်းခံ၍ ရေရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှု
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၀ ။ ။ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

❖ စာမျက်နှာ ၈ မှ

၁၂	ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာနေ ကျော်ညွန့်(ခ) ကုလားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃-၉-၂၀၁၈ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာရှိ ကျော်ညွန့် (ခ)ကုလား (၄၂)နှစ်၊ (ဘ) ဦးဗခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ) ၇၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။
၁၃	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟဲဟိုးမြို့နယ်၊ အလယ်ပိုင်း (၃)ရပ်ကွက်နေ မနှင်းဆီ(ခ) မိနှင်းဆီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၉-၂၀၁၈ ရက်နေ့တွင် ဟဲဟိုးမြို့၊ အလယ်ပိုင်း(၃)ရပ်ကွက်နေ မနှင်းဆီ (ခ)မိနှင်းဆီ (၂၄)နှစ်၊ (ဘ)ဦးကာစင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဟဲဟိုး) မယ(ပ)၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဟဲဟိုးမြို့၊ အလယ်ပိုင်း(၃)ရပ်ကွက်နေ လှမျိုးအောင် (၂၈)နှစ်၊ (ဘ)ဦးညိုမြ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား (၁၅)ပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဟဲဟိုး) မယ(ပ) ၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။
၁၄	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ နယ်မြေ (၇)နေ မဖျာဆန်းမီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၆-၉-၂၀၁၈ ရက်နေ့တွင် သိန္နီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ (၇)နေ မဖျာဆန်းမီး(ခ) မအားဆမ်းမီး (၃၂)နှစ်၊ (ဘ)ဦးရွှေဆိုက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သိန္နီ) မယ(ပ) ၄၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၈-၉-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း ၂၃၂ မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား ၃၀၂ ဦး၊ မ ၅၅ ဦး၊ ပေါင်း ၃၅၇ ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ ၂၅၁၉ ဒသမ ၂၆ ဂရမ်၊ ICE ၂ ဒသမ ၆၅ ဂရမ်၊ ဘိန်း ၃၁၈၂၈ ဒသမ ၈၅ ဂရမ်၊ အဆင့်နိမ့်ဘိန်း ၃၂၉ ဂရမ်၊ ဘိန်းစာမှုန့် ၅၇၅၂ ဂရမ်၊ ဘိန်း စာရွက် ၃၂၆၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၅၆၄ ပြား၊ ဆေးခြောက် ၂၈၆၆ ဒသမ ၀၈ ဂရမ်၊ ဘိန်းရည် သုည ဒသမ ၁၀ လီတာ၊ ဘိန်းဆီခဲ ၂၁၃ ဒသမ ၄၀ ဂရမ်၊ ဘိန်းစေ့ ၆၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၁ ဒသမ ၆၅ ဂရမ်၊ သေနတ်မျိုးစုံခြောက်လက်၊ ကျည်မျိုးစုံ ၁၇၉ တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများဖြစ်သော ရှမ်းပြည်နယ်အတွင်း မိုင်းရယ်မြို့နယ်၊ နားလီကျေးရွာ၌ တရားခံ အမျိုးသား ခြောက်ဦးထံမှ အီသိုင်း/အီသာ ၁၅၈၄၀ လီတာ၊ ကဖင်း ၂၂၅၀၀၀ ဂရမ်၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၃၂၄၀ လီတာ၊ ဗွိုင်လာအိုး(၅)လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း နှစ်မျိုး၊ ၂၂ ဘီး မော်တော်ယာဉ် နှစ်စီး၊ နောင်ချိုမြို့အဝင်၊ အိုရိယမ်တိုးဂိတ်၌ တရားခံအမျိုးသား နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၄၁၀၀၀ ပြား၊ လားရှိုးမြို့နယ်၊ ကော်နာစတုန်း သတ္တုသန့်စင်စက်ရုံအနီး၌ တရားခံအမျိုးသား နှစ်ဦးထံမှ ကဖင်း ၂၄၀၀၀၀ ဂရမ်၊ တော်လူအင်း နှစ်လီတာ၊ ဓာတုဆေးမှုန့် ၄၀၀၀ ဂရမ်၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၄၀ မျိုး၊ ဒိုင်နာယာဉ်/ကန်တာယာဉ် နှစ်စီး၊ ဆီဆိုင်မြို့နယ်၊ နားခိုက်-ဖက်နံကားလမ်းပေါ်၌ တရားခံအမျိုးသား နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀၀ ပြား၊ Hilux ယာဉ်တစ်စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့၌ တရားခံအမျိုးသား နှစ်ဦးထံမှ ဆိုဒီယမ် ဆိုင်ရာနိုက် ၂၅၀၀၀၀ ဂရမ်၊ လိုက်ထရက် ယာဉ်တစ်စီးတို့အား လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း စစ်တွေမြို့၌ တရားခံအမျိုးသား နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ ပြား၊ မောင်တောမြို့နယ်၌ ဖမ်းဆီးရမှုဖြစ်စဉ် လေးခုရှိခဲ့ပြီး မောင်နီကျေးရွာနှင့် တောင်ရွာကျေးရွာတွင် တရားခံအမျိုးသမီး နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇ ပြား၊ ဆေးခြောက် တစ်ဂရမ်၊ ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသား တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၈၀ ပြား၊ ရွှေထည်ပစ္စည်းမျိုးစုံ သုံးမျိုး (အလေးချိန် ၅ကျပ် ၄ ရွေးခန့်)၊ CRV ယာဉ် တစ်စီး၊ ကျောက်ပန္နရွာအနီး၌ တရားခံအမျိုးသား တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀၀ ပြား၊ PARADO ယာဉ်တစ်စီးတို့အားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်သော ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခု ရှိခဲ့ပြီး ချင်းပြည်နယ်၊ ရီခေါဒါရ်မြို့၌ တရားခံအမျိုးသား သုံးဦး (အိန္ဒိယ ၂ ဦး၊ မြန်မာ ၁ ဦး)တို့ထံမှ ဘိန်းဖြူ ၂၀ ဒသမ ၁ ဂရမ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့၌ ထိုင်းနိုင်ငံသား တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြား၊ ICE သုည ဒသမ ၇၈ ဂရမ်အား လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် ခြောက်ခုရှိခဲ့ပြီး (ကော့သောင်း၊ လွိုင်ကော်၊ ဆီဆိုင်၊ သံဖြူဇရပ်၊ လယ်ဝေး)မြို့တို့တွင် တရားခံ အမျိုးသား ခုနစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၈၇ ပြား၊ ICE သုည ဒသမ ၁ ဂရမ်၊ ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ တူမီးသေနတ် နှစ်လက်၊ လေသေနတ် သုံးလက်၊ ယမ်းမှုန့် ၂၄၀ ဂရမ်၊ ပွိုင့် ၂၂ ကျည် နှစ်တောင့်၊ မြဝတီမြို့၌ တရားခံ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၅ ပြား၊ ပွိုင့်(၂၂) ကျည် ၂၀ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မိုင်း ၁၄ လုံး၊ ရီမုကွန်ထရိုး နှစ်ခု၊ ယမ်းပျော့ ၁၅ တောင့်၊ ဒီတိုနေတာ ၂၀ ခု၊ ယမ်းကြိုး တစ်ချောင်းတို့အားလည်းကောင်း၊ ရန်ကုန်မြို့၊ ဗဟိုစာတိုက်ကြီးမှတစ်ဆင့် နိုင်ငံခြားသို့ ပို့ဆောင်မည့် စက္ကူပုံး နှစ်ခုအတွင်းမှ ကတ်တမင်း ၄၅၉၀ ဂရမ်တို့ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခု သီတင်းပတ်(၂-၉-၂၀၁၈ ရက်နေ့မှ ၈-၉-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း ၃၂၂ မှုတွင် တရားခံ ကျား ၃၆၈ ဦး၊ မ ၅၂ ဦး၊ ပေါင်း ၄၂၀ ဦးကို ဘိန်းဖြူ ၇၄၉ ဒသမ ၃၉ ဂရမ်၊ ICE ၄၂ ဒသမ ၅၃ ဂရမ်၊ ဘိန်းစိမ်း ၈၂၆၂၈ ဒသမ ၉၉ ဂရမ်၊ ဘိန်းစာမှုန့် ၄၉၁၄ ဒသမ ၆၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၈၂၅၆၄ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁၀ ဂရမ်၊ ဆေးခြောက် ၃၅၆ ဒသမ ၁၁ ဂရမ်၊ ဘိန်းဆီခဲ ၁ ဒသမ ၅ ဂရမ်၊ ဗျူပရီနော်ဖင်း ဆေးပြား ၇၅ ပြား၊ ကတ်တမင်း ၅၅၉၀ ဒသမ ၀၄ ဂရမ်၊ ကဖင်း ၂၆၂၅၀၀ ဂရမ်၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၃၂၄၀ လီတာ၊ အီသိုင်း/အီသာ ၁၅၈၄၀ လီတာ၊ တော်လူအင်း နှစ်လီတာ၊ ဓာတုဆေးမှုန့် ၄၀၀၀ ဂရမ်၊ ဆိုဒီယမ်ဆိုင်ရာနိုက် ၂၅၀၀၀၀ ဂရမ်၊ သေနတ်မျိုးစုံ ခြောက်လက်၊ ကျည်မျိုးစုံ ၂၇ တောင့်၊ ယမ်းမှုန့် ၂၄၀ ဂရမ်၊ လက်ပစ်ဗုံး တစ်လုံး၊ မိုင်း ၁၄ လုံး၊ ရီမုကွန်ထရိုး နှစ်ခု၊ ယမ်းပျော့ ၁၅ တောင့်၊ ဒီတိုနေတာ ၂၀ ခု၊ ယမ်းကြိုးတစ်ချောင်း၊ ဗွိုင်လာအိုး ငါးလုံးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းမျိုးစုံ ၄၂ မျိုးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	**၀၆၇-၅၉၀၂၀၀**
ဖက်စ်ဖုန်းနံပါတ်	-	**၀၆၇-၅၉၀၂၃၃**
အီးမေးလ်လိပ်စာ	-	**antinarcotics@presidentoffice.gov.mm**

❂ စာမျက်နှာ ၉ မှ

အစီအစဉ်မှူး။ ။ ကျောက်မျက်ရတနာနဲ့ ပတ်သက်ပြီး MD ပြောသွားသလို Finish Product ဈေးကွက်တွေ ဖြစ်စေချင်တယ်။ ပင်ရင်းထွက်တဲ့ နိုင်ငံဖြစ်ပြီးတော့ သူများနိုင်ငံက ဈေးကွက်တွေလိုပဲ ဖြစ်စေချင်တယ်။ အဲဒီမှာတွေ့ရတာက ကျွန်တော်တို့ နိုင်ငံမှာ ထန်းရွက်ပုတီးပဲလုပ်လုပ်၊ ဘာပဲလုပ်လုပ် တခြားနိုင်ငံက ဥပမာ SEA Games တုန်းက တံဆိပ်လေးတွေ လုပ်တယ်။ တခြားနိုင်ငံတံဆိပ်တွေနဲ့မတူဘူး။ ကမာကူရက ဝယ်လာတဲ့ဘုရားနဲ့ ထိုင်းကဝယ်လာတဲ့ မြဘုရားနဲ့ မတူဘူး။ ကျွန်တော်တို့နိုင်ငံက လူတွေက အရည်အသွေးပိုင်းဆိုင်ရာ ထုတ်လုပ်မှုမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းကလည်း ပိုကြိုးစားအားထုတ်ရမယ်လို့ထင်ပါတယ်။ ဥပမာ နိုင်ငံက လုပ်လိုက်တာ လှပါတယ်။ တခြားနိုင်ငံက လက်ဝတ်ရတနာပစ္စည်းလေးတွေနဲ့ ယှဉ်တဲ့အခါ သူတို့လောက် အနုမစိတ်ဘူးဖြစ်နေတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တို့ဆီမှာ ဈေးကွက်က မဖြစ်တဲ့အပိုင်းမှာ နည်းနည်းများ သက်ဆိုင်သလား။ အဲဒါ အစ်ကို သဘောထားအမြင်လေး သိပါရစေ။

ဦးဇော်ဘိုခန့်။ ။ အချောထည် ဈေးကွက်ဖြစ်ဖို့ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အခွင့်အလမ်းလည်းရှိတယ်၊ စိန်ခေါ်မှုတွေလည်းရှိတယ်။ အခွင့်အလမ်းက ဘာလဲဆိုတော့ ကျွန်တော်တို့ ပြည်တွင်းမှာထွက်တဲ့ ကျောက်မျက်ရတနာအားလုံးကို တစ်ကမ္ဘာလုံးက ကြိုက်တယ်။ အိမ်နီးချင်းမှာလည်း ဈေးကွက်ရှိတယ်။ အခွင့်အလမ်းရှိသလို စိန်ခေါ်မှုက ဘာလဲဆိုတော့ ကျွန်တော်တို့မှာ နည်းပညာ အားနည်းတယ်။ အရိုင်းအတိုင်း ရောင်းတာကို အသားကျနေသလားလို့ပါ။ နည်းပညာ၊ ဈေးကွက်အားလုံးဖြစ်ဖို့ဆိုတာ Stakeholders အားလုံးမှာ တာဝန်ရှိပါတယ်။

ဥပဒေ၊ နည်းဥပဒေ ရေးဆွဲတာကအစ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်တဲ့ နေရာကစပြီး ပြန်ပြောမယ်ဆိုရင် တစ်ဦးချင်းရော အလေ့အကျင့်ကောင်းတွေဖြစ်ဖို့လိုတယ်။ ကြီးကြပ်စီမံခန့်ခွဲတဲ့ ပုဂ္ဂိုလ်တွေကလည်း လုပ်ငန်းခွင်တွေမှာ ဥပဒေမဲ့ပြုတဲ့ အပြုအမူတွေ၊ လူအုပ်နဲ့ အနိုင်ကျင့်တဲ့ အပြုအမူတွေကို လျော့ပါးသွားအောင်လည်း ကြီးကြပ်ပေးသင့်တယ်။ ကျွန်တော်တို့ကလည်း ဒီဒေသတွေမှာ တရားဥပဒေသတ်မှတ်ထားတာကိုလည်း လိုက်နာရမယ်။ မလိုက်နာလည်း အရေးယူပေါ့။ နောက်တစ်ဆင့် ကုန်ကြမ်းတွေကရရှိတဲ့အခါမှာ ငွေအရင်းအနှီးပဲဖြစ်ဖြစ်၊ နည်းပညာပဲဖြစ်ဖြစ် ပံ့ပိုးနိုင်မယ်ဆိုရင် ဈေးကွက်ဖြစ်လာမှာ သေချာပါတယ်။ ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားက စိတ်ဝင်စားတယ်။ ကျွန်တော် မျှော်လင့်ပါတယ်။ နည်းဥပဒေ၊ ဥပဒေလေးတွေ ထွက်လာပြီးရင် ပေါင်းစပ်ရတဲ့ ဌာနတွေပေါ့။ အဓိကက အခွန်ဌာနက အရေးကြီးပါတယ်။ ပေါင်းစပ်ညှိနှိုင်းလိုက်ရင် အဖြေထွက်လာမယ် ထင်တယ်။

(ဆက်လက်ဖော်ပြပါမည်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ-၂ ဒေါက်တာဇော်မြင့်မောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ဒုတိယဥက္ကဋ္ဌ-၂ ဒေါက်တာဇော်မြင့်မောင်

ပြည်ထောင်စုနိုင်ငံသူ၊ နိုင်ငံသားများနဲ့ အတူတကွစုပေါင်းပြီး တိုင်းပြည်မှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများ၊ အခက်အခဲများကို ရင်ဆိုင်တွန်းလှန်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ ဒုတိယဥက္ကဋ္ဌ-၂ ဖြစ်သူ ကျွန်တော် ဒေါက်တာဇော်မြင့်မောင်က ပြည်သူလူထုကြီးရဲ့ ကျေးဇူးတရားကို အမြဲအောက်မေ့သတိရလျက် တိုင်းရင်းသားပြည်သူအများ စိတ်လက်ကြည်သာရှိနိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြေညာစာတမ်းပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှာစာတွင် ပါရှိတဲ့အတိုင်း အဖွဲ့ချုပ်ကြီးဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံမှ ပေါက်ဖွားလာပြီး လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူတို့ကို ကိုယ်စားပြုတဲ့ အဖွဲ့ချုပ်ကြီးအဖြစ် ရပ်တည်ခဲ့တာ အနှစ် ၃၀ ရှိပြီဖြစ်ကြောင်း ပြည်သူတစ်ရပ်လုံးအသိပင် ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ချိန်မှစပြီး ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့မှာလည်း ပြည်သူလူထုရဲ့ ထောက်ခံတာဝန်ပေးမှုရရှိခဲ့တဲ့အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတို့မှာ ဦးဆောင်တာဝန်ယူခွင့်ရခဲ့ပါတယ်။ ဒီအတွက် ပြည်ထောင်စုတစ်ဝန်းလုံးက ပြည်သူများကို ကျေးဇူးတင်ကြောင်းနဲ့ ၂၀၁၅ ခုနှစ်ကတည်းက ပေးထားခဲ့တဲ့ ဦးတည်ရည်မှန်းချက်များအတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဦးလည်မသုန် ဆက်လက်လျှောက်လှမ်းလျက်ရှိပါတယ်။

"ပြောင်းလဲချိန်တန်ပြီ"ဆိုတဲ့ နှိုးဆော်သံနဲ့ စတင်ခဲ့တဲ့ အဖွဲ့ချုပ်ကြီးဟာ မိမိရဲ့ ပေးထားခဲ့တဲ့ ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ဖို့အတွက် အချိန်အခါ၊ အခြေအနေနဲ့လျော်ညီစွာ "ပြည်သူနဲ့အတူ" "စုပေါင်းအင်အား" ဆိုတဲ့ အနှစ်သာရရှိတဲ့ လမ်းညွှန်မှုများနဲ့အတူ ဆက်လက်လျှောက်လှမ်းလျက်ရှိပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူလူထုကြီးခင်ဗျာ။

ရွေးကောက်ပွဲကြေညာစာတမ်းမှာ အဖွဲ့ချုပ်ရဲ့ ဦးတည်ဆောင်ရွက်မယ်လို့ ပြည်ထောင်စုသား မိဘ၊ ညီအစ်ကိုမောင်နှမများကို တင်ပြထားခဲ့တဲ့ ဦးတည်ချက်လေးခုကို ပြန်လည်ပြီးအသိပေးလိုပါတယ်-

- တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး
- တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေး
- ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးမယ့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေး
- လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး တို့ဖြစ်ပါတယ်။

ပထမဦးတည်ချက်နဲ့ကိုက်ညီစွာ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေး အကောင်အထည်ဖော်နိုင်မယ့် လုပ်ငန်းစဉ် (၆)ရပ်ကို ချမှတ်ထားပြီး ဖြစ်ပါတယ်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ အရင်းအမြစ်များကို ဖယ်ရှားရန် အာဃာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကိုအခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူ့ဘဝ လုံခြုံအေးချမ်းစေမည်။

လွတ်လပ်ခြင်း၊ တူညီသောအခွင့်အလမ်းများရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိခြင်းတို့နှင့်ပြည့်စုံသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးကို ဦးတည်ဆောင်ရွက်မည်။

ပြည်ထောင်စုဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ပွင့်လင်းမြင်သာသော စီမံချက်များ ချမှတ်ဆောင်ရွက်မည်။

သဘာဝအရင်းအမြစ်များ ထုတ်ယူရာမှရရှိလာသည့် အကျိုးအမြတ်များကို ဖက်ဒရယ်ပြည်ထောင်စုမူနှင့်အညီ ဒေသအလိုက် မျှတစွာ ခွဲဝေခံစားခွင့် ရှိစေရမည်။

တိုင်းရင်းသားများအချင်းချင်းအကြား ဖြစ်ပေါ်သော ပြဿနာများကို အပြန်အလှန်လေးစားမှုဖြင့် စားပွဲဝိုင်းဖြေရှင်းနည်းဖြင့် ဖြေရှင်းမည်။

ဒီလုပ်ငန်းစဉ်တွေကို အဖွဲ့ချုပ်ကြီးဦးဆောင်တဲ့ အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ(တတိယ)အကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယ(၂၁)ရာစုပင်လုံကနေ ပြည်ထောင်စုသဘောတူညီချက် ၃၇ ချက်ကို အစိတ်အပိုင်း(၁)အနေနဲ့ရရှိခဲ့ပြီး တတိယ(၂၁)ရာစုပင်လုံကနေ ပြည်ထောင်စုသဘောတူညီချက် (၁၄) ချက်ကို ထပ်မံအတည်ပြုနိုင်ခဲ့ပါတယ်။

ဒီလိုအောင်မြင်မှုမျိုးကို ဆက်လက်ရှင်သန်အားကောင်းအောင် ဆောင်ရွက်နိုင်ဖို့အတွက် အဖွဲ့ချုပ်ကို ဆက်လက်ထောက်ခံတာဝန်ပေးအပ်ဖို့ လေးစားစွာ တောင်းခံအပ်ပါတယ်။

အခုဆိုရင် အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုအဖြစ် တည်ဆောက်မယ်ဆိုတာ အခိုင်အမာအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ပန်းတိုင်ရောက်အောင် လျှောက်လှမ်းရဦးမယ့် ခရီးဟာ ရှည်လျားပြီး စိန်ခေါ်မှုများစွာလည်း ကျန်ရှိနေသေးတာကြောင့် ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်များကို တာဝန်ပေးအပ်ပါလို့ မေတ္တာရပ်ခံခြင်းလည်း ဖြစ်ပါတယ်။

အနာဂတ်ပြည်ထောင်စုကြီးရဲ့ အုတ်မြစ်ခိုင်မာအောင် တည်ဆောက်နိုင်ဖို့အတွက် အဖွဲ့ချုပ်ကြီးအနေနဲ့ ဆက်လက်ဆောင်ရွက်လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်တဲ့ ပါတီအဖြစ်ရပ်တည်နိုင်ဖို့အတွက် ပါတီစည်းကမ်းထိန်းသိမ်းရေးအဖွဲ့အဆင့်ဆင့်နဲ့ လုပ်ထုံးလုပ်နည်းများ၊ ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ၊ နိုင်ငံရေးဝါဒသဘောတရားများနှင့် လုပ်ငန်းစဉ်များချမှတ်ပြီး ကျရောက်လာမယ့်တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်အောင် စဉ်ဆက်မပြတ် အားထုတ်လျက်ရှိပါကြောင်းကိုလည်း ဒီနေရာကနေ အသိပေးတင်ပြလိုပါတယ်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လွတ်လပ်မှု၊ လုံခြုံမှုရှိစေရန် ပြည်သူလူထုအား တရားမျှတစွာ ကာကွယ်ပေးနိုင်မယ့် အုပ်ချုပ်မှုစနစ်တစ်ရပ်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က ဖွဲ့စည်းခဲ့ပါတယ်။ တရားမျှတပြီး ဘက်လိုက်မှုကင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင် ထူထောင်ရန် လုပ်ငန်းစဉ် (၆)ရပ်ကို အတိအလင်း သတ်မှတ်တင်ပြထားပြီး ဖြစ်ပါတယ်။ ယခုအခါမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းလျက် တရားစီရင်ရေးစနစ် အရည်အသွေးမြှင့်တင်ဖို့၊ ပြည်သူကို ဖြောင့်မတ်မှန်ကန်စွာ စောင့်ရှောက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိနေတာကိုလည်း အသိပေးတင်ပြလိုပါတယ်။

နိုင်ငံစီးပွားရေးအတွက်လည်း ပြည်သူ့ဘဏ္ဍာငွေကို စနစ်တကျ အမြော်အမြင်ရှိရှိ သုံးစွဲရေးတို့မှာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနဲ့အညီ ပွင့်လင်းမြင်သာတဲ့ စီမံခန့်ခွဲမှုစနစ်ပေါ်ပေါက်လာရေး၊ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များနဲ့ တောင်သူလယ်သမားများအပါအဝင် ပြည်သူများရဲ့ရင်းနှီးငွေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် ငွေရေးကြေးရေးစနစ်ပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။

မိမိတို့အစိုးရ နှစ်နှစ်ခွဲကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်သူလူထုအတွက် ဆောင်ရွက်ပေးမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူလူထုထံ အစီရင်ခံတင်ပြချင်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်နှစ်ခွဲကာလအတွင်းမှာ လုပ်ငန်းပေါင်း ၄၁၃ ခု၊ ငွေတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေဖြင့် လုပ်ငန်းပေါင်း ၂၃၆ ခု၊ ငွေတန်ဖိုးကျပ် ၆၄၀၀ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျန်းမာရေးကဏ္ဍအနေဖြင့် တိုက်နယ်ဆေးရုံ ၁၁ ရုံ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ၁၈ ခုနှင့် တိုင်းရင်းဆေးရုံ ၁၆ ရုံ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူလူထုကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များပါဝင်သည့် Tablet အလုံးပေါင်း ၂၀၀၀၀ ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။ ထို့အပြင် တိုက်နယ်ဆရာဝန် ၇၃၅ ဦးနှင့် မြို့နယ်ဆရာဝန် ၃၃၀ တို့အား ဆက်လက်ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားရရှိရေးအနေဖြင့် နှစ်စဉ် ဓာတ်အားတိုးတက်သုံးစွဲမှုမှာ ၁၄ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၂၀ ပြည့်နှစ်မှာ ခန့်မှန်းဓာတ်အားသုံးစွဲမှု ၄၅၃၁ မဂ္ဂါဝပ်ရှိလာမှာဖြစ်ပါတယ်။ နှစ်နှစ်ခွဲကာလအတွင်းမှာ ၅၅၆ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ လိုအပ်သော ဓာတ်အားအပြည့်အဝရရှိရေးအတွက် ဓာတ်အားပို့လွှတ်လိုင်းအသစ် ၅၀၀ ကေဗွီ ၁၄၃ ဒသမ ၇ မိုင် တည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားပေးစက်ရုံအမျိုးမျိုးနှင့် စီမံကိန်းများကို အလုံအလောက်ရရှိဖို့ စီမံဆောင်ရွက်ပြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေဖြင့် ကျေးလက်မီးလင်းရေးမှာ ၃၈၄၃ ရွာ မီးလင်းပေးနိုင်ခဲ့ပြီး ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ပါတယ်။ တစ်နည်းအားဖြင့် ယခုအခါ ကျေးရွာအားလုံး ၅၂ ဒသမ ၇ ရာခိုင်နှုန်း လျှပ်စစ်သုံးစွဲလာနိုင်ပြီ ဖြစ်ပါတယ်။

ဝန်ထမ်းအိမ်ရာများနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၄၈၄၂ ခန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဝင်ငွေနည်းဝန်ထမ်းများအတွက် အိမ်ရာအခန်းပေါင်း ၉၃၆၄ ခန်း ရောင်းချပေးခဲ့ပါတယ်။ နိုင်ငံတော်အတွက် လုပ်သက်တစ်လျှောက်လုံး အင်အားစိုက်ထုတ်၍ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများကို အေးအေးဆေးဆေးနဲ့ အငြိမ်းစားယူနိုင်ဖို့ ဝန်ထမ်းအိမ်ရာတွေကို ဦးစားပေးစီစဉ်ဆောင်ရွက်နေပါတယ်။

သဘာဝဘေးနှင့်ပတ်သက်၍ ယခင်က သဘာဝဘေးဖြင့် သေဆုံးသူကို တစ်သိန်းထောက်ပံ့ခဲ့ရာမှ ယခုအခါ သုံးသိန်း၊ ဒဏ်ရာရရှိသူကို တစ်သောင်းမှ သုံးသောင်းအထိ ထောက်ပံ့ပေးခဲ့ရာမှ ယခုအခါ ငါးသောင်း၊ သဘာဝဘေးကြောင့် အဆောက်အအုံများ ပျက်စီးခဲ့လျှင် ပျက်စီးမှုကိုမူတည်၍ တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါတယ်။ ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးနဲ့ ဆန်ရိက္ခာကို လူတစ်ယောက်လျှင် တစ်ဘူးနှုန်းဖြင့် ခုနစ်ရက်စာ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်းစဉ်များမှာ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၄၀၇၄ ရွာ၊ အသေးစားဓာတ်အားစနစ်ဖြင့် ၂၆ ရွာ စုစုပေါင်းကျေးရွာ ၄၁၀၀ ကို မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိမ်ခြေ ၂ ဒသမ ၃ သိန်းကို အကျိုးပြုနိုင်ခဲ့ပါတယ်။ ကျေးလက်ရေပေးဝေရေးလုပ်ငန်းအနေဖြင့် ရွာပေါင်း ၅၈၈၆ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူဦးရေ ၃၃ ဒသမ ၂၇ သိန်းကို အကျိုးပြုနိုင်ခဲ့ပါတယ်။

စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်းပေါင်း ၁၄၉၇ တွင်း တူးဖော်ပေးခဲ့ပြီး ၇၄၈၅ ဧက အကျိုးပြုနိုင်ခဲ့ပါတယ်။ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းပေါင်း ၃၉၀ တူးဖော်ပေးခဲ့ပြီး လူဦးရေ ၇၈၀၀၀ ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ မြစ်ရေတင်စီမံကိန်းအနေဖြင့် စီမံကိန်းပေါင်း ၁၃ ခု ဖော်ဆောင်နိုင်ခဲ့ပြီး ဧက ၇၄၅၀ အကျိုးပြုနိုင်ခဲ့ပါတယ်။

ကျေးလက်ကုန်ထုတ်လမ်း အနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ၂၂၁ မိုင် လျာထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်အသက်မွေးဝမ်းကျောင်း သင်တန်း ၁၈၁၁ ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ရာ လူဦးရေ ၄၇၂၀၀ သင်တန်းဆင်းပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ တောင်သူများကို စိုက်ပျိုးရေးအလေ့ အကျင့်ကောင်းဖြစ်သည့် GAP လုပ်ငန်းများ ပြန့်ပွားရေးကိုလည်း ၅၈၁၈ ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပြီး လူဦးရေ ၃၇၄၈၁၄ ဦးကို သင်တန်းပေးခဲ့ပြီးဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် နိုင်လွန်ကတ္တရာလမ်း မိုင်ပေါင်း ၁၃၀၀၊ ကတ္တရာလမ်း မိုင်ပေါင်း ၄၈၀၊ ကွန်ကရစ်လမ်း ၃၂၅ မိုင်နှင့် ဆောက်လုပ်ဆဲပေ ၁၈၀ တံတား ၃၁ စင်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လယ်ယာမြေပြဿနာများ တရားမျှတစွာဖြေရှင်းရေး၊ လယ်ယာမြေအသုံးချခွင့်ရရှိရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်နေတာကို သတိပြုမိမယ်လို့ ယုံကြည်ပါတယ်။

ပညာရေးကဏ္ဍမှာ ပညာသင်ယူမှုဟာ မွေးဖွားတဲ့နေ့ကစပြီး ဘဝတစ်လျှောက်လုံးဖြစ်တဲ့အတွက် အဖွဲ့ချုပ်အနေနဲ့ လူ့ဘဝတစ်လျှောက်လုံး ပညာသင်ယူနိုင်မယ့်အခွင့်အလမ်းများရရှိစေရေးနဲ့ အကျိုးရှိတဲ့ပညာရပ်များ တတ်မြောက်ကြရန် ဆောင်ရွက်သွားမယ်ဆိုတဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြေညာစာတမ်းမှာ ပြည်သူကို တင်ပြခဲ့တဲ့အတိုင်း အဖွဲ့ချုပ်ဦးဆောင်တဲ့ အစိုးရအနေနဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတို့မှာ သိသာထင်ရှားစွာ တိုးမြှင့်အသုံးပြုခဲ့တာကိုလည်း အသိပေးတင်ပြလိုပါတယ်။

ပညာရေးကဏ္ဍမှာ ၂၀၁၅-၂၀၁၆ ခုနှစ်က ၁၅၃၃ ဘီလီယံ သုံးစွဲခဲ့ရာမှ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ၂၁၇၆ ဘီလီယံအထိ တိုးမြှင့်သုံးစွဲဖို့ လျာထားပြီး ဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍမှာလည်း ၂၀၁၅- ၂၀၁၆ ခုနှစ်က ၇၇၈ ဘီလီယံသုံးစွဲခဲ့ရာမှ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ၁၁၅၁ ဘီလီယံအထိ တိုးမြှင့်သုံးစွဲဖို့ လျာထားပြီးဖြစ်ပါတယ်။ ဒီလိုတိုးမြှင့်သုံးစွဲခဲ့တဲ့အတွက် ကျေးလက်ဒေသ ကျောင်းနေနှုန်း သိသိသာသာ တိုးတက်လာပြီး ကုလသမဂ္ဂက ဦးတည်ထားတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ မူလတန်းကျောင်းနေနှုန်း ၉၁ ရာခိုင်နှုန်းထက် ပိုမိုခဲ့ပါတယ်။ ကျောင်းပေါင်း ၁၅၄၄ ကျောင်းကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အခြေခံပညာအလယ်တန်းကျောင်း တက်ရောက်မှုနှုန်း ၇၁ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံးစာတတ်မြောက်မှုနှုန်း ၉၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။

ယနေ့သင်ကြားပေးနေတဲ့ ဆရာ ဆရာမများရဲ့ ၉၆ ဒသမ ၄ ရာခိုင်နှုန်းအထိ အရည်အသွေးမြှင့်သင်တန်းများ တက်ရောက်ပြီးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခင်က မြန်မာစာအဖွဲ့နေရာမှာ ယခုအခါ "မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန"ဆိုတာ ဖွဲ့စည်းပြီး ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့လျက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုနဲ့သတ်မှတ်စံနှုန်းတွေအရ တိုင်းရင်းသားဘာသာစကား သင်ကြားနေပြီဖြစ်ပါတယ်။ အဆင့်မြင့်ပညာရေးမှာလည်း အမျိုးသားပညာရေးဥပဒေအရ ဖြေလျှော့မှုများပေးပြီး တက္ကသိုလ်အလိုက် အကြံပြုအဖွဲ့များမှာ ကျောင်းသားများ ပါဝင်ခွင့်ရရှိလာပြီ ဖြစ်ပါတယ်။

လူငယ်များအကြား မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးရေးလုပ်ငန်းများကို အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်မယ်လို့ ပြည်သူတွေကို အသိပေးကြေညာခဲ့တဲ့အတိုင်း ယခုအခါ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဥပဒေကို ပြင်ဆင်ပြီးဖြစ်ပါတယ်။ ဤဥပဒေသည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲထားသောဥပဒေဖြစ်ပါတယ်။ မူးယစ်ဆေးစွဲတဲ့လူငယ်များအတွက် အနာဂတ်ဘဝ ပြန်လည်ထူထောင်ရေးကို စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူလူထုကြီးခင်ဗျာ။

ကျွန်တော်တို့ပါတီအနေနဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံပြည်သူတစ်ရပ်လုံးဟာ အစိုးရများကိုထိန်းကျောင်းနိုင်တဲ့ ပြည်သူလူထုဖြစ်စေဖို့နဲ့ ပြည်သူလူထုရဲ့ ထိန်းကျောင်းမှုကိုခံယူလိုတဲ့ အစိုးရများပေါ်ထွက်လာရေး ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

ကမ္ဘာကြီးရဲ့အခြေအနေ၊ နိုင်ငံရဲ့လိုအပ်ချက်၊ ပြည်သူများရဲ့ဆန္ဒ၊ မျှော်လင့်ချက်တွေကို အစဉ်တစိုက် သတိပြုလေ့လာပြီး သင်ယူကာ ပါတီနဲ့ ပါတီတာဝန်ရှိသူတွေရဲ့ အရည်အသွေးကို အဆက်မပြတ်မြှင့်တင်ဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်။ အစိုးရအနေဖြင့်လည်း Myanmar Sustainable Development Plan ရေးဆွဲပြီးဖြစ်ပါကြောင်း အသိပေးလိုပါတယ်။

ပြုပြင်ပြောင်းလဲရေးကို ကြိုးပမ်းရတဲ့ဖြစ်စဉ်မှာ စိန်ခေါ်မှုပေါင်းများစွာလည်း ရှိနေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အားကောင်းတဲ့ အစိုးရတစ်ရပ်အဖြစ် ရပ်တည်နိုင်ဖို့ အပြန်အလှန်လေးစားမှုကို တန်ဖိုးထားတဲ့ အစိုးရတစ်ရပ်ဖြစ်ဖို့ ပြည်သူတို့ရဲ့ ပကတိဘဝအခြေအနေနဲ့ လိုအပ်ချက်များကို အလေးထားတဲ့မူဝါဒများနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အရေးတော်ပုံကြီးရဲ့ ကနဦးအစက သန္ဓေတည်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ နိုင်ငံ့တာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်ဖို့ ပြည်သူတို့ရဲ့ ရွေးချယ်တာဝန်ပေးအပ်မှုကို လေးစားယုံကြည်စွာ ခံယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ ဂျပန်ဝန်ကြီးချုပ် အာဘေး အကောင်းဘက်မှ ရှုမြင်

တိုကျို စက်တင်ဘာ ၁၀

လာမည့်ရက်သတ္တပတ်တွင်ကျင်းပမည့် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲသည် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် တိုးတက်မှုရရှိရန် ဦးတည်သွားမည်ဟု မိမိမျှော်လင့်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စက်တင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

ဝန်ကြီးချုပ် အာဘေးသည် တောင်ကိုရီးယားထောက်လှမ်းရေးအကြီးအကဲ စုဟွန်းနှင့် စက်တင်ဘာ ၉ ရက်တွင် တွေ့ဆုံခဲ့သည်။ စုဟွန်းသည် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ပြီးခဲ့သော ရက်သတ္တပတ်တွင် မြောက်ကိုရီးယားသို့ သွားရောက်ခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် တောင်ကိုရီးယားသမ္မတမွန်းဂျယ်အင်းတို့၏ထိပ်သီးဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ခေါင်းဆောင် ကင်နှင့် တွေ့ဆုံခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားတို့ ရရှိခဲ့သော သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲအပါအဝင် လက်ဆုပ်လက်ကိုင်ပြနိုင်မည့် ကြိုးပမ်းလုပ်ဆောင်ချက်များကို တွေ့မြင်ရမည်ဟု မိမိမျှော်လင့်ကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။

မြောက်ကိုရီးယား၏ အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသော ဂျပန်လူမျိုးများနှင့် အခြားနိုင်ငံခြားသားများအရေးအပါအဝင် ဆက်စပ်နေသော အရေးကိစ္စများအတွက် ဂျပန်နှင့် တောင်ကိုရီးယားတို့သည် အမေရိကန်နှင့် နီးနီးကပ်ကပ် ဆက်လက်ဆက်ဆံသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဘေးနှင့် စုဟွန်းတို့က ထပ်မံအတည်ပြုပြောကြားခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူလက်နက် ကင်းစင်ရေးဇုန် ထူထောင်ရေးလုပ်ငန်းစဉ်အတွက် အခြေအနေကောင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း စုဟွန်းက ပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ကင်းစင်ရေးဇုန် ထူထောင်ရေးအတွက် ကတိပြုခဲ့ခြင်းကို မြောက်ကိုရီးယားခေါင်းဆောင် ကင်က စက်တင်ဘာ ၅ ရက်တွင် ထပ်လောင်းအတည်ပြု ပြောကြားခဲ့ကြောင်း စုဟွန်းက ပြောကြားသည်။

အဏုမြူလက်နက် ကင်းစင်သော ကိုရီးယားကျွန်းဆွယ်ဖြစ်ရေးနှင့် ငြိမ်းချမ်းသော ကိုရီးယားကျွန်းဆွယ်အဖြစ် ရပ်တည်လာနိုင်ရေးတို့တွင် ဝန်ကြီးချုပ်အာဘေး၏ အခန်းကဏ္ဍမှာ အရေးကြီးသည်ဟု တောင်ကိုရီးယားသမ္မတ မွန်းက ယုံကြည်ကြောင်း စုဟွန်းက ဝန်ကြီးချုပ် အာဘေးအား ပြောကြားခဲ့သည်။

ကျိုဒို၊ အင်န်အိတ်ချ်ကေ

စက်သုံးဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်မှု အိန္ဒိယနိုင်ငံတစ်ဝန်း ကန့်ကွက်ဆန္ဒပြ

နယူးဒေလီ စက်တင်ဘာ ၁၀

အိန္ဒိယနိုင်ငံ၌ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေမှုနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းတွင် ကန့်ကွက်ဆန္ဒပြမှုကို အတိုက်အခံပါတီက ဦးဆောင်၍ ပြုလုပ်ရာ ဆန္ဒပြသူများက မော်တော်ကားတာယာများကို မီးရှို့ခြင်း၊ ဓာတ်ဆီဆိုင်များကို ဖျက်ဆီးခြင်း၊ လမ်းများနှင့် ရထားလမ်းများကို ပိတ်ဆို့ခြင်းတို့ပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရာအူးလ်ဂန္ဒီ ဦးဆောင်သော အတိုက်အခံ ကွန်ဂရက်ပါတီက ဆန္ဒပြမှုများ ပြုလုပ်ကြရန် တိုက်တွန်းဆော်သြခဲ့သည်။ ရာအူးလ်ဂန္ဒီသည် ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ကျင်းပမည်ဟု မျှော်လင့်ရသော အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ ဘရာတိယ ဂျနာတာပါတီ(ဘီဂျေပီ)ကို စိန်ခေါ်ရန် ရှိနေသည်။

၂၀၁၄ ခုနှစ်တွင် ဘီဂျေပီပါတီ အာဏာရရှိလာခဲ့ချိန်မှစ၍ စက်သုံးဆီဈေးနှုန်းများ တရိပ်ရိပ် တက်လာနေခဲ့ကြောင်း၊ ဝန်ကြီးချုပ် မိုဒီသည် ပြည်သူတို့အား ပေးခဲ့သည့် ကတိကဝတ်များအတိုင်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း အသက် ၄၈ နှစ်ရှိ ဂန္ဒီက ဒေလီတွင် လူအုပ်ကြီးအား ပြောကြားသည်။

စက်သုံးဆီဈေးနှုန်းမြင့်တက်နေမှုကို ကန့်ကွက်သည့် ဆန္ဒပြပွဲများ နိုင်ငံတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့ခဲ့သည်။ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ စံချိန်တင် မြင့်တက်နေမှုကို ကန့်ကွက်သည့် ဆန္ဒပြပွဲများ ဖြစ်ပေါ်လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရပြီး အစိုးရရုံးဌာနများနှင့် စာသင်ကျောင်းများကို ခေတ္တပိတ်ထားလိုက်ရသည်။

ဓာတ်ဆီနှင့် ဒီဇယ်ဆီဆိုင်ရာ အခွန်ဝင်ငွေမှာ အစိုးရအဖွဲ့အတွက် အဓိက ငွေကြေးအရင်းအမြစ်တစ်ရပ်ဖြစ်ပြီး လာမည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်သည်။

မဒရာပရာဒေ့ရှ်ပြည်နယ်၊ စီးပွားရေးအချက်အချာတည်ရာ မွမ်ဘိုင်းမြို့နှင့် ဂူဂျာရတ်ပြည်နယ်တို့တွင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားခဲ့သည်။

အေအက်ဖ်ပီ

ကမ္ဘောဒီးယားအတိုက်အခံ ခေါင်းဆောင်ဟောင်းကို အာမခံဖြင့် ပြန်လည်လွှတ်ပေး

ဖနောင်ပင် စက်တင်ဘာ ၁၀

နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် စွဲချက်တင်ခံရသော ကမ္ဘောဒီးယားအတိုက်အခံပါတီခေါင်းဆောင်ဟောင်း ကမ်ဆွတ်ဟာအား ကမ္ဘောဒီးယားတရားရုံးတစ်ရုံးက အာမခံဖြင့် လွှတ်ပေးခဲ့ကြောင်း အဆိုပါတရားရုံး၏ ဆုံးဖြတ်ချက်အရသိရသည်။

ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ(စီအင်န်အာရ်ပီ) ခေါင်းဆောင်ကမ်ဆွတ်ဟာအား အာမခံဖြင့်လွှတ်ပေးရန်ဖနောင်ပင်မြူနီစီပယ်တရားရုံးတရားသူကြီး ကီရီအိုင်က အကျဉ်းထောင်အကြီးအကဲအား အမိန့်ထုတ်ဆင့်လိုက်ကြောင်း တရားရုံးဆုံးဖြတ်ချက်တွင်ဖော်ပြသည်။

ကမ္ဘောဒီးယားအတိုက်အခံပါတီ ခေါင်းဆောင်ဟောင်း ပြန်လည်လွတ်မြောက်လာမှုကို ၎င်း၏ရှေ့နေတစ်ဦးဖြစ်သူ ချန်ချန်းက အတည်ပြုပြောကြားသည်။ ၎င်း၏အမှုသည် ကမ်ဆွတ်ဟာသည် နိုင်ငံအရှေ့တောင်ပိုင်း ထူအောင်ကွန်ပင်ပြည်နယ်သာလောင်းအကျဉ်းထောင်၌ ချုပ်နှောင်ခံထားရာမှ စက်တင်ဘာ ၁၀ရက် နံနက် ၃ နာရီခွဲခန့်တွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း၊ ၎င်းသည် ဖနောင်ပင်မြို့ တူလ်ကွတ်အရပ်ရှိ နေအိမ်သို့ နံနက် ၅ နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း ချန်ချန်းက ပြောကြားသည်။

ဆင်ဟွာ

တရုတ်တွင် သင်တန်းတက်ရောက်ခဲ့သည့် ကျူးဘားတိုက်လေယာဉ်မှူးဟောင်းများ တွေ့ဆုံ

ဟာဗားနား စက်တင်ဘာ ၁၀

တရုတ်နိုင်ငံတွင် တိုက်လေယာဉ်မောင်းသင်တန်းတက်ရောက်သင်ယူခဲ့မှု (၅၇) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို အငြိမ်းစားကျူးဘားတိုက်လေယာဉ်မှူးများ၏အဖွဲ့တစ်ဖွဲ့က စက်တင်ဘာ ၉ ရက်တွင် ကျင်းပခဲ့ကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကျူးဘားနိုင်ငံ ဟာဗားနားမြို့ရှိ တရုတ်တန်းရပ်ကွက်၌ တည်ရှိသော ဝူရှူးသင်တန်းကျောင်းတွင်ကျင်းပသော အဆိုပါအခမ်းအနားသို့ သက်ကြီးရွယ်အို ကျူးဘားအငြိမ်းစား တိုက်လေယာဉ်မှူးဟောင်းများနှင့်အတူ ကျူးဘားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်းရှီလည်း တက်ရောက်ခဲ့သည်။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် ယင်းအချိန်က တွေ့ကြုံခဲ့ရသည့် ကျူးဘားနိုင်ငံ၏ အခက်အခဲကာလကို ကျော်လွှားနိုင်ခဲ့ကြောင်း အခမ်းအနားကို စီစဉ်သူ ကျူးဘားတိုက်လေယာဉ်မှူးဟောင်း အငြိမ်းစားဗိုလ်မှူးကြီး ဟင်နရီပီရက်စ်က ပြောကြားသည်။ ၎င်းသည် တရုတ်နိုင်ငံတွင် သင်တန်းတက်ရောက်ခဲ့သည့် ကျူးဘားသင်တန်းသား ၂၂၃ ဦးတွင် ပါဝင်သည်။

ကျူးဘားနှင့် တရုတ်နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများတွင် ကျူးဘားတိုက်လေယာဉ်မှူးများ၏ အခန်းကဏ္ဍသည် နှစ်ဦးအကျိုးတူဆက်ဆံရေးတွင် အင်အားကြီးမားစွာပါဝင်ကြောင်း တရုတ်သံရုံးစစ်သံမှူး ဗိုလ်မှူးကြီးဟောင်ဖုကွမ်းက ပြောကြားသည်။

ကျူးဘားလေတပ်မှ လေယာဉ်မှူး ၁၁၇ ဦးနှင့် မြေပြင်အတတ်ပညာရှင် ၁၀၆ ဦးတို့သည် ၁၉၆၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်း နှစ်နှစ်တာကာလ၌ တရုတ်နိုင်ငံ လင်ဖန်းနှင့် ရှန်ယန်းမြို့များတွင် သင်တန်းတက်ရောက်ခဲ့ကြပြီး ကျူးဘားလေတပ်တွင် အဓိကလေသူရဲများ ဖြစ်လာခဲ့ကြသည်။

တရုတ်နိုင်ငံတွင် သင်တန်းတက်ရောက်ခဲ့သည့် ကျူးဘားလေတပ်စစ်မှုထမ်းဟောင်းများအနက် လက်ရှိတွင် ၈၇ ဦးသာ သက်ရှိထင်ရှားရှိတော့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ

ဒယ်ပေါ်ထရိုအား အနိုင်ရရှိပြီး အမေရိကန်အိုးပင်းတင်းနစ်ဖလား ဂျိုကိုဗစ် ဆွတ်ခူး

အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းတင်းနစ် နောက်ဆုံးဗိုလ်လုပွဲတွင် ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် ဒယ်ပေါ်ထရိုအား အနိုင်ရရှိပြီး အမေရိကန်အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဆားဘီးယားပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် အာဂျင်တီးနားတင်းနစ်ကစားသမား ဒယ်ပေါ်ထရိုအား ၆-၃၊ ၇-၆(၇-၄)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမေရိကန်အိုးပင်းတင်းနစ်ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အဆိုပါတင်းနစ်ပြိုင်ပွဲကို တတိယအကြိမ်မြောက်ဆုဖလားကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျိုကိုဗစ်သည် ဇူလိုင်လအတွင်းကလည်း ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့သူဖြစ်သည်။ ဂျိုကိုဗစ်အနေဖြင့် ယခုတစ်ကြိမ် အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့ခြင်းကြောင့် ဂရန်းဆလမ်းဆုဖလားကို ၁၄ ကြိမ်မြောက်ဆွတ်ခူးအောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်ပြီး တင်းနစ်လောက၏ နာမည်ကြီးပြိုင်ပွဲလေးခုဖြစ်သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ခြောက်ကြိမ်၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တစ်ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် လေးကြိမ်နှင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် သုံးကြိမ်စသည်ဖြင့် ဆုဖလားများရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျပန်တင်းနစ်မယ် အိုဆာကာ ပထမဆုံးအကြိမ်ဂရန်းဆလမ်းဆုဖလား ဆွတ်ခူး

ဂျပန်တင်းနစ်မယ် အိုဆာကာသည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံကို အနိုင်ရရှိခဲ့ခြင်းကြောင့် ပထမဆုံးအကြိမ် ဂရန်းဆလမ်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဂျပန်တင်းနစ်မယ် အိုဆာကာသည် အမေရိကန်အိုးပင်းတင်းနစ် နောက်ဆုံးဗိုလ်လုပွဲတွင် ဆရီနာဝီလျံအား ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၀ အရွယ်ရှိ တင်းနစ်မယ် အိုဆာကာသည် ဖခင်ဟေတီနိုင်ငံသား၊ မိခင်ဂျပန်နိုင်ငံသူတို့မှ မွေးဖွားလာခဲ့ခြင်းဖြစ်သော်လည်း ဂျပန်နိုင်ငံသူအဖြစ်ခံယူခဲ့ကာ တင်းနစ်လောကအတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် အိုဆာကာသည် အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ခဲ့သည့် ပထမဆုံးသော ဂျပန်နိုင်ငံကိုယ်စားပြုတင်းနစ်မယ်လည်း ဖြစ်လာခဲ့သည်။

ဂျပန်တင်းနစ်မယ် အိုဆာကာနှင့် ပွဲစဉ်တွင် စည်းကမ်းချိုးဖောက်မှုသုံးကြိမ်အထိ ကျူးလွန်ခဲ့သည့် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံမှာမူ ဒဏ်ငွေအဖြစ် ပေါင် ၁၃၀၀၀ (အမေရိကန် ဒေါ်လာ ၁၇၀၀၀) ချမှတ်ခံခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆရီနာဝီလျံသည် တင်းနစ်ရိုက်တံအား ချိုးဖျက်မှု၊ တင်းနစ်ရိုက်တံချိုးဖျက်မှုဖြစ်ပွားပြီးနောက် စည်းကြပ်ဒိုင်၏ ဆုံးဖြတ်မှုအပေါ် ဒိုင်လူကြီးက အမှတ်လျှော့ခဲ့ခြင်းကြောင့် ကြမ်းတမ်းစွာပြောဆိုခဲ့မှုတို့ကို ကျူးလွန်ခဲ့သဖြင့် ဒဏ်ငွေရိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် တင်းနစ်လောက၏ ပြိုင်ပွဲကြီးလေးခုဖြစ်သည့် ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်း၊ အမေရိကန်အိုးပင်းနှင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတို့တွင် စုစုပေါင်ဆုဖလား ၂၃ ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် သမီးတစ်ဦးမွေးဖွားခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ရန် ပြင်ဆင်လာခဲ့သော်လည်း ဆုဖလားနှင့် လွဲခဲ့ရသည်။

တိုက်စစ်မှူး မက်ပီနှင့် ဂျရူးတို့၏ သွင်းဂိုးများဖြင့် နယ်သာလန်အသင်းကို ပြင်သစ်အသင်းအနိုင်ရရှိ

ပြင်သစ်အသင်းနှင့် နယ်သာလန်အသင်းတို့၏ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲတွင် ပြင်သစ်အသင်းက နယ်သာလန်အသင်းကို တိုက်စစ်မှူး မက်ပီနှင့် ဂျရူးတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကစားခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့သည့်အသင်းဖြစ်ပြီး ယခုနေးရှင်းလိဂ်ပြိုင်ပွဲတွင်လည်း နယ်သာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းနှင့် နယ်သာလန်အသင်းတို့၏ ပွဲစဉ်တွင် ပြင်သစ်အသင်းသည် ပွဲကစားချိန် ၁၄ မိနစ်တွင် သွင်းယူခဲ့သည့် မက်ပီ၏ သွင်းဂိုး၊ ပွဲကစားချိန် ၇၄ မိနစ်တွင်သွင်းယူခဲ့သည့် ဂျရူး၏ သွင်းဂိုးတို့ဖြင့် သွင်းဂိုးနှစ်ဂိုးရရှိခဲ့ပြီး နယ်သာလန်အသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၆၇ မိနစ်တွင် ဘာဘယ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

နယ်သာလန်အသင်းသည် ခြေစစ်ပွဲမအောင်မြင်ခဲ့သဖြင့် ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရရှိခဲ့သည့်အသင်းဖြစ်ပြီး လက်ရှိတွင်လည်း ကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းကို ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ပြင်သစ်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး ဂျရူးသည် လက်ရှိတွင် သွင်းဂိုး ၃၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီဖြစ်သည်။ ပြင်သစ်အသင်းနှင့်အတူ ဂိုးအများဆုံးသွင်းယူပေးနိုင်ခဲ့သည့် ကစားသမားများကို ဖော်ပြရမည်ဆိုပါက ဟင်နရီက ၅၁ ဂိုး၊ ပလက်တီနီက ၄၁ ဂိုး၊ ထရီဇီဂတ်က ၃၄ ဂိုး၊ ဂျရူးက ၃၂ ဂိုးနှင့် ဇီဒန်းက ၃၁ ဂိုး အသီးသီးသွင်းယူပေးထားကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

ဘောလုံးလောက သတင်းတိုများ

- စပါးအသင်းနှင့် ဘာစီလိုနာအသင်းတို့က အေဂျက်အသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဒီဂျောင်အား ခေါ်ယူရန်ကမ်းလှမ်းထားသော်လည်း အေဂျက်အသင်းက ငြင်းဆိုထားကြောင်းသိရသည်။
- **မန်ယူအသင်းမှ အင်္ဂလန်နောက်တန်းကစားသမား လုခ်ရှောသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အိုးထရက်ဖို့ဒ်တွင် ဆက်ရှိနေရန်အတွက် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။**
- ချယ်လ်ဆီးအသင်းနည်းပြ ဆာရီက အီတလီစီးရီးအေကလပ် အေစီမီလန်အသင်း၏ နောက်တန်းကစားသမားများဖြစ်သည့် ရိုမက်ဂ်နိုလီနှင့် ကယ်လ်ဒါရာတို့အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။
- **အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်အနေဖြင့် စက်တင်ဘာ ၁၁ ရက်တွင် ကစားမည့် ဆွစ်ဇာလန်အသင်းနှင့် ခြေစမ်းပွဲစဉ်တွင် ကစားသမားကိုးဦးအထိ အပြောင်းအလဲပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**
- ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်းတစ်ဦးဖြစ်သည့် ဇီဒန်းအနေဖြင့် မကြာမီကာလအတွင်း နည်းပြဘဝကို ပြန်လည်ရောက်ရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကျောက်မီးသွေးတွင်း မြေပြိုကျမှုများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထား

ဆော စက်တင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်မြောင်းကျေးရွာအနီး ထွန်းရာဇကုမ္ပဏီပိုင်ကျောက်မီးသွေးတွင်းအတွင်း စက်တင်ဘာ ၆ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး စက်တင်ဘာ ၉ ရက်ထိ ကုမ္ပဏီလုပ်သားတစ်ဦးဒဏ်ရာရ(စိုးရိမ်ရ)၊ လေးဦးသေဆုံး၊ လေးဦးပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။

ကျန်ပိတ်မိနေသူလေးဦးအား ကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်ရန် သတ္တုတွင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမန်နေဂျာ ဦးသိန်းဝင်း၊ လက်ထောက်မန်နေဂျာ ဦးစောဇော်လင်းအောင်နှင့် ကျောက်မီးသွေးတွင်းလုပ်သား ဦးနိုင်ဦးပါ ရှစ်ဦးအဖွဲ့သည် နည်းပညာအထောက်အကူပြုကိရိယာဖြင့် စမ်းသပ်စစ်ဆေးတွေ့ရှိချက်အရ တွင်းအတွင်း လေသန့်စင်မှုကောင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က ကျောက်မီးသွေးတွင်းအတွင်း ဝင်ရောက်စစ်ဆေးခြင်းနှင့် ပြင်ဆင်ဆယ်တင်ရေးလုပ်ငန်းဆောင်ရွက်ရန် ဝင်ရောက်ခဲ့သည့် ဦးကိုကိုလှိုင်ပါ ၁၁ ဦးတို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ကျောက်မီးသွေးတွင်းအတွင်းမှ ပြန်လည်တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျောက်မီးသွေးတွင်းအတွင်း ပေ ၆၀၀ အထိ ဝင်ရောက်စစ်ဆေးခဲ့ရာ ပေ ၄၀၀ ခန့်နေရာမှစ၍ နည်းပညာအထောက်အကူပြုကိရိယာ အချက်ပြမှုအရ အောက်ဆီဂျင်နည်းပါးခြင်း၊ လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် ဓာတ်ငွေ့(မီသိန်းဓာတ်ငွေ့)ပမာဏ များပြားလွန်းခြင်းနှင့် ဖြစ်စဉ်များကြောင့် မြေပြိုမှုတွင် ဖယ်ရှားရန်ခက်ခဲသည့် ကျောက်တုံးကြီးရှိနေခြင်း၊ စစ်ဆေးရောက်ရှိနေရာ ပေ ၆၀၀ နေရာမှ နောက်ထပ်ခန့်မှန်းပေ ၇၀ ခန့်အကွာတွင် မြေပြိုကျမှုများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းတို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသင့်ကြောင်း ဦးကိုကိုလှိုင်၏ပြောပြချက်အရ သိရသည်။

အဆိုပါ ကျောက်မီးသွေးတွင်းအတွင်း စစ်ဆေးတွေ့ရှိမှုအပေါ် ကုမ္ပဏီက ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားကြောင်းသိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ထွန်းရာဇ(မန္တလေး) သတ္တုတွင်းတူးဖော်ရေးကုမ္ပဏီ မန်နေဂျာ ဦးမင်းမင်းဦးအား အမှုဖွင့်အရေးယူစစ်ဆေးနေကြောင်း ဆောမြို့မရဲစခန်းမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်ပူမြို့နယ်၌ တောဆင်ရိုင်းလေးကောင်က စိုက်ခင်းများအား ဝင်ရောက်ဖျက်ဆီး

နေပြည်တော် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် ကျောက်ကြီးမြောင်ကျေးရွာအနောက်ဘက် ရခိုင်ရိုးမတောစပ်ရှိ လူနေတဲ နှစ်လုံးနှင့် စပါးစိုက်ခင်း နှစ်ဧကအား စက်တင်ဘာ ၈ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် တောဆင်ရိုင်း လေးကောင် ဝင်ရောက်ဖျက်ဆီးခဲ့ကြောင်း သတင်းအရ ကွင်းကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းခြောက်လှန့်ခဲ့သဖြင့် တောဆင်ရိုင်းလေးကောင်မှာ ရခိုင်ရိုးမအတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြောင်း သိရသည်။

ရဲပြန်ကြား

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၁၀၊ သွင်းကုန် ၅၂၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၈၅ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၁၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၂၀၇ သန်းခန့်) စုစုပေါင်းတားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၃၁၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများကို တွေ့ရစဉ်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ၁၂ ဘီးယာဉ် တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းကိုးမျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၁၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မော်လမြိုင်ကျွန်းမြို့နယ်၌ စက်လှေနှစ်စင်းတိုက်မိ တစ်ဦးသေ၊ တစ်ဦး ပျောက်ဆုံးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

မော်လမြိုင်ကျွန်းမြို့နယ် ရေဘုတ်ကျေးရွာအနီး ရေဘုတ်ချောင်းအကွေ့၌ စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီခွဲက သီလချောင်းကျေးရွာမှ ဘလေးကျေးရွာသို့ ခင်မောင်ဝင်းမောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်ဖြူဖြူလိုက်ပါလာသည့် စက်လှေနှင့် မျက်နှာချင်းဆိုင်မှ ရေဘုတ်ကျေးရွာနေ မဇင်မာ မောင်းနှင်ပြီး အစ်မဝမ်းကွဲဖြစ်သူ မနိုင်နိုင်မော်၊ ၎င်း၏သားဖြစ်သူ ကျော်ဇင်ဟိန်း၊ သမီးဖြစ်သူ မစံယွန်းမေနှင့် မမေသူကျော်တို့ လိုက်ပါလာသည့် စက်လှေတို့ တိုက်မိတိမ်းမှောက်ခဲ့သဖြင့် မစံယွန်းမေနှင့် မမေသူကျော်တို့ နှစ်ဦးမှာ ရေနစ်ပျောက်ဆုံးသွားခဲ့ရာ ည ၇ နာရီ ၄၅ မိနစ်တွင် မစံယွန်းမေ၏အလောင်းကို ပြန်လည်တွေ့ရှိပြီး မမေသူကျော်မှာ ပျောက်ဆုံးလျက်ရှိသောကြောင့် ခင်မောင်ဝင်းနှင့် မဇင်မာတို့ကို မော်လမြိုင်ကျွန်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၀

မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် ည ၉ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၂) ရပ်ကွက်နေ မတင်တင်လှ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀နှင့် ငွေကျပ် ၁၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ ထွန်းနိုင်(ခ)ထွန်းထွန်းနိုင်(ခ)ဆိတ်ပေါက်အား ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၂) ရပ်ကွက်ရှိဘီယာဆိုင်၌ ငွေကျပ် ၁၄၀၃၀၀၀၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိသည်။

အလားတူ ယမန်နေ့ နံနက်ပိုင်းတွင် အမရပူရမြို့နယ် ကင်းဘတ်ကျေးရွာရှိ ထွန်းနိုင်(ခ)ထွန်းထွန်းနိုင်(ခ)ဆိတ်ပေါက်၏ နေအိမ်ကိုရှာဖွေရာ ခြံစည်းရိုးအနီး မြှုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀၊ ဘိန်းဖြူဆပ်ပြာခွက် ၇၇ ခွက် (ဘိန်းဖြူအလေးချိန် ၇၇၀ ဂရမ်)နှင့် ငွေကျပ် ၁၀၇ သိန်းတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဇော်မင်းထွန်း(ခ)ကျိုကုန်းအား ကျောက်ဆည်မြို့နယ် ကုလကျေးရွာအနီး ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြဝတီမြို့၌ စိတ်ကြွဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှုနောက်ဆက်တွဲ လက်နက်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၀

ကရင်ပြည်နယ် မြဝတီမြို့မရဲစခန်းတွင် ယမန်နေ့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၀(က)/၂၂(ခ)/၂၁ အမှုမှ တရားခံ ကျော်ခိုပါလေးဦးတို့အား စစ်ဆေးရာ လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာရှိ ကျော်ခို၏ ဆောက်လုပ်စတိုက်အိမ်ရှိ အိမ်စောင့် ဒိုင်းပြကျေးရွာနေ ငြိမ်းချမ်းထူး(ခ)ပဲပြားထံမှ BSA အမျိုးအစား စနိုက်ပါနှင့် ကျည်တစ်တောင့်ပါ ကျည်အိမ်တပ်လျက် ပွိုင့် ၂၂ သေနတ် တစ်လက်၊ TASCO အမျိုးအစား စနိုက်ပါ တစ်ခု၊ ကြေးနန်းကြိုး ၁၃ ထုံး(၃ ပိဿာ ၆၂ ကျပ်သား)နှင့် အရိုးအသွား လက်မ ၄၀ ခန့်ရှိ ဓားရှည်တစ်ချောင်းကို လည်းကောင်း၊ ထို့အတူ အဆိုပါကျေးရွာနေ ဦးအောင်တင်သိန်း (ခ)ကျဖုန်း၏ နေအိမ်မှ တရားခံကျော်ခိုအပ်ထားသော စနိုက်ပါနှင့် ကျည်ခုနစ်တောင့်ပါ ကျည်အိမ်တပ်လျက် ပွိုင့် ၂၂ သေနတ်တစ်လက်ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ခို၊ ငြိမ်းချမ်းအောင်(ခ) ပဲပြား(ဖမ်းမိ)နှင့် ဦးအောင်တင်သိန်း(ခ)ကျဖုန်းတို့ကို လှိုင်းဘွဲ့မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မိုးကုတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မိုးကုတ် စက်တင်ဘာ ၁၀

မိုးကုတ်မြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တက်ဘာ ၉ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ်ဘက်မှ မိုးကုတ်မြို့နယ်ဘက်သို့ ယာဉ်မောင်း အစိုင်းမောင်းနှင်လာသော ခဲရောင် SURF ယာဉ်ကို မိုးကုတ်မြို့နယ် လယ်ကြီးစစ်ဆေးရေးဂိတ်တွင် ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် အိုက်ရီ၊ အိုက်နနှင့် အိုက်တီ(ခ)ကျော်စိန်တို့ လိုက်ပါလာပြီး ယာဉ်၏နောက်ခန်းတွင် ကတ်ထူစက္ကူပုံး သုံးပုံးဖြင့် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါရောင် အမှုန့်ပါရောင်စုံဆပ်ပြာခွက် ၃၈၂ ခွက် (စုစုပေါင်းအလေးချိန် ၄၅၈၄ ဂရမ်) တန်ဖိုးငွေကျပ် ၄၅၈၄ သိန်းနှင့် ကားခေါင်မိုးမျက်နှာကြက်ကြားတွင် တစ်ထုပ်လျှင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီ ထည့်ထားသည့် အိတ်ပေါင်း ၁၄၆ ထုပ် (စုစုပေါင်း ဆေးပြား ၂၉၂၀၀ ပြား) (တန်ဖိုးငွေကျပ် ၈၇၆ သိန်း) ဘိန်းဖြူနှင့် ဆေးပြား စုစုပေါင်းတန်ဖိုးငွေကျပ် ၅၄၆၀ သိန်းကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အစိုင်း၊ အိုက်ရီ၊ အိုက်န အိုက်တီ (ခ)ကျော်စိန်တို့ လေးဦးအား မိုးကုတ်မြို့နယ် မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားပြီး ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

ဓာတ်လှေခါးအတွင်း ပိတ်မိနေသည့် အမျိုးသမီးတစ်ဦးအား ကယ်ထုတ်ရ

ရန်ကုန် စက်တင်ဘာ ၁၀

မရမ်းကုန်းမြို့နယ်(၇)ရပ်ကွက် ပါရမီလေကြောင်း အရာရှိရိပ်သာ တိုက်အမှတ် (A)4-အလွှာ၌ ယနေ့ ည ၇ နာရီ ၅ မိနစ်တွင် ရုတ်တရက်လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ဓာတ်လှေခါးအတွင်း ပိတ်မိနေသူ ဒုတိယစာရင်းကိုင်ချုပ် ဒေါ်ငြိမ်းခိုင်စိုးအား မရမ်းကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့ည ၇ နာရီ ၄၈ မိနစ်တွင် ဘေးကင်းစွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူး ကိုရဲနှင့် အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေးတို့ထံမှ သိရသည်။

သတင်း-မျိုးမင်းသိန်း၊ ဓာတ်ပုံ-လှထွေး

လွမ်းတရသောပွဲခင်းညများ

ဆူးငှက်

ဘုရားပွဲအစ ဘုရားသုံးဆူက

သီတင်းကျွတ်လဆန်း လျှင်ပင် မန္တလေးမြို့သူ မြို့သားများကား 'ဘုရားပွဲ၊ ဘုရားပွဲ' ဟူသော သတိတရ စိတ်က နေ့၊ ညမပြတ် နှိုးဆွ နေတော့၏။ လူကြီးသူမ များကလည်း ဥပုသ်နေ့ သီလမယူမီပင် ဘုရားပွဲ အတွက် ခေါင်းချင်းဆိုင်ကြ ရတော့သည်။ ဒီနှစ် ဘယ် သူ့ဇာတ်ငှားမလဲ၊ ဘယ်သူ့ အငြိမ့်ငှားမလဲ တိုင်ပင်ကြ ၏။ ဆိုင်ရာဆိုင်ရာ အငြိမ့် များက မန်နေဂျာ၊ မင်းသမီး၊ လူရွှင်တော်၊ ဒိုးတီးစသူတို့ ကလည်း မိမိနှင့် ပတ်သက် ရာ ဘုရားလူကြီးတွေဆီ ချဉ်းကပ်လျက် သူ့အငြိမ့်၊ ကိုယ့်အငြိမ့်ကို ငှားဖို့ ဆွယ် ကြသည်။

အိမ်တော်ရာ ဆင်တံတား ကတော့ လမင်းတစ်ရာ အငြိမ့်တဲ့။ မြောက်မုခ်က လည်း နာမည်ကြီးအငြိမ့်ဖြစ်ဖို့ များသည်။

မန္တလေးမှာက ဘုရားပွဲများကို ဘုရားသုံးဆူပွဲမှ စသည်ဟု လူကြီးသူမများ ပြောဖူး၏။ "ဘုရားပွဲအစ ဘုရားသုံးဆူက၊ ဘုရားပွဲအဆုံး ဗေဒါကုန်း" တဲ့။ သဘောက သီတင်းကျွတ်လဆန်းက စသော ဘုရား သုံးဆူဘုရားပွဲ ကနေ ကဆုန်လပြည့်နေ့မှာ ကျင်းပသော ဗေဒါကုန်း ဘုရားပွဲအထိ ဘုရားပွဲတွေ ဆက်တိုက် ဆက်တိုက် ရှိနေသည့်သဘော။

တော်ပါသေးရဲ့၊ ဘုရားသုံးဆူပွဲမှာလည်း မိုးလွတ် သည်။ မြို့လယ်ကောင် ကြေးရတတ်များ အရပ်မို့ အငြိမ့် ကောင်းတွေပါသော ဘုရားပွဲဖြစ်သည်။ ကလေးကစား စရာ အိုးပုတ်သည်များနှင့် ချားရဟတ်၊ မျက်လှည့်များ ကလည်း တော်သလင်းလကုန်ကတည်းက ဘုရားရှေ့ ရောက်နေကြပြီ။ ထို့အတူ တော်သလင်းလပြည့်နေ့ မလွန်ဆန်လှူအသင်းပွဲကတည်းက အရှိန်ရခဲ့သော 'သီးသီးရိုက်ပွဲ' ကလည်း ဘုရားသုံးဆူပွဲမစခင်ကတည်း က ဘုရားရှေ့ ၈၂ လမ်းပေါ်မှာ တရုန်းရုန်း။

ဘုရားသုံးဆူပွဲအပြီး သီတင်းကျွတ်လဆန်း ၈ ရက် နေ့ကတည်းက လူငယ်တွေ အလုပ်ရှုပ်ကြပြီ။ 'ဗုဒ္ဓဝေယျာ ဝစ္စ ကသလနိစ္စ' အသင်းပိုင် တိုက်ပန်းကန်ပြားတွေကို ဆီစက်ဝင်းရှေ့က ကျုံးရေကန်မှာ ဆေးကြောသုတ်သင်၊ နံပါတ်တွေကပ်ပြီး အရပ်ထဲဝေရတော့မည်။ ဆွမ်းတော် ကြီးပွဲအတွက် ယွန်းဗျပ်များလည်း ဝေရမည်။ အိမ် တော်ရာဘုရား အနောက်ဘက် ကွင်းထဲမှာ ဇာတ်စင်က အဆင်သင့်။ သေတ္တာဖွင့်ဖို့ ကမည့်ဇာတ်အဖွဲ့ကလည်း ကြိုရောက်နေနှင့်၏။

အကြော်ဆိုင်များကတော့ ညတိုင်း ခေတ်မီး တထိန်ထိန်နှင့် တရုန်းရုန်း။

ဆီးဖြူသီး ဆားရည်စိမ်နှင့် ငါးပိကြော်

သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ရောက်တော့ အိမ်တိုင်းစေ့ မီးပုံးတွေ ဆင်ပြီးကြပြီ။ စားပွဲ၊ ကုလား ထိုင်တွေ ရွှေ့ပြောင်းဆင်ထားကြပြီ။ စဥ့်အိုးထဲ သိပ် ထည့်ထားသော ဆီးဖြူသီးတွေကို လက်နဲ့တို့ပြီး နပ် မနပ်စမ်းကြည့်ကြပြီ။ အိမ်ပေါက်စေ့ ငါးပိကြော်ကို တရှဲရှဲ ကြော်ကြ၏။ ဆီးဖြူသီး ဆားရည်စိမ်နှင့်က ငါးပိကြော်ပဲ လိုက်တာပေါ့။

ဘုရားပွဲမှာလည်း သံဇရပ်မှာ မဏ္ဍပ်ဦးနဲ့က ဆွမ်း တော်ကြီးခံ မဏ္ဍပ်ဆောက်နေပြီ။

လဆန်း ၁၁ ရက်နေ့မှာ အရှေ့မုခ်က စိန်ဘညိုဆိုင်း ပါ၏။ အနောက်ဘက်မှာ ဇာတ်လည်းကပြီး အပျိုတော် ၏ စင်တိုင်သံက တစာစာ ကြားနေရ၏။ စနေထောင့် မှာ အငြိမ့်ပွဲလည်း ပါသည်။ မိုးသာလင်းသွားရော မအိပ်လိုက်ရ။

ဘုရားပွဲနေ့၊ လဆန်း ၁၂ ရက်နေ့မှာတော့ မနက် လင်းကတည်းက မအားတော့။ အိမ်နှင့် ဘုရားဝင်းထဲ ဘယ်နှခေါက်မှန်းမသိတော့။ အိမ်နှင့် ဘုရားဝင်း ကူး တိုင်း ကြားမှာဆီး၍ ငယ်ဆရာဦးမဏ္ဍပ်နှင့် ဦးညဏတို့ ခိုင်းသမျှလည်း ဝတ်ဖြည့်လုပ်ကိုင်ပေးရသေးသည်။ သည်နှစ်မှာ အိမ်မှာ အဖေက ပေါင်မုန့်လုံးကြီးတွေ ဝယ် ပြီး ဓားနှင့် ခပ်ထူထူ လှီးသည်။ ထို့နောက် ဒယ်အိုးကြီး တစ်ခုထဲ ပဲဆီစစ်စစ်များ လောင်းထည့်ပြီး ဆီကျက် တော့ ပေါင်မုန့်ချပ်ကြီးတွေကို ရဲနေအောင်ကြော်၏။ အနားက ကြွေဇလုံကြီးထဲမှာတော့ ဓားတန်း ဘိလပ်ရည် လိမ္မော်ကတစ်ဇလုံ၊ ကရင်ဆိုဒါက တစ်ဇလုံ၊ နာနတ် ရည်က တစ်ဇလုံ ထားပြီး ကျက်သမျှ ပေါင်မုန့်ချပ်ကြီး တွေကို ဇလုံးတစ်လုံးစီထဲ နှစ်သည်။ ထိုအခါ တချို့ ပေါင်မုန့်က လိမ္မော်နံ့တသင်းသင်း။ တချို့က ကရင် ဆိုဒါနံ့၊ တချို့က နာနတ်နံ့။

ထိုပေါင်မုန့်ကြော်များမှာ ညမှာလာမည့် ဧည့်သည် တွေ ကျွေးမည်။ အိမ်လေးမှာလည်း အဖေကိုယ်တိုင် ချိုးထားသော ဘီလူးမျက်ကွင်း မီးပုံးများ၊ ငါးမြှောင့် ကြယ် မီးပုံးများ ချိတ်ဆွဲထားသည်။ ထို့နောက် အောင် ခြင်းရှစ်ပါး မီးလည်ကိုလည်း စားပွဲ တစ်လုံးမှာ ချထား ၏။

> အိမ်တိုင်းစေ့ မီးပုံးတွေ ဆင်ပြီးကြပြီ။ စားပွဲ၊ ကုလားထိုင်တွေ ရွှေ့ပြောင်းဆင်ထားကြပြီ။ စဥ့်အိုးထဲသိပ်ထည့်ထားသော ဆီးဖြူသီးတွေကို လက်နဲ့တို့ပြီး နပ်မနပ်စမ်းကြည့်ကြပြီ။ အိမ်ပေါက်စေ့ ငါးပိကြော်ကို . . .

ထိုနေ့မှာတော့ မိုးစုပ်စုပ်ချုပ်တောင် မအားမလပ်လို့ အဝတ်အစား မလဲလိုက်ရ၊ အိမ်ရောက်နေပြန်တော့ ဘုရားထဲက အသံချဲ့စက်က တကြော်ကြော် အော်ခေါ် သည်။ ဘုရားထဲဆွမ်းကြီးခံဇရပ်ရောက်တော့ အိမ်မှာ ဧည့်သည်ရောက်နေလို့ လာခေါ်၏။ ဤသို့ဖြင့် ဧည့်ပြတ် ချိန် ညသန်းခေါင်နီးမှ အနားရတော့သည်။ ထိုအခါ အငြိမ့်စင်ဘေး ငေးရတော့၏။ မိမိနှစ်သက်သော အငြိမ့် သီချင်း မင်းသမီးကကြိုးနှင့် ပြက်လုံးတွေကို ခံစားရ တော့၏။ သို့သော် ပွဲပြီးအောင် မနေလိုက်ရ၊ မနက်မှာ လောင်းလှူမည့် ဆွမ်းသပိတ်စာရင်းတွေ ကောက်ဖို့ ဇရပ်ပြန်ရသည်။ အရုဏ်ကျင်းလျှင် ဆွမ်းကြီးလောင်း မည်။ ဤသို့ဖြင့် သည်တစ်နှစ် အိမ်တော်ရာဘုရားပွဲ လည်း ပြီးတော့မည်။ လွမ်းဆွတ်တသစွာ စေတီတော် ကြီးအား မော့ကြည့်မိ၏။ မီးရောင်များကြောင့် စေတီ တော်ကြီး၏ ရွှေရောင် ဖိတ်လက်ဝင်းပနေသည်။

နက်ဖြန်ခါ သကျသီဟဘုရားပွဲ၊ ပြီးတော့ ရတနာမဥ္ဇူ ဘုရားပွဲ။

သကျသီဟနှင့် ရတနာမဥ္ဇူဘုရားပွဲ

မနေ့ည တစ်ညလုံး အိပ်ရေးပျက်သော်လည်း သည် ကနေ့ သကျသီဟနှင့် ရတနာမဥ္ဇူဘုရားပွဲ သွားဖို့လည်း ရွှင်လန်းတက်ကြွနေ၏။ ညနေစောင်းကတည်းက လူစုရတာ အမော။ ပါနေကျ စာရေးကြီးက သည်နှစ် မအားသလိုလို လုပ်နေသည်။

သူမပါလို့မဖြစ် လူငယ်အဖွဲ့မှာ သူပါမှ ဖြစ်မည်။ သူပါ မှ အိမ်ကလူကြီးတွေလည်း စိတ်ချသည်။ ထို့အတူ ဦးစာဗျောသား ကိုစိန်လွင် မပါလို့လည်း မဖြစ်။ ကိုစိန် လွင်က ပျော်တတ်သည်။ ပွဲစိုစေသည်။ အထူးသဖြင့် သကျသီဟနှင့် ရတနာမဥ္ဇူဘုရားအကူး ပုဏ္ဏားကုန်းထဲ မီးအမှောင်အဖြတ်မှာ သီချင်းတကြော်ကြော် သီဆိုပြီး ကခုန်ကာ မပျင်းစေရ၊ မကြောက်စေရအောင် တတ်နိုင် သူက သူပဲရှိသည်။

သကျသီဟမှာတော့ သိပ်အချိန်ကြာကြာ မဖြုန်း၊ အငြိမ့်တွေက အိမ်တော်ရာမှာ ဘုရားသုံးဆူမှာ ကြည့် ပြီးသားချည်း။ တစ်ခုတော့ရှိသည် အနောက်တောင် ထောင့်က ရွှေဘိုတင်မောင် ရုပ်သေးပွဲက ဟိမဝန္တာခန်း တော့ ကြည့်ချင်သေးသည်။

သကျသီဟမှာ ပတ်ပြီးတော့ သဘော်တန်းအရပ် ဘုရားပွဲမှာ တီးဝိုင်းမှာ ခဏငေး၊ မွတ်စလင်သချိုင်း ဖြတ်ကာ ပုဏ္ဏားကုန်းမှတစ်ဆင့် ရတနာမဥ္ဇူဘုရားပွဲ သွားရတာ ပျော်စရာကောင်းလှ၏။

ရတနာမဥ္ဇူရောက်တော့ အငြိမ့်တွေက အော်ပရာ ထွက်တော့မည် အံကျ။ ဘုရားဝင်းထဲ ကျယ်ကျယ်၊ သန့်သန့်ပြန့်ပြန့်။ ထို့ကြောင့် ပွဲဝင်းထဲတိုးဝှေ့ပြီး စိမ်ပြေ နပြေ အငြိမ့်ကြည့်ကြရုံပေါ့။

သည်နှစ် ဘယ်အငြိမ့် အော်ပရာက ဘယ်လို၊ အငြိမ့် ခန်း ဘယ့်နှယ်၊ ပြက်လုံးခွင်က ဘယ်သင်းဆိုတာ ရတနာ မဥ္ဇူပွဲမှာမှ အကဲခတ်ရတာပေါ့။ ပွဲခင်းထဲက ကြံပန်းခိုင် သည်က တစာစာ။

ရေခဲချောင်းသည်၏ ကလိုင်က မရပ်မနား။ သို့ သော် အငြိမ့်စင်က ကတ္တီပါကားနီကြီးအပွင့်၊ ဇာတ်ဝင် ခန်း၏ ခမ်းနားသော မြင်ကွင်းက အသံတွေကို ငြိမ်သက် သွားစေ၏။ ဇာတ်ပို့တီးလုံးအသံက မှိန်ဖျော့သွားချိန်။

"သမီးတော်ဟာ ခမည်းတော်အတွက်သာ စိုးရိမ်ကြောက် ရွံ့နေတာပါ၊ ခမည်းတော်က မင်းဧကရာဇ်တစ်ပါးရဲ့ ကြီးကျယ်မြင့်မားမှုဟာ လက်နက်ထဲမှာသာရှိတယ်လို့ ယုံကြည်ထားသူ မဟုတ်လား"

"ဘာ ခမည်းတော်ကို ပြန်လည်လျှောက်ထားပါဦး သယ်မိတ္တာရဲ့၊ မင်းဧကရာဇ်တစ်ပါးရဲ့ ကြီးကျယ်မှု ဆိုတာ ဟောဒီလက်နက်ကလွဲလို့ ဘယ်မှာများရှိဦးမှာ လဲ သမီးတော်ရဲ့ ဟား . . . ဟား . . . ဟား . . ."

"မင်းဧကရာဇ်တစ်ပါးရဲ့ ကြီးကျယ်မှုဆိုတာ နှလုံးသားထဲမှာသာ တည်ရှိပါတယ်၊ နှလုံးသားရဲ့ ကျယ်ပြန့်မှု၊ သန့်စင်မှု၊ ကြီးမြင့်မှုကသာ တကယ့် ကြီးကျယ်မြင့်မားမှုပါ ခမည်းတော်"

အာသောကသည် ခေါင်းကို ယမ်းလျက် မျှဉ်းမျှဉ်းမျှ ရယ်၏။ ထို့နောက် လေသံတိုးတိုးဖြင့် -

"နှလုံးသားရဲ့ ကြီးကျယ်မြင့်မားမှု၊ နှလုံးသားရဲ့ ကြီးကျယ်မြင့်မားမှု၊ ဟားဟား . . . ဟားဟား၊ နှလုံးသား ရဲ့ ကြီးကျယ်မြင့်မားမှုတဲ့လား၊ ငါသိပြီ သမီးတော် ငါသိပြီ၊ ဩော် . . . ကျွတ်ကျွတ်ကျွတ် နောက်ဆုံး တော့ ကလိင်္ဂရဟန်းတွေရဲ့ ဩဇာက ငါ့သမီးတော် အပေါ်မှာ လွှမ်းမိုးနေပြီကော၊ အင်း . . . မိန်းမသား တစ်ယောက်ရဲ့ နှလုံးသားဟာ အလွန်နူးညံ့အားနည်းနေ တာပေါ့"

ဘော့စ်ဂစ်တာ၏ တဒီဒီအသံက ဆူညံထွက်လာသည်။ ပွဲခင်းက လှုပ်လှုပ်ရွရွ၊ မိုးသားအနည်းငယ်ရှိသော်လည်း သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့ ညသည် အုံ့အိုက် အိုက်ဖြစ်နေသည်။ အငြိမ့်စင်ဘေး လူအုပ်ကြားမှာ တိုး ဝှေ့နေရာယူကာ အငြိမ့်စင်ဆီ အာရုံစိုက်နေရပေမယ့် ချွေးတွေ စီးကျနေသည်။

ခပ်လှမ်းလှမ်း အာရုံခံဇရပ်ဆီမှာ အလှူရှင်စာရင်း ကြေညာသံက ပွဲခင်းထဲ တိုးဝင်လာ၏။ အရပ်ပုသော ကြောင့်၊ လူအုပ်ရှေ့ရောက်နေသောကြောင့် နောက် နားဆီမှ အဖော်များက ပခုံးကိုလက်တို့ခေါ်၍ ပွဲခင်း အပြင်သို့ တိုးဝှေ့ထွက်ခဲ့ရသည်။

"ဇဋ္ဌိလဇရပ်က အုန်းအုန်းကြင်တို့ဆီ သွားကြဦးစို့၊ သူတို့က ဖိတ်ထားသေးတယ်၊ စမူဆာကျွေးမှာတဲ့" ဟု အဖော်များက ပြော၏။ ထို့ကြောင့် ပွဲခင်းမှသည် ဇဋ္ဌိလ ဇရပ်ဆီ ခြေဦးလှည့်ကြသည်။ အရှေ့မုခ်အာရုံခံထဲမှာ နန်းတော်ရှေ့ စည်တော်ကြီးအဖွဲ့က တဗိန်းဗိန်း တီး မှုတ်နေ၏။

ရတနာမဥ္ဇူဘုရားဝင်းအတွင်းမှာတော့ လူတွေ တိုး ဝှေ့ဆဲ။ ဘုရားဝင်းအတွင်း ခေတ်မီးရောင်တန်းကြီးတွေ က ကောင်းကင်ကို ထိုးထွက်နေသည်။

ကကြိုးကကွက်၊ တီးလုံးတီးကွက်နှင့် မီးပြာပျပျ

ဥဒ္ဒေနီပြည် နန်းဆောင်အတွင်းမှ စောင်းသံက ထွက် လာ၏။ မီးကို အပြာဖျော့ဖျော့ ဖျန်းသည်။ အသန္ဒိ မိတ္တာမင်းသမီးသာ မီးရောင်မှာ ကြွနေ၏။ စောင်းသံက ပြတ်သားနွဲ့လျနေသည်။

ပြည်အာဝန္တိ၊ ခေါ်တွင် ညီ၍ ပွင့်စည်လင်းသာ။ နတ်ပြည်လားလို့၊ မခြားသီရိ၊ ဘုန်းရှိရှိနှင့် မစ္ဆိမတိုက်၊ ကျွန်းထိပ်၌လျှင်

ပွဲခင်းလူအုပ်ကြားတိုးပြီး နေရာလွတ်မှာ ဖိနပ်ချပြီး စိမ်ပြေနပြေ ထိုင်ကြည့်လိုက်သည်။

ကတ္တီပါပြည်ဖုံးကား . . . ကား ပိတ်ချည် မချည်။

ကန့်လန့်ကာ တက်ချည် သက်ချည်။

ကကြိုးကကွက်၊ တီးလုံးတီးကွက်နှင့် မီးပြာပျပျများ က တစ်ခန်းပြီးတစ်ခန်း ဆွဲခေါ်သွား၏။ ပခုံးနောက်မှ တို့လိုက်ကာခေါ်လိုက်သော အဖော်ကြောင့် ပွဲခင်း အပြင်ထွက်လိုက်ရပေမယ့် အာရုံမပြတ်။

ထို့အတူ အုန်းအုန်းကြင်တို့ ဇဋ္ဌိလဇရပ်မှာ စမူဆာနှင့် လက်ဖက်ရည်သောက်ရင်းလည်း အာရုံမပြတ် လည် တဆံ့ဆံ့။

မန္တလေး၏ လွတ်လပ်ငြိမ်းချမ်းသော ပွဲခင်းညချမ်း များကို လွမ်းပါဘိတော့။ ။

ကြေးမုံ

စက်တင်ဘာ ၁၁၊ ၂၀၁၈

မုံရွာမြို့လုံခြုံရေး ရှောင်တခင်စစ်ဆေး

မုံရွာ စက်တင်ဘာ ၁၀

မုံရွာမြို့ပြလုံခြုံရေးအတွက် ဥပဒေစိုးမိုးမှုရှိစေရန် ရှောင်တခင်လျှပ်တစ်ပြက်စစ်ဆေးမှုများကို စက်တင်ဘာ ၉ ရက်ညမှစတင်ကာ မုံရွာမြို့ အရပ်ဘက်အဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်အင်အားသုံးကာ နေရာစုံ လှည့်လည်ဆောင်ရွက်ခဲ့သည်။

"စစ်ဆေးဆောင်ရွက်တာတွေကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက်ကြည့်ရှုပါတယ်" ဟု ဒုရဲမှူးကြီးသန်းဝင်းကပြောသည်။

ခိုးဆိုးလုယက် မသမာမှုများ၏ ဇာစ်မြစ်သည် မူးယစ်ဆေးမှုဖြစ်နိုင်သည့်အတွက် မူးယစ်ဆေးရှာဖွေဖမ်းဆီးခြင်းများကို ရှောင်တခင်စစ်ဆေးခြင်းနှင့်အတူ ဆောင်ရွက်ရန်နှင့် နေ့စဉ် ယာဉ်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုများ လျော့ကျစေရန်အတွက် ဆိုင်ကယ်ဦးထုပ်မဆောင်းသူများကို ပညာပေးခြင်းအရေးယူခြင်းများ ဆက်တိုက်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သောကူညီပံ့ပိုးမှုများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

မျိုးဝင်းထွန်း(မုံရွာ)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) (၁၄)ကြိမ်မြောက် ပန်းချီ၊ ပန်းပုပြပွဲနှင့် ဂီတသဘင် စင်တင် တင်ဆက်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၁၀

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် (၁၄) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတသဘင် စင်တင်ဖျော်ဖြေတင်ဆက်ပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များသည် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲ၏ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြပြီး ဆက်လက်၍ အမျိုးသားဇာတ်ရုံတွင် ဂီတသဘင် စင်တင်တင်ဆက်ပွဲကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဘွဲ့ယူကျောင်းဆင်းကြမည့် ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီအနုပညာလက်ရာ ရေဆေး၊ ဆီဆေး ၂၂ ကား၊ ပန်းပုလက်ရာရုပ်တု ၁၁ ရုပ်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန၏ အနုပညာဖန်တီးမှုများ ခင်းကျင်းပြသထားပြီး ဂီတနှင့်သဘင်ပညာဌာနပူးပေါင်း၍ စွမ်းရည်ပြပွဲအစီအစဉ်တင်ဆက်မှု ၁၃ မျိုးတို့ဖြင့် စီစဉ်တင်ဆက်သည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး အမျိုးသမီး ကော်မတီအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်များ၊ စာပေဘာသာရပ်များကို သင်ကြားပေးပြီး နှစ်စဉ် အနုပညာရှင်များ မွေးထုတ်ပေးရာ ၁၄ နှစ်တာ အနုပညာခရီးရောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဗန်းမော်-မြစ်ကြီးနားခရိုင်ချင်းဆက်လမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၁၀

ကချင်ပြည်နယ်အတွင်း မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း လုပ်ငန်းစီမံကိန်းပေါ်ရှိ ဗန်းမော်-မြစ်ကြီးနားခရိုင်ချင်းဆက်လမ်း မိုးမောက်မြို့နယ်မှ ဒေါ့ဖုန်းယန်ဒေသအတွင်း ပြည်နယ် လမ်းဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်တို့သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းစီမံကိန်းလုပ်ငန်းအတွင်း ဗန်းမော်-မြစ်ကြီးနားကားလမ်းမပေါ်ရှိ မိုးမောက်မြို့နယ် နွှမ်လမ်းမှ ဒေါ့ဖုန်းယန်ဒေသအတွင်း AC ကတ္တရာခင်းခြင်းလုပ်ငန်း ၂၃ မိုင်လမ်းဆုံးနေရာ၌ ရေပိတ်လွှာခင်းကြိတ်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ခါ့လားချောင်းပေါ်တွင် ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောက်လုပ်ထားသည့် အကျိုးပြုဧက ၃၀၀ ရှိ ဝိန်းမွန်ကျေးလက်ရေလွှဲဆည် အခြေအနေအား ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းစီမံကိန်းရုံး ရှင်းလင်းဆောင်၌ ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်း AC ကတ္တရာခင်းခြင်း ၂၃ မိုင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လမ်းလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပြီး ထိုမှတစ်ဆင့် မိုးမောက်မြို့နယ် နွှမ်လမ်းကျေးရွာအထိ အဆိုပါလမ်းတစ်လျှောက် သိပ်သည်းထုအပွန်းခံလွှာ ခင်းကြိတ်ခြင်းလုပ်ငန်း၊ လမ်းဘေးနှစ်ဖက် ကွန်ကရစ်ပေါင်ပြုလုပ်ခြင်းလုပ်ငန်း၊ မြေသားလမ်းပခုံးပြုလုပ်ခြင်း၊ မြေသားဘောင်ချဲ့ခြင်းလုပ်ငန်းနှင့် ကျောက်စီရေမြောင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အူထန်ယန်ချောင်းကူးနေရာ၌ ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား ပျက်စီးမှုအခြေအနေအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေါ့ဖုန်းယန်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းပေးခဲ့ပြီး ဒေါ့ဖုန်းယန် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား အာဟာရများနှင့် ဆေးရုံအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကသစ်ပင်ရိုး ကျောက်စီနံရံအဆင့်မြှင့်တင်နိုင်ရေး စစ်ဆေး

ပဲခူး စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် စက်တင်ဘာ ၉ ရက် ညနေ ၆ နာရီက ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် ရှင်စောပုရပ်ကွက်နှင့် နန်းတော်ရာရပ်ကွက်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ကသစ်ပင်ရိုးအား ပြန်လည်အဆင့်မြှင့်တင်နိုင်ရေးနှင့် ရေထိန်းနံရံများ တည်ဆောက်နိုင်ရန် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ကသစ်ပင်ရိုးအခြေအနေ၊ မိုးရွာသွန်းမှုများပြားပါက ရေလျှံမှုအခြေအနေများနှင့် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကသစ်ပင်ရိုးအား ကျောက်စီမြေထိန်းနံရံ တည်ဆောက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့တွင်းရပ်ကွက်များရှိ ချောင်းရိုးများ၊ မြောင်းများအား မြို့အင်္ဂါရပ်နှင့်အညီ အပိုင်းလိုက် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကသစ်ပင်ရိုးအား ကျောက်စီမြေထိန်းနံရံ တည်ဆောက်မည်ဖြစ်သလို တစ်ပါတည်း လိပ်ပြာကန်နှင့် ချိတ်ဆက်နိုင်မည့် လူသွားလမ်း ထည့်သွင်းလျာထား ဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ ပြည်သူများအနေဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် ကျန်းမာရေးအရ လမ်းလျှောက်ခြင်း၊ အားကစားလုပ်ခြင်းဖြင့် မြို့ပြတစ်ခု၏ မွန်းကျပ်မှုကို ဖြေလျှော့သက်သာစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်(၁)လမ်း၊ နန်းတော်ရာဝင်းအတွင်းရှိ မြေနေရာလွတ်အား ကြည့်ရှုခဲ့ပြီး ယင်းမြေနေရာတွင် အများနှင့်သက်ဆိုင်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်သော နေရာတစ်ခုအဖြစ် ဖော်ဆောင်စေလိုကြောင်း၊ တိုင်းပြည်အတွက်လည်း ဝင်ငွေရသလို ဒေသခံပြည်သူများအတွက်လည်း စီးပွားရေးအခွင့်အလမ်းကောင်းများ ပိုင်ဆိုင်လာနိုင်ကြောင်း ပြောကြားခဲ့ပြီး လိပ်ပြာကန်ရပ်ကွက် မဂ္ဂတစ်လမ်း (ဗန္ဓုလလမ်း) ရှိ တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာနှင့် အိမ်ရာခြံစည်းရိုး မြေထိန်းနံရံပြုလုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ပဲခူးမြို့ ဗန္ဓုလလမ်း (မဂ္ဂတစ်လမ်း) ရှိ ကသစ်ပင်ရိုးအား ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ကျောက်စီနံရံ ၂၂ ပေအကျယ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်၍ ကသစ်ပင်ရိုးဘေးရှိ ရပ်ကွက်များ မိုးရာသီတွင် ရေကြီးခြင်းမှ လျော့နည်းသက်သာသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

စံပြကွက်အတွင်း ထုံးထည့်သွင်းမှုကြည့်ရှု

ကျောင်းကုန်း စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းအုပ်စု ဆူးပဒေါင်းကွင်းကျေးရွာတွင် ၂၀၁၈ ခုနှစ် မိုးရာသီ ထုံးထည့်သွင်းခြင်း စံပြကွက်ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အဖွဲ့က စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီက လာရောက်ကြည့်ရှုခဲ့ပြီး တောင်သူများအား စိုက်ပျိုးရေးပညာပေး ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဆင်းသုခစပါး စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စံပြငါးဧက စိုက်ခင်းတွင် သုံးဧကကို ထုံးထည့်သွင်းထားပြီး စမ်းသပ်စိုက်ပျိုးရာ ထုံးထည့်သွင်းသောစိုက်ခင်းသည် သမားရိုးကျစိုက်ခင်းထက် ပင်ပွား ၂ ဒသမ ၀၅ ပင် ပိုမိုပွားစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးဇော်က စပါးခင်းအတွင်း တစ်ဧကလျှင် ထုံးပိဿာ ၁၀၀ ထည့်သွင်းခြင်းဖြင့် ပင်ပွားပိုမိုထွက်ရှိကြောင်း ပြောကြားသည်။

ဝင်းကြိုင်(ပြန်/ဆက်)

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ တစ်ပတ်အတွင်း ၁၇၇၃၇ ဦး လာရောက်လည်ပတ်

တာချီလိတ် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၁၇၇၃၇ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိရာတွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများ ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၁၇၅၅၈ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ခရီးစဉ်တွင် ၆၂ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၁၁၇ ဦး ဝင်ရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ကိုးမြို့ရှင်နတ်နန်း၊ ပဒေါင်ကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင်ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ဘီလူးရှာ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဉယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ စွန်တောင်းစေတီ၊ ရပ်တော်မူဘုရား၊ ဟိုခုံကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ ကျော့မ်ဆရီစေတီ၊ ပါလျှန်ကျောင်း၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့်အထင်ကရနေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ထိုင်းနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၃၉၄၅၉၅ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၃၆၅၉ ဦး၊ တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ၃၀၃၁ ဦး စုစုပေါင်း ၄၀၁၂၈၅ ဦး ဝင်ရောက်လည်ပတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ယာဉ်များပိတ်ဆို့ရပ်တန့်ပါက ယာဉ်အားဆွဲယူဖယ်ရှားသိမ်းဆည်းပြီး ဒဏ်ငွေပေးဆောင်ရမည်

မန္တလေး စက်တင်ဘာ ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာမှအပ ယာဉ်များ အကြောင်းမဲ့ ကြာမြင့်စွာရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပြုပြင်ထားရှိခြင်းတို့ကြောင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ ဖြစ်ပေါ်စေသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာမှအပ ယာဉ်များအကြောင်းမဲ့ကြာမြင့်စွာရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း ပြုပြင်ခြင်းထားရှိခြင်း မပြုရန်နှင့် လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ယာဉ်အား ဆွဲယူဖယ်ရှား သိမ်းဆည်းကာ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေအရ ဒဏ်ငွေတပ်အရေးယူမည့်အပြင် ယာဉ်ဆွဲယူရွှေ့ပြောင်းစရိတ် ကျပ်တစ်သိန်းကိုလည်း ပေးဆောင်ရမည်ဖြစ်ပြီး ယာဉ်ကို ၂၄ နာရီအတွင်း လာရောက်ယူဆောင်ခြင်းမရှိပါက ရက်လွန်ဒဏ်ကြေး တစ်ရက်လျှင် ဒဏ်ငွေကျပ်တစ်သောင်းနှုန်း ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက အသိပေးထားကြောင်း သိရသည်။

သီဟကိုကို

တိုတိုထွာထွာဖတ်စရာ

မြစ်သားမြို့နယ်တွင်ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

မြစ်သား

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့က (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရွှေစောလူးဘုရားရင်ပြင်ပေါ်တွင် စက်တင်ဘာ ၇ ရက် နံနက် ၆ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်စိုးက "ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေအနေနဲ့ (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုရားဖူးဧည့်သည်တွေ စိတ်ချမ်းသာစွာဖူးမြော်နိုင်ဖို့ သန့်ရှင်းရေးတွေဆောင်ရွက်တယ်၊ ဘုရားရေသပ္ပာယ်ပြီးတော့ ကောင်းမှုကုသိုလ်တွေပြုလုပ်ခဲ့ကြပါတယ်" ဟု ပြောသည်။

မြို့နယ်(ပြန်/ဆက်)

အုတ်ဖိုမြို့နယ်တွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

အုတ်ဖို

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီခွဲတွင် အုတ်ဖိုမြို့နယ် ကျက်ဆူတောကျေးရွာရှိ အလက (ကျက်ဆူတော)တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်စုစုကြည်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၅၂၆

ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အထက(၂)၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းသီရိမြန်မာခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူ ငါးဘာသာ ငါးဦး၊ လေးဘာသာ ငါးဦး၊ သုံးဘာသာ ရှစ်ဦး၊ နှစ်ဘာသာ ၁၁ ဦး၊ တစ်ဘာသာ ၂၇ ဦး၊ သုံးထပ်ကွမ်း လူရည်ချွန် တစ်ဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန် နှစ်ဦး၊ နဝမတန်းလူရည်ချွန် တစ်ဦးနှင့် အတန်း တစ်တန်းချင်းဆုများကို ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး/ဘဏ္ဍာ ဦးစိုးသိုက်နှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အောင်ကျော်မိုး(တောင်ဥက္ကလာ)

မိုးနဲမြို့နယ်တွင်ပြည်သူများဘေးအန္တရာယ်ကင်းစေရေးပိတ်ဆို့စစ်ဆေး

မိုးနဲ

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်တွင် မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လှည့်ကင်းဖြင့် ပိတ်ဆို့စစ်ဆေးခြင်းကို စက်တင်ဘာ ၉ ရက် ည ၉ နာရီမှ ၁၁ နာရီထိ နမ့်စန်-မိုးနဲ-လင်းခေး ပြည်ထောင်စုလမ်းမနှင့် မိုးနဲ-မောက်မယ်လမ်း မြို့ထွက်ဆိုင်းဘုတ်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပူးပေါင်းလှည့်ကင်းအဖွဲ့သည် မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး၊ လူကုန်ကူးမှုပပျောက်ရေးအတွက် ဖြတ်သန်းသွားလာသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၆၆၁

ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင်သက်ငယ်မုဒိမ်းမှုပပျောက်ရေးပညာပေး

ရန်ကုန်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၅ ရပ်ကွက် အထက(၃) တွင် စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ အလုပ်အမှုဆောင် ဒေါ်မဥ္ဇူမော်၊ ဥပဒေရေးရာကုစားရေးအဖွဲ့မှ ဒေါ်Lခေါန်ဒင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှူး ဒုရဲမှူးသက်နိုင်ဦးတို့က အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကိုရဲ

ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများအား ရှေးဦးပြုစုခြင်း (အခြေခံ) ရက်တိုသင်တန်းပေး

မြိတ် စက်တင်ဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များအား လုံခြုံပျော်ရွှင်သည့် ခရီးစဉ်ဖြစ်စေရေးရည်ရွယ်၍ မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြိတ်မြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများအား ရှေးဦးပြုစုခြင်း (အခြေခံ) ရက်တိုသင်တန်းကို မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းရုံးတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"အဓိကကတော့ ခရီးသွားဧည့်လမ်းညွှန်၊ လှေသား၊ ပွဲနင်းတွေကို အဓိကသင်ပေးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပင်လယ်ထဲမှာ အလုပ်လုပ်ရတယ်၊ ကျွန်းစခန်းတွေမှာ ကျန်းမာရေးဆေးပေးခန်းတွေ မရှိတဲ့အတွက် ကျွန်းခရီးသွားကြတဲ့အခါ ပြတ်တာ ရှတာ ထိခိုက်ဒဏ်ရာရတာတွေကို ဆေးရုံဆေးခန်းမရောက်ခင် ဆေးရုံဆေးခန်း လက်လှမ်းမမီခင် ရှေးဦးသူနာပြုစုပေးနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်သင်ကြားခြင်း ဖြစ်ပါတယ်" ဟု မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေမြင့်ကပြောသည်။

သင်တန်းတွင် "ကြက်ခြေနီလှုပ်ရှားမှု၊ လူနာဆန်းစစ်ခြင်း၊ အပူလောင်ခြင်း အရည်ပူလောင်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်းကို ထိန်းချုပ်ခြင်း၊ သွေးဆုတ်သွေးလန့်အဆိပ်သင့်ခြင်းနှင့် သတ္တဝါများကိုက်ခြင်း တုပ်ခြင်း၊ အသက်ရှူအားကူခြင်းနှင့် ဆို့နင်ခြင်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားဒဏ်ရာ၊ သတိလစ်မေ့မြောခြင်းနှင့် စိတ်ချရသော ဘေးစောင်းအနေအထား၊ မိုင်းအန္တရာယ်သိကောင်းစရာများ စတဲ့ဘာသာရပ်များကို သင်ကြားပေးသွားမှာဖြစ်ပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး (ဒုတိယတန်း) ဒေါ်အေးအေးသန်းထံက သိရသည်။

သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး သင်တန်းသို့ သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြိတ်(ပြန်/ဆက်)

တိုတိုထွာထွာဖတ်စရာ

မိုင်းဖုန်းဆရာတော်ကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်

တာချီလိတ်
(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရဲဝင့်နောင်ဦးစီးသည့် ရဲအရာရှိများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ အပါအဝင် စုစုပေါင်း ၇၂ ဦးတို့သည် စက်တင်ဘာ ၈ ရက် နံနက်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ပါဆာကျေးရွာရှိ မိုင်းဖုန်းဆရာတော် တည်ထားကိုးကွယ်လျက်ရှိသည့် လွန်းလိန်းစေတီတော် ရင်ပြင်၌ ကျောက်ပြားများ ဆေးကြောခြင်း၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်းနှင့် စေတီပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေးကို လုပ်အားဒါနကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဖြိုးလေး(ပြန်/ဆက်)**

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

မတ္တရာ
မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အ-ထ-က(မတ္တရာ)၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀နာရီက ကျင်းပသည်။
မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဥက္ကဋ္ဌ ဦးချစ်စိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး (MANA) ဒု-ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီက ဆေးလိပ်နှင့် ကွမ်းယာအန္တရာယ်အကြောင်းကိုလည်းကောင်း၊ (MANA)အကြံပေးပုဂ္ဂိုလ် ဆရာမကြီးဒေါ်ခင်သိန်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ (MANA)အတွင်းရေးမှူး ဒေါက်တာမောင်မောင်က HIV/AIDSအကြောင်း၊ (MANA) ဘဏ္ဍာရေးမှူး ဒေါ်ကြည်ကြည်ဆွေက လူကုန်မှုအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြသည်။ **မတ္တရာ (ပြန်/ဆက်)**

ရေဦးတွင် ကျန်းမာရေးအထောက်အကူပြု ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအစီအစဉ်ကျင်းပ

ရေဦး စက်တင်ဘာ ၁၀
ရေဦးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီတို့ပူးပေါင်းကျင်းပသည့် ကျန်းမာရေးအထောက်အကူပြု ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအစီအစဉ်ဖွင့်ပွဲအခမ်းအနား ကို စက်တင်ဘာ ၉ ရက်နံနက် ၇ နာရီက မြို့မကျောက်တိုင်အားကစားကွင်း၌ ကျင်းပသည်။
အကနည်းပြဆရာမ ဒေါ်ဝင်းတင်ဇာလွင်က ကိုယ်ခန္ဓာကျန်းမာရေးအထောက်အကူပြု အကပညာများကို ကျောင်းသူလေးများအား သင်ကြားလေ့ကျင့်ပေးသည်။ အစီအစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။
အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် စခန်းသွင်းဘော်ဒါကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀၀ တက်ရောက်ခဲ့ကြသည်။ **သန်းထိုက် (ရေဦး)**

မွန်ပြည်နယ်တွင် နိုင်ငံခြားသားများ တည်းခိုနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ဆွေးနွေး

သံဖြူဇရပ် စက်တင်ဘာ ၁၀
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် နိုင်ငံခြားသားများရောက်ရှိနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံအလုပ်ရုံများ၊ ကုမ္ပဏီများ၊ ဟိုတယ်မိုတယ်နှင့် တည်းခိုရိပ်သာများမှ တာဝန်ခံများ တက်ရောက်သည်။
တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဟန်ထွန်းနိုင်က နိုင်ငံခြားသားများ တည်းခိုနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ Over Stay မဖြစ်စေရေး၊ Form C (နိုင်ငံခြားသားဖောင်) တိုင်ကြားနိုင်ရေး၊ တည်းခိုနေထိုင်ခြင်းနှင့် ပတ်သက်၍စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး၊ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကိုလိုက်နာကြစေရေးပြောကြားသည်။ ထို့နောက် မေးမြန်းဆွေးနွေးမှုများကို သက်ဆိုင်ရာဌာနများမှပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကရင်ပြည်နယ် SME Agency Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေး

ဘားအံ စက်တင်ဘာ ၁၀
ကရင်ပြည်နယ် ဘားအံမြို့တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် Action Planများ ရေးဆွဲပြီး ဒေသအတွင်းရှိ SME များကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရန် SME Agency Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဖွဲ့ကပင်ခန်းမ၌ စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပခဲ့သည်။
အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ် SME Agency ဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး UNIDO မှ Technical Expert Mr.Luca Sartorelli က SME Action Plan အလုပ်ရုံ ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။
ကရင်ပြည်နယ်အတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ထောက်ပံ့အားပေးနိုင်ရန် ဗဟို SME Agency နှင့် ပြည်နယ် SME Agency တို့တွေ့ဆုံပြီး SME Agency Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပြီး ကရင်ပြည်နယ်အတွင်း SME Member ဝင်ပြီးသူ ၁၇၄ ဦး၊ လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ရရှိသူ ၄၇ ဦးနှင့် ပုဂ္ဂလိကစက်မှုမှတ်ပုံတင်လုပ်ငန်း ၁၀၉၀ ခုရှိကာ အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသတွင်းစီးပွားရေးရေးလုပ်ငန်းရှင်များ၊ ဗဟို SME Agency မှ တာဝန်ရှိသူများ တက်ရောက်၍ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

လှိုင်ကော်မြို့ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

လှိုင်ကော် စက်တင်ဘာ ၁၀
ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက်(၇)နာရီက လှိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ နောင်ယားကန်သာ၌ပြုလုပ်ရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးဘော့စ်ကို၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ ငါးမျိုးစိုက်ထည့်ပေးကြသည်။
အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် နောင်ယားကန်သာ၌ ငါးမြစ်ချင်း အကောင်ရေ ၁၀၀၀၀ နှင့် ရွှေဝါငါးကြင်း အကောင်ရေ ၁၀၀၀၀၊ ဘီလူးချောင်းအတွင်း ငါးမြစ်ချင်း အကောင်ရေ ၁၅၀၀၀ နှင့် ငါးခုံးမကြီးအကောင်ရေ ၁၅၀၀၀၊ ထေးဌားလျားကန်တွင် ငါးမြစ်ချင်းအကောင်ရေ ၁၀၀၀၀၊ ရွှေဝါငါးကြင်းအကောင်ရေ ၁၀၀၀၀၊ ဘာဒိုကန်တွင် ငါးမြစ်ချင်းအကောင်ရေ ၁၀၀၀၀၊ ရွှေဝါငါးကြင်း အကောင်ရေ ၁၀၀၀၀၊ ပဒါးညေးကန်တွင် ငါးမြစ်ချင်းအကောင်ရေ ၅၀၀၀၊ ငါးခုံးမကြီးအကောင်ရေ ၅၀၀၀တို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **အောင်ထွန်းလေး**

(၅၄) နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့မရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဦးဆောင်၍ တပ်ဖွဲ့ဝင်မိသားစု ၆၆ ဦး တို့သည် စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီက ခရမ်းမြို့ဘိုးဘွားရိပ်သာဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။ ၆၈၉

ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ်တံတား ၉၀ ရာခိုင်နှုန်းပြီးစီး

ပန်းတနော်မြို့ စက်တင်ဘာ ၁၀
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘက်ကနေ ရွှေမြင်တင်စေတီတော်မြတ်ကြီးတည့်တည့် ဆောက်လုပ်နေသည့် ကိုယ့်အားကိုယ်ကိုး ရွှေမြင်တင်မဟာမင်္ဂလာတံတားကြီးမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေသောကြောင့် ဒေသခံများ ပျော်ရွှင်နေကြောင်း သိရသည်။
ထိုတံတားကို ဖြတ်သန်း၍ ရှေးဟောင်းရွှေမြင်တင်စေတီတော်မြတ်ကြီးအား ဝင်ရောက်ဖူးမြော်ပူဇော်နိုင်ကြောင်း တာဝန်ခံဆရာတော်က မိန့်ကြားသည်။
အဆိုပါ မြစ်ကူးသံကူကွန်ကရစ် တံတားကြီးမှာ အကျယ် ၁၅ ပေ၊ အရှည်ပေ ၅၀၀ ကျော်ရှိကြောင်း သိရသည်။ **မောင်ချစ်ဦး (ပန်းတနော်)**

မှုခင်းရေးရာအဖြာဖြာ

မူးယစ်ဆေးများလက်ဝယ်ထားရှိသူအားဖမ်းမိ

မကွေး
မကွေးမြို့ ရန်မျိုးအောင်ရပ်ကွက်တွင် မူးယစ်ဆေးပြားများလက်ဝယ်ထားရှိသော အမျိုးသားတစ်ဦးအား စက်တင်ဘာ ၈ ရက် ညနေ ၄ နာရီက ဖမ်းဆီးအရေးယူခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။
မကွေးတိုင်းရဲတပ်ဖွဲ့မှ ရဲအုပ် နန်းရဲဇော်နှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မကွေးမြို့ ရန်မျိုးအောင်ရပ်ကွက်သဇင်လမ်းနှင့် ရန်မျိုးအောင် ၁၄ လမ်းထောင့်တွင် စောင့်ဆိုင်းနေစဉ် မကွေးမြို့၊ ရန်မျိုးနိုင်ရပ်ကွက်နေ ငြိမ်းချမ်းကိုကို မောင်းနှင်လာသော ၁ယ/------ Viva 110 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၆၅ ပြား ကိုတွေ့ရှိခဲ့သဖြင့် မကွေးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။ **ဇေယျာတု (မကွေး)**

ရမ်းဗြဲမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရမ်းဗြဲ
ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် စက်တင်ဘာ ၁၀ ရက် ညက စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည်။
ရမ်းဗြဲမြို့မရဲစခန်းမှ ရဲအုပ်အောင်ဝင်း ဦးဆောင်သော နယ်ထိန်းအဖွဲ့ဝင်များက ရမ်းဗြဲမြို့ အမှတ် ၄ ရပ်ကွက်အောင်ဆိပ်ရပ်နေ မောင်ထက်အောင်လင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြားနှင့်နှင့် အမှတ် ၂ ရပ်ကွက်၊ ရွှေတုံးရပ်နေ မောင်ပြည့်ဖြိုးအောင်ထံမှ စိတ်ကြွရူးသွပ်ဆေး ၉၉ ပြားတို့ကို ရှာဖွေတွေ့ရှိသဖြင့် ဥပဒေအရဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရမ်းဗြဲ (ပြန်/ဆက်)**

နောင်မွန်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

တာလေ
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့တွင် သတင်းအရ ရဲတပ်ဖွဲ့နှင့် သက်သေများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက်က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိကြောင်း သိရသည်။
တာလေမြို့ နားယောင်းကျေးရွာအုပ်စု နောင်မွန်းကျေးရွာမှ အိုက်ခမ်းအောင် (ခ) အိုက်ရှူး၏ နေအိမ်ကို သတင်းအရ ရဲတပ်ဖွဲ့နှင့် သက်သေများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ ၎င်းအိမ်ရှိ စပါးအိတ်အောက်တွင် ဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေး ပြား ၆၀ကို ရှာဖွေတွေ့ရှိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

B. A. P အဖွဲ့ဝင်တစ်ဦး စုံစမ်းစစ်ဆေးခံနေရ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "B.A.P"မှ အဖွဲ့ဝင်တစ်ဦးဟာ လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေ ပြုခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး လက်ရှိမှာတော့ စုံစမ်းစစ်ဆေးမှုတွေ ခံယူနေရတာဖြစ်တယ်လို့ သိရပါတယ်။

ဒီသတင်းတွေ ထွက်ပေါ်လာခဲ့ရာ အစပိုင်းမှာ စွပ်စွဲခံခဲ့ရတဲ့ အဖွဲ့ဝင်ရဲ့အမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။ နောက်ပိုင်းမှာတော့ အဖွဲ့ရဲ့ အေဂျင်စီက စွပ်စွဲခံရသူမှာ ဟမ်ချန်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဒ့ါအပြင် အေဂျင်စီက ဒီလိုစွပ်စွဲခံရတာဟာ စွပ်စွဲသူ မိန်းကလေးနဲ့ ဟမ်ချန်းတို့အကြား နားလည်မှုလွဲခြင်းသာဖြစ်ကြောင်းလည်း တစ်ပါတည်း ပြောကြားခဲ့ပါတယ်။

ဟမ်ချန်းဟာ ပြီးခဲ့တဲ့ ခရီးစဉ်တစ်ခုအတွင်း အတူသွားခဲ့တဲ့ အသက် ၂၀ ဝန်းကျင် မိန်းကလေးတစ်ဦးကို လိင်ပိုင်းဆိုင်ရာ စော်ကားမှုပြုခဲ့ကြောင်း စွပ်စွဲခံထားရတာပါ။ ဒီခရီးစဉ်အတွင်းမှာတော့ ဟမ်ချန်းနဲ့ စွပ်စွဲသူမိန်းကလေးအပြင် အခြားသောအမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး အတူလိုက်ပါခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ ဟမ်ချန်းဘက်က သူ့အပေါ် စွပ်စွဲမှုတွေကို ငြင်းဆိုထားပြီး ဒေသရဲတွေကတော့ ဒီကိစ္စကို စုံစမ်းနေဆဲဖြစ်ကြောင်း ပြောကြားပါတယ်။ ဒ့ါအပြင် လက်ရှိမှာ နှစ်ဦးနှစ်ဖက် ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်းလည်း သိရပါတယ်။

Red Velvet ရဲ့ နေရာကို ရယူလိုက်တဲ့ BTS

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ကေပေ့ါပ်အမျိုးသမီးတေးဂီတအဖွဲ့ "Red Velvet"ဟာ ဒေသတွင်း တေးဂီတဇယားတစ်ခုဖြစ်တဲ့ စွန်ပီတေးဂီတဇယားမှာ နံပါတ်တစ်နေရာ ရနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ယခုသီတင်းပတ်အပြီးမှာတော့ အမျိုးသားတေးဂီတအဖွဲ့ "BTS" က နံပါတ်တစ်နေရာမှာ ရပ်တည်နေတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS"ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Idol"ရဲ့ တေးဗီဒီယိုဟာ စက်တင်ဘာ ဒုတိယပတ်အတွင်းမှာတော့ စွန်ပီရဲ့ တေးဂီတဇယားမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

"BTS"ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Answer"ဟာ ယခင်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေကိုပါ ပြန်လည်စုစည်းထားတဲ့ တေးအယ်လ်ဘမ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ကို ပြီးခဲ့တဲ့လအတွင်း စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယခင်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်တွေလိုပဲ အောင်မြင်မှုတွေ ရရှိခဲ့တာတွေ့ရပါတယ်။ ဒီတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Idol"ရဲ့ တေးဗီဒီယိုဟာလည်း နိုင်ငံတကာတေးဂီတဇယားတွေကို ဦးဆောင်ကာ စံချိန်သစ်တွေ တင်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

"BTS"ရဲ့ "Idol"ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ အင်္ဂလန်ရဲ့ တေးဂီတဇယားမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။ အင်္ဂလန်ရဲ့ တေးဂီတဇယားတစ်ခုမှာ နံပါတ် ၂၁ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒီလိုရပ်တည်နိုင်ခဲ့တာဟာ ယခင်ကစံချိန်ထက် နှစ်ဆခန့်မြင့်တဲ့နေရာကို ရောက်ရှိလာခဲ့ခြင်းဖြစ်ကာ အဖွဲ့အတွက်တော့ အင်္ဂလန်တေးဂီတဇယားမှာ အမြင့်ဆုံးနေရာရခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။ ယခင်ကတော့ "Fake Love"တေးသီချင်းနဲ့ နံပါတ် ၄၂ နေရာကို ရယူခဲ့ဖူးတာလည်း ဖြစ်ပါတယ်။ ဒီလိုမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့တာဟာ ကေပေ့ါပ်တေးဂီတအဖွဲ့တွေအနက် ပထမဆုံးလည်း ဖြစ်ပါတယ်။ အခြားသော ကေပေ့ါပ်တေးဂီတအဖွဲ့တွေဟာ နံပါတ် ၄၀ အတွင်းတောင် ဝင်ရောက်ရပ်တည်နိုင်ခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။

ကီးအိစ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် ဆိုဟီး

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆိုဟီးဟာ သူ့ရဲ့ လက်ရှိအေဂျင်စီဖြစ်တဲ့ ကီးအိစ် အန်တာတိန်းမန့်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးဖို့ရာ နီးကပ်လာခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကေပေ့ါပ် ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ ဆိုဟီးရဲ့ စာချုပ်ကုန်းဆုံးတော့မယ့် ကိစ္စနဲ့ ပတ်သက်ပြီး သူ့ရဲ့ လက်ရှိအေဂျင်စီက ထုတ်ဖော် ပြောကြားလာတာပါ။ အေဂျင်စီက ဆိုဟီးနဲ့ စာချုပ်ဟာ စက်တင်ဘာလကုန်ပိုင်းမှာ ကုန်ဆုံးတော့မှာဖြစ်ပြီး လက်ရှိမှာတော့ စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ရေး ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ဆောင်နေကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေဂျင်စီဘက်က ဒီလို ပြောကြားခဲ့ပေမယ့်လည်း တောင်ကိုရီးယား မီဒီယာတစ်ခုရဲ့ ရေးသားဖော်ပြချက်အရ ဆိုဟီးဟာ ကီးအိစ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးသွားပါက အေဂျင်စီသစ်နဲ့ ဆက်သွယ်သွားမှာဖြစ်ကြောင်း၊ လက်ရှိမှာတော့ အေဂျင်စီသစ်ကို စုံစမ်းနေတာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

Ip Man ရုပ်ရှင်သစ်တွင် မီရှဲယို ပါဝင်သရုပ်ဆောင်

ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ မီရှဲယိုဟာ ကိုယ်ခံပညာအကြောင်း ရိုက်ကူးတဲ့ "Ip Man"ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မီရှဲယိုဟာ ပြီးခဲ့တဲ့လအတွင်း စတင်ရုံတင်ခဲ့ပြီး သီတင်းပတ်သုံးပတ်ဆက်တိုက် ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဖြစ်ခဲ့တဲ့ "Crazy Rich Asians"ရုပ်ရှင်မှာ ပါဝင်ခဲ့ပြီးနောက် ရုပ်ရှင်ရဲ့ အောင်မြင်မှုနဲ့အတူ သူဟာလည်း ရုပ်ရှင်လောကမှာ တစ်ဖန်ပြန်လည်ကျော်ကြားလာခဲ့တာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်အပြီးမှာတော့ အောင်မြင်တဲ့ တိုက်ခိုက်ရေးရုပ်ရှင်တစ်ကားဖြစ်တဲ့ "Ip Man"ကို ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမယ့် ရုပ်ရှင်သစ်မှာ မီရှဲယိုအနေနဲ့ ပါဝင်ဖို့ရာ အခွင့်အရေး ထပ်မံရရှိခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီရုပ်ရှင်သစ်မှာတော့ မီရှဲယိုရဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မီရှဲယိုဟာ ယင်းရုပ်ရှင်မှာ ကျော်ကြားတဲ့ ထိုင်းမင်းသားတစ်ဦးဖြစ်တဲ့ တိုနီဂျာနဲ့အတူ ပါဝင်သရုပ်ဆောင်သွားရမှာလည်း ဖြစ်ပါတယ်။ ဒီရုပ်ရှင်သစ်ကိုတော့ လာမယ့် အောက်တိုဘာလအတွင်း တောင်ကိုရီးယားနိုင်ငံ ဘူဆန်မှာ ပြုလုပ်သွားမယ့် ရုပ်ရှင်ပွဲတော်မှာ စတင်ပြသသွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

ဒီဂျေစွမ်းရည်ကို ထုတ်ဖော်ပြသလိုက်တဲ့ ဟိုယွန်း

အေးပြည့်စု စုစည်းသည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟိုယွန်းဟာ လတ်တလောမှာတော့ သူ့ရဲ့ ဒီဂျေပညာစွမ်းရည်ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ သူဟာ "2018 Spectrum Dance Music Festival" ပွဲတော်မှာ ပါဝင်ဆင်နွှဲခဲ့ပြီး ဒီဂျေနဲ့ ပရိသတ်တွေကို ဖျော်ဖြေပေးခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့တဲ့ အဆိုပါပွဲတော်ရဲ့ အဖွင့်နေ့မှာ ဟိုယွန်း ပါဝင်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ သူဟာ ဖျော်ဖြေရေးစင်မြင့်ထက်မှာ အဓိကဖျော်ဖြေရတဲ့နေရာမှာ နေခဲ့ပြီး ပရိသတ်တွေကို ဒီဂျေနဲ့ မိနစ်လေးဆယ်ခန့် ဖျော်ဖြေပေးခဲ့တာဖြစ်ပါတယ်။ ဒီလို ဖျော်ဖြေရာမှာတော့ သူ့ရဲ့ ကျော်ကြားတဲ့ တေးသီချင်းဖြစ်တဲ့ "Sober"ကိုလည်း ထည့်သွင်းဖျော်ဖြေခဲ့တယ်လို့ သိရပါတယ်။ ဒီပွဲတော်မှာ အခြားသော တောင်ကိုရီးယား နာမည်ကျော်တစ်ဦးဖြစ်တဲ့ ဂျင်ဂျိုလည်း ပါဝင်ဖျော်ဖြေခဲ့တယ်လို့ သိရပါတယ်။ ဒီဖျော်ဖြေပွဲကိုတော့ "SM Station 2"အပါအဝင် အခြားသော မီဒီယာတွေကနေ ထုတ်လွှင့်ခဲ့တယ်လို့လည်း သိရပါတယ်။



ကြော်ငြာ

"ပတ္တမြားနီလာ" ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အောက်တိုဘာလ(၁၇)ရက်နေ့မှစတင်၍ ခရီးစဉ်များကို အထူးဈေးနှုန်းများဖြင့် စတင်ပို့ဆောင်ပေးနေပါသည်။

- (၇)ရက်ခရီး (သံဝေဇနီယ(၄)ဌာန+အဝိဇဟိတ(၃)ဌာန+နီပေါ အပါအဝင်)
- (၁၂)ရက်ခရီး - (၁၅)ရက်ခရီး - (၁၅)ရက်ခရီး (ကိုလ်ကတ္တားအပါ)ခရီးစဉ်များလည်းရှိပါသည်။

* သံဝေဇနီယ(၄)ဌာန+အဝိဇဟိတ(၄)ဌာန+သက်သနကိုရိ+နီပေါ+အာဂရာ(တပ်ချ်မဟာ)+ဒေလီ+ဂင်္ဂါမြစ် *

- (၇)ရက်ခရီးစဉ်တွင် ဟိုတယ်(၂)ည - (၁၂)ရက်ခရီးစဉ်တွင် ဟိုတယ်(၃)ည
- (၁၅)ရက်ခရီးစဉ်တွင် ဟိုတယ်(၆)ည - (၁၅)ရက်ခရီးစဉ်တွင် (ကိုလ်ကတ္တားအပါ) ဟိုတယ်(၅)ည

"ခရီးစဉ် (၁)ခုအတွင်း တစ်ပြိုင်တည်း (၁၀)ဦးလိုက်ပါလျှင် (၁)ဦး အခမဲ့ လိုက်ပါခွင့်ပေးနေပါသည်။"

ရန်ကုန်(ရုံးချုပ်) - အမှတ်(၃၁၅)၊ မြေညီထပ်၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၇၇၈၂၁၀၈၄၄၊ ၀၉-၄၂၀၀၇၀၀၀၉၊ ၀၉-၄၀၃၂၆၃၃၃၇၊ ၀၉-၄၀၃၂၆၃၃၃၈

မန္တလေး(ရုံးခွဲ) - အမှတ်(၈၈)၊ ၆၈လမ်း(၃၃×၃၄လမ်းကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၂-၂၈၄၈၀၈၁၊ ၀၂-၂၈၄၈၀၈၂ ၀၉-၄၂၁၀၁၁၂၂၂၊ ၀၉-၅၁၇၈၀၅၀

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

- အရက်အမျိုးမျိုး၊ ဘီယာအမျိုးမျိုး၊ ဝိုင်အမျိုးမျိုးနှင့် ဆေးပေါ့လိပ်အမျိုးမျိုးတို့ကို အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရမည့်ကုန်စည်များအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ထားပြီးဖြစ်ပါသည်။
- ယင်း အထူးကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို တွေ့ရှိပါက ပြည်တွင်းအခွန်များဦးစီးဌာနသို့ သတင်းပေးတိုင်ကြားနိုင်ပြီး ဆုကြေးငွေထုတ်ယူနိုင်ပါသည်-
  - (၁) အခွန်အမှတ်တံဆိပ်များကပ်နှိပ်ထားမှုမရှိခြင်း၊
  - (၂) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော်လည်း ထိုကပ်နှိပ်ထားသည့်အမှတ်တံဆိပ်မှာ အတုဟု ယူဆနိုင်ဖွယ်ရာရှိခြင်း၊
  - (၃) အခွန်အမှတ်တံဆိပ်အတုများထုတ်လုပ်ဆောင်ရွက်သည်ကို တွေ့ရှိခြင်း၊
  - (၄) ပြည်ပမှတရားမဝင်တင်သွင်းရောင်းချမှုများတွေ့ရှိရခြင်း။
- သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းပြုမည်မဟုတ်ပါ။
- သတင်းပေးသူအား **ချီးမြှင့်မည့်ဆုကြေးပမာဏမှာ** အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်း ဖြစ်ပါသည်။
- ဆက်သွယ်တိုင်ကြားရမည့်တိုင်းဒေသကြီး/ပြည်နယ်အခွန်ရုံးများ၏ ဖုန်းနံပါတ်များမှာအောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	ပြည်နယ်/တိုင်း	ဖုန်းနံပါတ်	စဉ်	ပြည်နယ်/တိုင်း	ဖုန်းနံပါတ်
၁။	ကချင်	၀၇၄-၂၂၈၉၃	၉။	မန္တလေး	၀၂-၄၀၆၁၄၉၅
၂။	ကယား	၀၈၃-၂၂၁၆၉၄	၁၀။	မွန်	၀၅၇-၂၃၀၁၈
၃။	ကရင်	၀၅၈-၂၁၀၈၅	၁၁။	ရခိုင်	၀၄၃-၂၃၃၇၆
၄။	ချင်း	၀၇၀-၂၁၉၄၂	၁၂။	ရန်ကုန်	၀၁-၂၅၂၅၁၆
၅။	စစ်ကိုင်း	၀၇၁-၂၃၃၂၅	၁၃။	ရှမ်း	၀၈၁-၂၀၂၇၂
၆။	တနင်္သာရီ	၀၅၉-၂၃၅၈၀	၁၄။	ဧရာဝတီ	၀၄၂-၂၄၅၉၂
၇။	ပဲခူး	၀၅၂-၂၂၀၀၀၆၁	၁၅။	ပြည်ထောင်စုနယ်မြေ	၀၆၇-၃၅၀၁၆၇
၈။	မကွေး	၀၆၃-၂၀၂၃၂၄			

ပြည်တွင်းအခွန်များဦးစီးဌာန

ခြံကျယ်ငှားမည်

၁။ ရွှေတောင်ကြားလမ်းမပေါ် ပေ(၆၀×၂၄၀)
၂။ ရွှေပေါက်ကံ မြေကွက် ပေ(၆၀×၈၀)

ဖုန်း-၀၁-၃၈၅၃၀၆၊ ၀၉-၅၀၆၃၁၃၂

ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ ထမုန်ကန်အုပ်စု၊ အုတ်ကျင်းရွာ၊ အထက (ချည်စက်) တက္ကသိုလ်ဝင်တန်းမှ မအေးမြတ်မူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး[၉/မထလ(နိုင်)၂၂၃၁၁၅] ဖြစ်ပါကြောင်း။

ကျော်ကျော်ဦး

အမည်ပြောင်း

ဦးအောင်သန်းထွန်း၏သမီး ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ဒသမတန်း(G)မှ မနှင်းရွှေစင်[၁၂/လမန(နိုင်)၁၆၅၄၂၁]အား မရှင်မင်းစံ ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

မရှင်မင်းစံ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အခန်း(၃၀၂)၊ ရွှေအုတ်ဂူ(၃)လမ်း၊ ကမာကြည်အိမ်ရာနေ ဒေါ်အေးရီ၏ သားဖြစ်သူ မောင်ပြည့်စုံ[၁၂/သဃက(နိုင်)၁၇၁၀၂၉]သည် မိမိသဘောဆန္ဒဖြင့် နေအိမ်၌ နေထိုင်ခြင်းမရှိ ထွက်ခွာသွားပြီး မိဘနှင့်ဆွေမျိုး မောင်နှမများ၏ ဂုဏ်သိက္ခာနှင့်အရှက်ရရှိစေရန် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်အရှုပ်အရှင်းကိစ္စအဝဝအား မိဘနှင့်ဆွေမျိုးများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်အေးရီ[၁၂/သဃက(နိုင်)၀၇၃၄၅၉]

တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ ပထမထပ်၊ ပေ(၁၂½×၅၀)အား ဒေါ်အယ်(လ်)နန်ဒွဲ[၁/မကန(နိုင်)၀၃၈၄၇၉]ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၉၆၁၆၅၇၇၆၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အလုံလမ်း၊ အမှတ်(၂၃၂)၊ Basement(၂)ထပ်ပါသော RC (၂၂)ထပ်အဆောက်အအုံ၏ (12-Floor)၊ အခန်းအမှတ်(၁၂၃)၊ ဧရိယာ(၃၂၀၀)စတုရန်းပေ ဂရန်ရှိမြေပိုင်မြေပေါ်ရှိ Orchid Condominium တိုက်ခန်းနှင့်၎င်း Orchid Condominium တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်ဆုလှဲ့ဝေ[၁၂/လမတ(နိုင်)၀၃၄၇၁၃]၊ ဦးစိုင်းသန်းထွန်းနိုင်[၉/ခအဇ(နိုင်)၀၁၅၃၅၃]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆုလှဲ့ဝေ၊ ဦးစိုင်းသန်းထွန်းနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO (Switzerland)	LL.B,D.B.L,D.I.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)	အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)	အထက်တန်းရှေ့နေ(စဉ်-၄၄၀၀၃)
Ph:01-246869, 09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တော်ဝင်ထွန်းစတား ✧ ကားမျိုးစုံစီးလုံးငှားသည်

- ဘားဘားအောင်မင်းခေါင်ထွက်ရပ်မှုတော်မွဲ၊ ပုပ္ပါး၊ စင်မြင်ရွာ(သီးသန့်)
- ဘားဘားထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ ရွှေစည်းခုံ၊ မင်းကွန်း ...
- ဘားဘားထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကျိုက်ထီးရိုး ...
- ဘားဘားထွက်ပွဲ၊ ပုပ္ပါး၊ မန္တလေး၊ မြစ်ကြီးနား၊ စစ်ကိုင်း၊ မုံရွာ

Sep 24

09-2524 666 33, 09-2524 666 55, 09-49155797

ဖခင်အမည်မှန်

မြန်အောင်မြို့နယ်၊ အထက၊ သပြေကုန်း၊ ဒသမတန်းမှ မသဲနုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင်[၁၄/မအန(နိုင်)၁၈၀၀၅၆]ဖြစ်ပါသည်။

ဦးကျော်မင်းနိုင်

သုံးရာသီ (ဗဟိုဒါန)

ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ရွှေစည်းခုံ၊ ...

420144148, 421153797

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် လူစည်ကားရာနေရာများ၊ မှုခင်းဖြစ်ပွားတတ်သည့်နေရာများ၊ အရေးကြီးလမ်းဆုံများတွင် CCTV ကင်မရာများ တပ်ဆင်နိုင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ CCTV Control and Command Center တည်ဆောက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- (က) တင်ဒါပုံစံရောင်းချမည့်ရက် - (၁၀. ၉. ၂၀၁၈)မှ (၁၆. ၉. ၂၀၁၈)အထိ
- (ခ) တင်ဒါလက်ခံမည့်ရက်စွဲ/အချိန် - ၁၇. ၉. ၂၀၁၈၊ (၁၀:၀၀) နာရီ
- (ဂ) တင်ဒါဖွင့်လှစ်မည့်ရက်စွဲ/အချိန် - ၁၈. ၉. ၂၀၁၈
- (ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ - ဒဂုံမြို့နယ်၊ ပြည်လမ်း၊ လွှတ်တော်ဝင်းအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပံ့ဌာန

၂။ အထက်ဖော်ပြပါ CCTV ကင်မရာများတပ်ဆင်ခြင်းလုပ်ငန်းအား စိတ်ဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပံ့ဌာန (တယ်လီဖုန်းနံပါတ် ၀၁-၈၃၁၇၅၂၀၊ ၀၁-၈၃၁၇၅၂၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ပြင်ဆင်ဖတ်ရှု

၈-၉-၂၀၁၈ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာအချပ်ပို(ဃ)မှ အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး၏ ကျန်းမာရေးမဟာသိပ္ပံဘွဲ့၊ သင်တန်းလျှောက်လွှာခေါ်ယူခြင်းကြော်ငြာ၌ ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (၁)နှစ်သင်တန်းအစား ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) (၁)နှစ်သင်တန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာချက်

၁။ သဃ်န်းကျွန်းမြို့နယ်၊(၁၆/၂)ရပ်ကွက်၊သုဓမ္မ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ မြေကွက်အမှတ်(၁၂၇)၊ အမှတ်(၁၂၇)တွင် (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးမြတ်စိုး၊ လိုင်စင်ရကန်ထရိုက်တာ ဦးတင်မြင့် (LC-9)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်သစ္စင်သိန်း(LS-942)သို့ ဤဌာန၏ (၄-၃-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၄၃၁၉/ ၄၃၂၀/ စည်ပင်-ယာ(အုံ)ဖြင့်ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးတင်မြင့်(LC-9)အစား လိုင်စင်ရကန်ထရိုက်တာ ဦးစိုးဝင်း (LC-472)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာတို့မှ ဌာနသို့လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ဘုတလင်မြို့နယ်၊ သခွတ္တနယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မနှင်းဝေရီ၏ ဖခင်အမည်မှန်မှာ ဦးလှည်းအောင်[၅/ဘတလ(နိုင်)၀၆၇၀၇၃]ဖြစ်ပါသည်။

ဦးလှည်းအောင်

ဖခင်အမည်မှန်

ဘုတလင်မြို့နယ်၊ သခွတ္တနယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မခိုင်ရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဝင်း[၅/မမတ(နိုင်)၀၆၄၂၄၃]ဖြစ်ပါသည်။

ဦးကျော်နိုင်ဝင်း

ဖခင်အမည်မှန်

ဘုတလင်မြို့နယ်၊ သခွတ္တနယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မခင်ချိုသင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း[၅/ဘတလ(နိုင်)၀၆၆၉၀၆]ဖြစ်ပါသည်။

ဦးမောင်ဝင်း

သီဟလင်း

တီဗီမြင်း / တီဗီဂျေရှုပ်ဆင်း
(10",14",16",18",23")
...
01-570307
09-5112729
09-5126394

အခြေခံ (၂/၁၉၈၆) ဗဟိုဆက်သွယ်ရေးတပ် (၃၂)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနား ဖိတ်ကြားခြင်း

အခြေခံသင်တန်းအမှတ်စဉ်(၂/၁၉၈၆) ကျောင်းဆင်းသူငယ်ချင်းများ၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ကျဆုံး/သေဆုံးသူငယ်ချင်းများအား ရည်စူး၍ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ တွေ့ဆုံပွဲသို့ တက်ရောက်ပေးနိုင်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - **၁၅-၉-၂၀၁၈ရက် (စနေနေ့)**
အချိန်နှင့်နေရာ - **နံနက် ၁၀နာရီ ရေကြည်အိုင်ရေသိမ်ဘုန်းကြီးကျောင်း၊**
ဆက်သွယ်ရမည့်သူများ - **ဦးသန့်ဇင် ၀၉-၉၆၅၀၂၃၅၂၅၊ ၀၉-၃၁၁၁၁၆၀၅၊ ဦးကိုကိုလေး ၀၉-၆၉၃၆၅၀၂၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အတွင်း ၆၆ကေဗွီ၊ ကော့ကရိတ်-ကြာအင်းဆိပ်ကြီး ဓာတ်အားလိုင်းအသစ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပိတ်မည့်ရက် - ၉-၁၀-၂၀၁၈ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့်(၁၂:၀၀)နာရီ

တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၇၆၄)၊ မြေအကျယ် ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်ကို ဦးစံရွှေ[၇/ပတန(နိုင်)၀၆၇၃၂၀]အမည်ပေါက်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ထွေး[၁၀/ကမရ(နိုင်)၀၁၆၈၅၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ချိုလင်း[၅/ဝသန(နိုင်)၀၄၀၀၂၂]က ဝယ်ယူရန်အတွက် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ၁၇-၉-၂၀၁၈ရက် နောက်ဆုံးထားပြီး ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်မျိုးထက်(စဉ်-၁၁၉၁၀) **ဒေါ်နန်းမိုခမ်းအောင်(စဉ်-၁၀၂၇၃)**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၅၀)၊ အခန်းအမှတ်(၁၈/အေ)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၂၇၉၅၂၄

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ လူနေရပ်ကွက်အမှတ်(၄၄)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၉၁၂)ဖြစ်သော ဦးထိန်ဝင်းအမည်ပေါက် ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း (၇)လမ်း၊ အမှတ်(၉၁၂)ရှိ ဂရန်မြေကွက်နှင့်အိမ်ကို ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဦးထိန်ဝင်း[၁၂/ဗဟန(နိုင်)၀၁၃၈၂၅] (အမည်ပေါက်ပိုင်ရှင်)၏ အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမြင့်[၉/မနမ(နိုင်)၀၇၇၅၇၂]ထံမှ ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နွယ်နွယ်လင်း
အထက်တန်းရှေ့နေ စဉ်-၄၂၆၃၆
အမှတ် ၃၀၇၊ သခင်အုန်းဖေကြီးလမ်း၊ ၄၂-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်
ဖုန်း-၀၉-၇၈၄၁၂၅၃၁၁

နေပြည်တော်နှင့်မန္တလေးတွင်
တာဝန်ထမ်းဆောင်ရန်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့် လူငယ်(ကျား/မ) ဝန်ထမ်းကောင်းများ အလိုရှိသည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း (၎င်းစာရွက်စာတမ်း မိတ္တူများ)၊ လျှောက်ထားရသည့်ရည်ရွယ်ချက်နှင့် ရည်မှန်းချက် အပြည့်အစုံ စသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

လုပ်ငန်းအတွေ့အကြုံ လုံးဝမရှိသူများ လျှောက်ထားနိုင်ပါသည်။

(၁) Logistics Assistant (ကျား/မ) (၁၂)ဦး

ဆက်သွယ်ရန်

အမှတ်-၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ဒဂုံတာဝါ၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊
၅၄၄၃၄၀၊ ၅၄၄၃၄၁

တက္ကသိုလ်ဝင်တန်း **သင်္ချာ** **ပုစ္ဆာများချဉ်းကပ်ဖြေဆိုနည်း**

သင်္ချာပါမောက္ခ ဒေါက်တာအေးကို ပြုစုသည်။

သင်္ချာပါမောက္ခဆရာကြီး ဒေါက်တာအေးကို၏ သင်္ချာပုစ္ဆာများ ချဉ်းကပ်ဖြေရှင်းနည်းစာအုပ်ကို အထူးလေ့လာကျက်မှတ် လေ့ကျင့်တွက်ချက်ပြီး ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးတွင် **မေးခွန်းပုံစံသစ်ဖြင့်** ဖြေဆိုနိုင်ကြ၍ ဂုဏ်ထူးအမှတ်ပြည့် (၁၀၀)ရရှိနိုင်ကြစေရန် အားပေးရည်ရွယ်ပါသည်။



၂၀၁၉ ပုံစံအသစ်နှင့်အညီ တက္ကသိုလ်ဝင်တန်း **သင်္ချာ**

သင်္ချာပါမောက္ခ ဒေါက်တာအေးကို ပြုစုသည်။

အောင်မှတ်ကျော်မှ ဂုဏ်ထူးမှတ်ဆီသို့ တွေးခေါ်စဉ်းစားတွက်နည်းသစ်များ၊ အခန်းလိုက်မေးခွန်းပုံစံအသစ်နှင့်ပုံစံသစ်အဖြေများကို တွက်နည်းအမျိုးမျိုးဖြင့် ဖော်ပြ ပြုစုပေးထားပါသည်။



ထူးခြားဆန်းသစ်သော တက္ကသိုလ်ဝင်တန်း **သင်္ချာ**

သင်ရိုးသစ်၊သင်ရိုးကုန်အဖြစ်ရုံ

သင်္ချာပါမောက္ခ ဒေါက်တာအေးကို ပြုစုသည်။

မေးခွန်းပုံစံသစ်နှင့်အတူ ဖြည့်စွက်ပြင်ဆင်မှုများ အခန်းလိုက်မေးလေ့ရှိသောမေးခွန်းများနှင့် ပုစ္ဆာများကို လွယ်ကူနားလည်နိုင်စေရန် ထူးထူးခြားခြား ရှင်းလင်းချက်များ ရှင်းကွက်များနှင့် ဖော်ပြပေးထားသော စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

စာပေရဲရှင်စာပေ ဖုန်း ၀၉-၄၅၀၀ ၄၄၄၇၁၊၀၉-၃၉၄၆၈၅ **ထွက်ပြီ**

Win Education

အုံသြလောက်ဖွယ် ဉာဏ်ရည်မြင့်မား၊ လေ့ကျင့်မှတ်သားနိုင်သော **သင်္ချာဉာဏ်စမ်းများ၊**

နိုင်ငံတကာတွင် ထင်ပေါ်ကျော်ကြား၊ အများသုံးနေကြသော သင်္ချာတွက်နည်းပေါင်းစုံပါဝင်၍ သင်္ချာဘာသာအရာတွင် ထူးချွန်အောင်မြင်မည့် တွက်နည်းအဘိဓာန်ကြီးလည်း ဖြစ်သည်။



ဉာဏ်ရည်မြင့်မား လေ့ကျင့်မှတ်သား

သင်္ချာဉာဏ်စမ်းများ

အတွဲ-၁၊ ၂၊ ၃၊ ၄

ထွက်ပြီ

သင်္ချာပါမောက္ခဒေါက်တာအေးကို

B.Sc.M.Sc, Ph.D (MATHS)

- နိုင်ငံတကာ၊ အိုလံပစ် စာမေးပွဲဖြေဆိုချင်သူများနှင့် သင်္ချာဉာဏ်ရည် အုံမခမ်းထူးချွန်တိုးတက်အောင်မြင်လိုသူ လူရည်မွန်းပညာရှင်များ အထူးကိုင်စွဲရမည့်စာအုပ်။
- ကမ္ဘာတွင် ထူးချွန်အောင်မြင်နေကြသော၊ သိပ္ပံပညာရှင်ကြီးများသည်၊ သင်္ချာဘာသာနှင့်ကင်းကွာ၍မရဘဲ အမြဲတိုးတက်စေရန်၊ သင်္ချာဘာသာရပ်ကို နေ့စဉ်မပြတ် လေ့လာဆည်းပူး၊ သင်ကြားနေကြရသည်မှာ သင်္ချာဘာသာ၏ ထူးခြားမှုပင်။
- တက္ကသိုလ်အသီးသီးတွင် ထူးချွန်တပည့်ပေါင်းများစွာကို မွေးထုတ်ပေးခဲ့ပြီး ယနေ့ အောင်မြင်ထွန်းကား ကြီးပွားနေကြသော စီးပွားရေးလုပ်ငန်းရှင်ပေါင်းများစွာ နိုင်ငံရေးလေ့လာ သင်ယူအားထုတ်နေသူများစွာ သိပ္ပံပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ပညာရှင်များစွာ တို့အား နည်းပေးလမ်းပြညွှန်ကြား ဦးဆောင်နေသူ ပညာရှင်တစ်ဦး၏ ဆရာစားမချန် ဖွင့်အန် ထုတ်ပြခဲ့သော၊ **သင်္ချာရည်ချွန် ကျွမ်းကျင်ပြီး အတွဲ-၁၊ ၂၊ ၃၊ ၄ နှင့် အမြင့်ပညာ အောင်မြင်တန်းအထိ သင်္ချာဉာဏ်စမ်းများ ထွက်နေပါပြီ။**
- မိမိတို့သားသမီးများကို ဉာဏ်ရည်မြင့်မားစေရန် လည်းကောင်း၊သင်္ချာ ထူးချွန်စေရန် လည်းကောင်း၊ အဘက်ဘက်က တီထွင်ကြံဆ ကြီးပွားတိုးတက်စေရန်လည်းကောင်း မိဘများက တာဝန်ကြေစွာ ဤစာအုပ်ကို ဝယ်ယူလေ့လာသင်ကြားစေလိုက်ပါ။





(၆၆)နှစ်ပြည့် အထထွေထွေခွဲစိတ်ဆရာဝန်ကြီးများ၏ ...

ဝက်မြင်းရွှေပုရွှမ်းမယ်သော့ဆေးကုန်း

ဆေးဆရာဝန်တောင်း ဆရာမတောင် (၂၄၉၊၂၀၀) ...

[illegible]

ရွှေစေတီ ... 55000/-Ks Ph:09 450024419 09 790629747

အောင်မြေစေတနာ

အကျိုးဆောင်လုပ်ငန်း အမြဲနိုးမျှ ...

- ဗဟန်း၊ဆရာစံလမ်း,M-4,B-1 (45×65) 3RC 7600.L
- သာကေတ၊ရွှေပုဇွန်အနီး (100×100) မြေ 6000.L
- သဃၤန်း၊လေးထောင့်ကန်လမ်းမပေါ်(20×60) 3RC 4400.L
- လှိုင်၊လှိုင်ရတနာအိမ်ရာ,M-4 (30×80) 2RC 4400.L
- သဃၤန်း၊ပင်လုံရိပ်မွန်,M-2,B-2 (70×90) 2RC 4000.L
- ဗဟန်း၊ရွှေသံလွင်ကွန်ဒို,M-2,B-3 (3600-Sqft) 4000.L
- အလုံ၊ORCHID ကွန်ဒို,M-3,ပြင်ပြီး (1760-Sqft) 2500.L
- ဒဂုံ၊ကံကော်ကွန်ဒို,M-2,B-1,ပြင်ပြီး (1640-Sqft) 2000.L
- မရမ်း၊Prime Rose Condo,M-1,B-2(1500-Sqft) 2000.L
- ရန်ကင်း၊ရွှေမိုးကောင်းကွန်ဒို,M-1,B-3 (1690-Sqft) 1900.L
- မရမ်း၊Ocean Condo,M-1,B-2,AC-4(1350-Sqft) 1500.L

FB-Page ▸ Aung Myay Saytanar Realestate Co.,Ltd

"အိမ်၊ခြံ၊မြေ များအား အပ်နှံပေးရန် ဖိတ်ခေါ်ပါသည်"

09-5080073, 09-422888853, 09-422888852

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၂)၊ ဒသမတန်း(D) အတွဲ(၁)မှ မမိမိကျော်၏ ဖခင်အမည်မှန်မှာ ဦးညို[၁၄/ဘကလ(နိုင်) ၀၇၀၂၉၀]ဖြစ်ပါသည်။

ဖခင်အမည်မှန်

မော်ဘီမြို့(အထက)မင်းရွာကျေးရွာ၊ ဒသမတန်းတွင်ပညာသင်ကြားနေသော နော်အယ်ကပြုစေ၏ ဖခင်အမည်မှန်မှာဦးရွှေဝါ(ခ)ဦးထူးကဲ(၁၂/မဘန(နိုင်) ၀၆၉၀၈၀၆) ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၂၅၁)၊ ဧရိယာ(၀.၀၆၉)ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးတင်ဝင်းအမည် ဖြင့်မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူခဲ့၍ လက်ရှိပိုင်ဆိုင်သူ ဓာတ်ထောက် (၃/သတန(နိုင်)၀၁၁၀၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ မြေနှင့်အိမ်တန်ဖိုးငွေအပြေအကျ ပေးချေ၍ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ်ရောင်းဝယ်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဓာတ်တာကာသ(LL.B., D.B.L., D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၆၈) နေထိုင်သူ ဒေါ်ချိုလေးဆင့် (၁၂/ဥကမ (နိုင်) ၀၂၂၂၀၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုလေးဆင့်နှင့် ဦးနေလင်းအောင် (၁၂/ဒပန (နိုင်) ၀၂၅၅၅၅)တို့သည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)ကျော်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ်အတွင်း ဦးနေလင်းအောင်သည် လင့်ဝတ္တရားများ မကျေပွန်သည့်အပြင် (၁၅-၈-၂၀၁၈) ရက်နေ့တွင် ၎င်းဆိုသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ ဦးနေလင်းအောင်အား ဒေါ်ချိုလေးဆင့်မှ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝသည် ဒေါ်ချိုလေးဆင့်နှင့်မပတ်သက်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သက်ယုဆွေ LL.B., M.B.L
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၅၂၂)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်း (B-6) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၇၀၅၉၁၃၃၄

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၂) ဒသမတန်း(C) အတွဲ(၁)မှ မမာမာခိုင်၏ ဖခင်အမည်မှန်မှာ ဦးကြည်နိုင်[၁၄/ဘကလ(နိုင်) ၁၀၂၁၂၀]ဖြစ်ပါသည်။

ဖခင်အမည်မှန်

ခရမ်းမြို့၊ အထက(၂)မြို့မကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မဇွန်ဇွန်မြင့်၏ ဖခင်အမည်မှန်မှာ ဦးခင်ဦး[၁၂/ခရန(နိုင်)၀၆၅၄၇၃] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ စက်ဆန်းအထက၊ ဒသမတန်း၊ အတွဲ(၁) (B)ခန်းမှ မလေးလေးဝါး၏ ဖခင်အမည်မှန်မှာ ဦးစိန်ကုလား [၁၄/ဘကလ(နိုင်)၂၆၁၈၁၇] ဖြစ်ပါကြောင်း။ **ဦးစိန်ကုလား**

EAZY DRIVE (အမျိုးသမီးသီးသန့်)

ကားမောင်းအမြန်ရက်တိုသင်တန်း

- ရန်ကုန်မြို့ထဲလမ်းများပေါ်တွင် ကိုယ်တိုင်ကျွမ်းကျင်နိုင်စွာ ကားမောင်းနိုင်ရန်နှင့် မြို့ထဲကားပါကင်အမြန်ထိုးနိုင်အောင် တစ်ဦးချင်းသီးသန့် အတတ်သင်ပေးသည်။
- လိုင်စင်ဖြေဆိုလိုသူများနှင့် လိုင်စင်မရှိသေးသူများသင်တန်း ကာလအတွင်း လိုင်စင်ဖြေဆိုနိုင်အောင် ကားပါကင်အထူးသီးသန့်သင်ပေးသည်။ **ဖုန်း-၀၉-၂၆၄၈၀၇၆၉၉**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/1841 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

သံတွဲမြို့နယ်၊ ငပလီမြို့၊ လင်းသာရပ်ကွက်၊ ကွင်းအမှတ်(၂၀၅)၊ လင်းသာမြောက်ကွင်း၊ မြေဧရိယာ(၀.၁၀)ဧကအား သံတွဲမြို့နယ်၊ ငပလီမြို့၊ လင်းသာရပ်ကွက်နေ ဦးကျော်ဆွေဦး [၁၂/လမန(နိုင်)၀၁၆၁၀၇]မှ ဦးညီညီ(ကွယ်လွန်)၊ ဒေါ်ခင်စန်း[၁၁/သတန(နိုင်)၀၁၃၆၉၄] ထံမှ ၁၉၈၇ ခုနှစ်တွင် ဝယ်ယူခဲ့ပါသည်။ ယခုအခါ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်း အထောက်အထားများဖြင့် သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် သံတွဲခရိုင်ထွေ/အုပ်ရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ်တွော်အရာရှိ**

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သံတွဲမြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈၊ ပဲမှီကုန်း၊ မြေကွက်အမှတ်-၇၉/စ-၁၊ ဧရိယာ(၁၁. ၈၅၈)ဧက၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ်-၁၆၆(စီ)၊ မဥ္ဇူလမ်း၊ ထန်းပင်ကုန်းစော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ Aဘဂေါင်းအမည်ပေါက် Bမြေပိုင်(လ/န၃၉) မြေအား အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၇၄/၂၀၁၂ဖြင့် မြေနှင့်အိမ်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ ၁၈-၁၀-၂၀၁၂ ရက်စွဲပါ တရားရုံးစီရင်ချက်နှင့် ဒီကရီ တရားမဇာရီမှုအမှတ်-၄၇/၂၀၁၆ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၁-၄-၂၀၁၇ ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ ၈-၆-၂၀၁၇ ရက် ဘီလစ်ခန့်စာ၊ (၂၀၁၂) အရောင်းမြေပုံမူရင်း ပျောက်ဆုံးသွားပါကြောင်း တရားနိုင်၏ တရားရုံးကျမ်းကျိန်လွှာတင်ပြပြီး ဘီလစ်ဒေါ်မိုးမိုးအေး[၁၂/အစန(နိုင်)၁၂၂၁၈၄]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးမျိုးဝင်း၊ဒေါ်စောစောထံမှGPရသူ	၁၂/ဆကန(နိုင်)၀၁၇၉၃၂	သာကေတ	၄	၃၀၀/က	ဒေါ်စောစော	၃၀၀/က၊မြို့မ(၉)လမ်း(၄/တောင်)ရပ်ကွက်	မြေပုံကူး(အရောင်း)
၂။	ဦးဘုန်းမြတ်လင်း+၁(SPဒေါ်ရွှေဝင်လွင်)	၇/ပမန(နိုင်)၁၄၂၅၈၃	ရွှေပြည်သာ	၃၆	၇၄	ဦးဘုန်းမြတ်လင်း+၁	၇၄၊မင်းရဲကျော်ထင်လမ်း(၁)ရပ်ကွက်၊ရွှေပြည်သာ	မြေပုံကူး(ဖွန့်လွှတ်)
၃။	ဦးသိန်းစိုး	၁၂/ကမတ(နိုင်)၀၁၉၆၉၁	မရမ်းကုန်း	ဘုရင့်နောင်	၈/၆၆(A)	ဦးသိန်းစိုး	၈/၆၆(A)အောင်သပြေလမ်း[illegible](၁)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၄။	ဒေါ်တိုးတိုးဦး(SPဒေါ်မာလာဝင်း)	၁၄/ဘကလ(နိုင်)၁၅၃၂၅၁	တောင်ဥက္ကလာ	၁၄/[illegible]	၃၀၇/၉	ဒေါ်တိုးတိုးဦး	၃၀၇/၉[illegible](၁၅)ရပ်ကွက်၊တောင်ဥက္ကလာ	မြေပုံကူး(အရောင်း)
၅။	ဒေါ်မြိုင်မြိုင်	၁၂/လသန(နိုင်)၀၉၅၁၃၁	လှိုင်သာယာ	၁၁က မ-၁၃	၁၂၄၃/စ	ဒေါ်မြိုင်မြိုင်	၁၂၄၃/စ[illegible]လမ်း(၁၆)ရပ်ကွက်၊လှိုင်သာယာ	မြေပုံကူး(ဘဏ်ချေး)
၆။	ဒေါ်တင်မြတ်ကြူ+၁	၁၂/တမန(နိုင်)၀၀၀၁၇၉	မင်္ဂလာတောင်ညွန့်	၄၆/၂	၁/၅၄	ဒေါ်တင်တင်မြင့်	၁/၅၄(၈)လမ်း[illegible]ရပ်ကွက်	အမည်ပြောင်း
၇။	ဦးလှမောင်သိန်း	၁၁/မပန(နိုင်)၀၀၁၅၉၇	အင်းစိန်	၃၇	၇၈၆	ဦးထွန်းထွန်းဝင်း	၇၈၆[illegible]လမ်း(၃၇)ရပ်ကွက်၊အင်းစိန်	အမည်ပြောင်း
၈။	ဦးစင်မောင်	၁၂/ရကန(နိုင်)၀၃၇၅၅၆	ဒဂုံတောင်	၂၅	၁၁၂၉	ဦးစင်မောင်	၁၁၂၉[illegible]လမ်း(၂၅)ရပ်ကွက်၊ဒဂုံတောင်	ဂရန်သစ်
၉။	ဒေါ်အေးအေးမြင့်+၂	၁၂/ဥကတ(နိုင်)၁၃၀၀၈၆	တောင်ဥက္ကလာ	၁၃	၁၃၀၇/A(စ)	ဦးဘသိန်း	၁၃၀၇/A(စ)[illegible](၁၃)ရပ်ကွက်	ဂရန်ခွဲ
၁၀။	ဒေါ်ကြွယ်ကြွယ်ဝင်း	၁၂/စတန(နိုင်)၁၀၂၀၀၉	လှိုင်သာယာ	၁၅/[illegible]	၈၅/က	ဦးကျော်ရှောက်မိ	၈၅/က[illegible]	ဂရန်သစ်
၁၁။	ဒေါ်လှလှ	၁၂/မဂဒ(နိုင်)၀၃၄၀၃၀	ရန်ကင်း	၃၆/က[illegible]	၃၄/၃၁	ဦးတိုးမောင်+၁	၃၄/၃၁[illegible]လမ်း(၁၂)ရပ်ကွက်	အမည်ပြောင်း
၁၂။	ဦးလှကြွယ်(SP)ဦးမျိုးမင်းလတ်	၁၃/လရန(နိုင်)၀၀၅၅၁၉	ဒဂုံဆိပ်ကမ်း	၅၉	၇၆၉	ဦးလှကြွယ်	၇၆၉(၅၉)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	မြေပုံကူး(အရောင်း)
၁၃။	ဦးအေးအောင်မြင့်(ဦးနေမျိုးဝင်း)	၁၂/တတတ(နိုင်)၀၂၃၀၅၀	ဒဂုံမြောက်	၄၆	၈၁၁	ဦးအေးအောင်မြင့်	၈၁၁[illegible](၄၆)ရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၄။	ဦးရန်ဇော်+၁(GPဒေါ်နော်ရှိုးဝင်ဝင်း)	၁၃/လရန(နိုင်)၀၉၂၂၈၉	ရွှေပြည်သာ	၄၄(ဆင်[illegible])	1.C/A	ဦးရန်ဇော်+၁	1.C/A[illegible]	မြေပုံကူး(ဘဏ်ချေး)
၁၅။	ဦးဘတ်ထွန်း+၁	၁၂/ဥကတ(နိုင်)၁၁၃၉၄၂	ဒဂုံဆိပ်ကမ်း	၆၁	၁၆၅၃/D	ဦးခင်လတ်	၁၆၅၃/D[illegible](၆၁)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	အမည်ပြောင်း
၁၆။	ဦးသော်မြင့်+၁	၄/တခန(နိုင်)၁၀၈၀၀၇	မြောက်ဥက္ကလာ	၅၊၈၀ဘာဝီ	၀၀	ဒေါ်စင်မြင့်ဦးသာဝင်	၀၀[illegible](၅)[illegible]မြောက်ဥက္ကလာ	အမည်ပြောင်း
၁၇။	ဦးဟန်လင်းအောင်	၁၂/လသန(နိုင်)၁၁၅၆၉၁	ဒဂုံအရှေ့	၇	၉၆၈(က)	ဒေါ်ထွေးထွေးအောင်	၉၆၈(က)[illegible](၇)ရပ်ကွက်၊ဒဂုံအရှေ့	အမည်ပြောင်း
၁၈။	ဦးဇော်လတ်	၁၃/တကန(နိုင်)၀၀၂၂၅၅	ရွှေပြည်သာ	၅၄/တို့ရေ	၁၁၉	ဦးရဲမိုး(ခ)ဦးမြင့်ခိုင်	၁၁၉[illegible]	ဂရန်သစ်
၁၉။	ဒော်သူဇာမောင်း	၁၂/စတန(နိုင်)၀၇၉၂၅၄	ဒဂုံမြောက်	၄၂	၆၀၉	ဒေါ်မျှော်အားမှု	၆၀၉[illegible](၄၂)ရပ်ကွက်၊ဒဂုံမြောက်	အမည်ပြောင်း
၂၀။	ဒေါ်တင်နွဲ့+၁	၁၄/ဟကက(နိုင်)၀၄၄၄၄၇	မြောက်ဥက္ကလာ	၁၅/ရွှေပေါက်ကံ	၁၀၁၀	ဦးစံရှိန်း	၁၀၁၀[illegible](၁၅/ရွှေပေါက်ကံ)	ဂရန်သစ်

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

ကြေးမုံ

ကမ်းလွန်လုပ်ကွက် M-12, M-13 နှင့် M-14 တွင် PCML ကုမ္ပဏီမှ သုံးဖက်မြင်ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းအပေါ် ကနဦးပတ်ဝန်းကျင် ဆန်းစစ်မှု လုပ်ကိုင်ခြင်း

PC Myanmar (Hong Kong) Limited (PCML) သည် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသော ကမ်းလွန်လုပ်ကွက် M-12, M-13 နှင့် M-14 တို့တွင် သုံးဖက်မြင်ဆိုက်စမစ်တိုင်းတာရေး အစီအစဉ်ကို လုပ်ကိုင်ရန် အဆိုပြုထားပါသည်။ အဆိုပါ သုံးဖက်မြင်တိုင်းတာခြင်း လုပ်ငန်းကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တူးဖော် သွားမည်ဖြစ်ပါသည်။ သုံးဖက်မြင်ဆိုက်စမစ်တိုင်းတာရေး လုပ်ဆောင်မည့်နေရာမှာ မြိတ်ကျွန်းစု၏ အနီးဆုံးကျွန်းမှ ၇၀ ကီလိုမီတာ နှင့် ပင်မကုန်းမြေကမ်းရိုးတန်းမှ ၁၂၅ ကီလိုမီတာတွင် တည်ရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများအရ PCML အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိရန်အတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ PCML ကိုယ်စား Environmental Resources Management (ERM) နှင့် Environment Quality Management (EQM) တို့မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းကို သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းအပါအဝင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း လုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) အရ လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပါသည်။

PCML ၏ မြန်မာပြည်တွင်း ဆောင်ရွက်မှုများအား သိရှိလိုပါက PETRONAS ၏ အင်တာနက်စာမျက်နှာ www.petronas.com တွင်တွေ့ရှိနိုင်ပါသည်။

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ် အမျိုးမျိုးနှင့် လေဆိပ်အတွက်
Model မြင့် ကားအမျိုးမျိုး ရောင်း/ဝယ်/ငှားရမ်းရန်
ယာဉ်မောင်းပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

ကားရောင်းမည်

Hijet SUZUKI နယ်/ရန်ကုန်	60-100 သိန်း
2003 Wish / NOAH	210-270 သိန်း
2013 Axio / GK3	245-280 သိန်း
Shuttle နယ်/ရန်ကုန်	210-280 သိန်း
CIVIC ရန်ကုန်/နက်-မှတ်-၈	260 သိန်း
Fit / Insight နယ်/ရန်ကုန်	190-210 သိန်း
2011 Swift/Golf/Polo	195-270 သိန်း
Alphard Elgrand	300-400 သိန်း
Probox / Belta နယ်	190-220 သိန်း
Fielder နယ်/ရန်ကုန်	290-320 သိန်း
Truck / Box YGN	190-250 သိန်း

ကားဝယ်သည်။ အလဲအထပ်ရသည်။
09 5108316 , 09 975108316

ကမ်းလွန်လုပ်ကွက် M-12, M-13 နှင့် M-14 တွင် PCML ကုမ္ပဏီမှ ရေနံတူးဖော်ရှာဖွေရေးတွင်းတူးခြင်း လုပ်ငန်းအပေါ် သဘာဝပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင်ဆိုင်ရာ ထိခိုက်မှု လေ့လာဆန်းစစ်မှု လုပ်ကိုင်ခြင်း

PC Myanmar (Hong Kong) Limited (PCML)သည် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသော ကမ်းလွန်လုပ်ကွက် M-12, M-13 နှင့် M-14 တို့တွင် ရေနံတူးဖော်ရှာဖွေရေးတွင်းတူးခြင်းအစီအစဉ်ကို လုပ်ကိုင်ရန် အဆိုပြုထားပါသည်။ အဆိုပါ ရေနံတူးဖော်ရှာဖွေရေးတွင်းတူးခြင်း လုပ်ငန်းကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တူးဖော်သွားမည် ဖြစ်ပါသည်။ ရေနံတူးဖော်ရှာဖွေရေးတွင်း တူးဖော်မည့်နေရာမှာ မြိတ်ကျွန်းစု၏ အနီးဆုံးကျွန်းမှ ၁၁၁ ကီလိုမီတာ နှင့် ပင်မကုန်းမြေကမ်းရိုးတန်းမှ ၁၄၄ ကီလိုမီတာတွင် တည်ရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများအရ PCML အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ PCML ကိုယ်စား Environmental Resources Management (ERM) နှင့် Environment Quality Management (EQM) တို့မှ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း လုပ်ငန်းကို သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းအပါအဝင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) အရ လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပါသည်။

PCML ၏ မြန်မာပြည်တွင်း ဆောင်ရွက်မှုများအား သိရှိလိုပါက PETRONAS ၏ အင်တာနက်စာမျက်နှာ www.petronas.com တွင်တွေ့ရှိနိုင်ပါသည်။

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက(တနယ်ဖင်း)၀၅၄/၀၇၁၃

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့အတွက် ဆေးဝါးကုန်ကြမ်းနှင့် ထုပ်ပိုးခွံများ၊ စက်နှင့်စက်အရန်ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်းများမှ သက်ဆိုင်ရာစက်ရုံများသို့ ပို့ဆောင်ရန် ကုန်သေတ္တာတင်ယာဉ်ငှားရမ်းခ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၂-၉-၂၀၁၈ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၁၀-၂၀၁၈ရက်(၁၆:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်းနံပါတ်-၀၆၇-၃၄၀၈၂၇၆

"ရွှေစည်"

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

ဇေအောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေး

09428773300
09428773355

မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်

ဘီမ်အရောက် ငွေချေနှစ်၊ ပွဲခပေးရန်မလို

ဖုန်း 01-2339310,01-2339355,01-578044

အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်း မရှိသော အရက်၊ စီးကရက်၊ ဝိုင် အမျိုးမျိုး၊ တရားမဝင် တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့အား ရှာဖွေ၊ သိမ်းဆည်းအရေးယူမည် ဖြစ်ကြောင်း အသိပေးကြေညာခြင်း

- အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဝိုင် အမျိုးမျိုးတို့အား သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပြီးမှ ရောင်းချရန် သတ်မှတ်ထားပါသည်။
- သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်း မရှိသော အရက် ၊ စီးကရက် ၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင် တင်သွင်းထားသော ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စိစစ်တွေ့ရှိရပါက တွေ့ရှိသည့် အဆိုပါ အထူး ကုန်စည်များကို အထူးကုန်စည်ခွန် ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည့်အပြင် အောက်ပါအတိုင်း ဒဏ်ငွေကိုလည်း ပေးဆောင်ရမည် ဖြစ်ပါသည်။
  - ☆ လက်ဝယ်ထားရှိရောင်းချသူသည် သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည်တန်ဖိုး၏ ၁၀၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်။
  - ☆ ဖမ်းဆီးရမိသော အထူးကုန်စည်များသည် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်ဖြစ်ပါက ယင်းကုန်စည်ကို ထုတ်လုပ်သူကလည်း ယင်းအထူးကုန်စည်တန်ဖိုး၏ ၅၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင် ရမည် ဖြစ်ပါသည်။
- အခွန် အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်း မရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင် တင်သွင်းထားသော ပြည်ပနိုင်ငံထုတ် ဘီယာအမျိုးမျိုးတို့ကို ရှာဖွေဖော်ထုတ် သိမ်းဆည်းရန် ဈေးကွက်အတွင်း ရောင်တခင်ဝင်ရောက် စစ်ဆေးခြင်းအား အထူးကုန်စည်ခွန် ဥပဒေတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ သတ်မှတ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်း မရှိသော အရက် ၊ စီးကရက် ၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင် တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချခြင်း မပြုလုပ်ကြပါရန် ကြိုတင် အသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

တရုတ် ENGLISH Conversation Practice

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang

ပြောတိုင်းပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 420230133

ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အထက၊ ကြို့ပင်ကန် ဒသမတန်း(A)မှ မောင်အောင်ဖြိုးထက်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်ဦး[၇/ပခတ(နိုင်)၀၇၁၁၂၃] ဖြစ်ပါကြောင်း။ **ဦးခင်ဇော်ဦး**

KN Air-Con

Ph: 09-400788135
09-762276128

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁)၊ ဒသမတန်း အတွဲ(၁)(B)ခန်းနေ မောင်အောင်ကိုသန့်၏ ဖခင်အမည်မှန်မှာ ဦးထွန်းငွေ[၁၄/ဘကလ(နိုင်)၀၁၆၅၀၁] ဖြစ်ပါကြောင်း။

ဦးထွန်းငွေ

အမည်မှန်

ရန်ကုန်မြို့၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း နဝမတန်း(E)မှ ဦးနေမျိုးသူရ၏သား မောင်မင်းသုန္ဒရသူရ၏ အမည်မှန်မှာ မောင်မင်းသုန္ဒရသူရဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပညာဥယျာဉ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းမှ မောင်ခွန်အောင်စံပို၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး[၁၃/တကန(နိုင်)၁၅၅၇၇၂] ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

အိန္ဒိယနိုင်ငံသားဖြစ်သူ ကျွန်တော် RAY UMANGKUMAR MANHARLAL၊ PASSPORT No.J4589553 ကိုင်ဆောင်သူနှင့် RAY UMANGBHAI MANHARBHAI တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

RAY UMANGKUMAR MANHARLAL

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

ဒေါ်သန္တာမြင့် (တရားလို) နှင့် ဦးမောင်မောင် (တရားပြိုင်)

တရားပြိုင် ဦးမောင်မောင်၊ တိုက်အမှတ်-၈၀၊ အခန်း-F၊ (၄)လွှာ၊ ကျောင်းကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။(ယခုနေရပ်မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန္တာမြင့်က မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃/က လျှောက်ထားပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ဖြေပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆိုင်သည့်အချက်များကို ဖြေပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ် စက်တင်ဘာလ (၂၁)ရက် (၁၃၈၀ ခုနှစ် တော်သလင်းလဆန်း(၁၂)ရက်) မွန်းမတည့်မီ အထက်အမည် ရေးသားပါရှိသူ တရားလို၏ဆိုချက်ကို ထုချေရန် ဤရုံးသို့လာစေရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးပေလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုတ်ပြလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်၍လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် စက်တင်ဘာလ(၆)ရက်တွင် ဤရုံးတံဆိပ်နှိပ်နှင့်၍ ကျွန်ုပ် လက်မှတ်ရေးထိုးလိုက်သည်။

(ခွဲနိုင်သန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
အင်းစိန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ စက်မှုဇုန်၊ မြေကွက်အမှတ်(၁၈၂)၊ ဧရိယာ(၀. ၂၅၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဦးလှဝင်း[၁၂/ဥကတ(နိုင်)၀၉၃၄၇၇]က တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည်ကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ်(LL.B) — **ဒေါ်စုသန္တာဝင်း(LL.B,LL.M)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၉၈)**
အမှတ်(၁၇၈)၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ AYA BANK အပေါ်ထပ်၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀၊ ရုံးဖုန်း-၀၁-၂၅၆၉၂၇။ (MMTg Law Firm.)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ယုဇနတာဝါ(၉)ထပ်ရှိ အခန်းအမှတ်(၉၀၃)ဟုခေါ်တွင်သော အခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ဒက္ခိဏကုန်သွယ်ရေးလုပ်ငန်းလီမိတက် အမည်ပေါက်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်နိုင်[၁၂/ဒဂန(နိုင်)၀၀၃၅၅၅]က ကုမ္ပဏီ၏ဒါရိုက်တာ(၅)ဦး၏ သဘောတူညီချက်ဖြင့် ရောင်းချကြောင်း၊ အပေါင်အနှံအရှုပ်အထွေးဟူသမျှ ကင်းရှင်းကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ် တစ်ပိုင်းပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်စာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ်(LL.B) — **ဒေါ်စုသန္တာဝင်း(LL.B,LL.M)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၀၉) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၉၈)**
အမှတ်(၁၇၈)၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ AYA BANK အပေါ်ထပ်၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀၊ ရုံးဖုန်း-၀၁-၂၅၆၉၂၇။ (MMTg Law Firm.)

ကြော်ငြာ

အမည်ပြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ ဦးမိုးဇော်လင်း၏သား မောင်အေးချမ်းလင်း(မှ) မောင်အောင်တေဇာဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်တေဇာဟိန်း

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ အထက(၃) အဌမတန်း(နှင်းဆီ)မှ မလှရူပါအေး၏ ဖခင်အမည်မှန်မှာ ဦးကိုနိုင်(ခ) ဦးရီစင် ဖြစ်ပါကြောင်း။

ဦးရီစင်

ဖခင်အမည်မှန်

ကြံခင်းမြို့နယ်၊ ရေနံတောင်၊ အထက၊ ဒသမတန်း(ခ)မှ မလင်းလင်းအေး၏ ဖခင်အမည်မှန်မှာ ဦးစတင်း[၁၄/ကခန(နိုင်)၀၄၅၈၀၇] ဖြစ်ပါသည်။

ဦးစတင်း

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ လှေဒုံးကျေးရွာအုပ်စု၊ သစ်ချဆိပ်ရွာနေ စည်သူအောင်၏ဖခင် ဦးသန်းဦး(ခ) ဦးသန်းလွင်ဦး[၇/ဖမန(နိုင်)၀၂၂၁၈၉] တစ်ဦးတည်းဖြစ်ကြောင်း။

ဦးသန်းဦး(ခ)ဦးသန်းလွင်ဦး

ကျေးဇူးဆပ်ပါမည်

RCC Co.,Ltd နှင့် Myanmar Rubber Products Co.,Ltd၏ ထုတ်ကုန်၊ သွင်းကုန်လိုင်စင်ကတ်၊ စမတ်ကတ်၊ Form 6/26, UMFCCI ကတ်၊ ကုမ္ပဏီကတ်(မူရင်း) အားလုံးမှာခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ထံသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၁၈၃၆၀၊ ၀၉-၉၇၁၁၀၄၅၉၇

ကန်ထရိုက်တာ ဦးဇင်ကိုကို (မြန်မာနဂါးမင်းဆောက်လုပ်ရေး)နှင့် မြေရှင် ဦးတင်ရွှေနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ကျော်သူ (၁၉)လမ်း၊ အမှတ်(၇၃၅)နေ ဦးအုန်းမြင့်[၁၃/ကလန(နိုင်)၀၀၇၄၀၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန်ထရိုက်တာ ဦးဇင်ကိုကို[၁၂/ဥကတ(နိုင်)၁၄၈၉၁၂] (မြန်မာနဂါးမင်းဆောက်လုပ်ရေး)နှင့် တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သစ္စာလမ်း၊ တိုက်အမှတ်(၃၄၄/ခ)၏မြေရှင် ဦးတင်ရွှေ[၁၂/ဥကတ(နိုင်)၀၂၉၇၃၇]နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၃၄၄/ခ) ဟုခေါ်တွင်သည့် ဦးတင်ရွှေပိုင် မြေပေါ်တွင် ကန်ထရိုက်တာ ဦးဇင်ကိုကို (မြန်မာနဂါးမင်းဆောက်လုပ်ရေး)မှ (၈) ထပ် ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ရန် သဘောတူစာချုပ်ကို ပြသ၍ အဆိုပါ တိုက်သစ်၏ ပထမထပ်တိုက်ခန်းကို ကန်ထရိုက်တာ ဦးဇင်ကိုကိုမှ ဦးအုန်းမြင့်ထံသို့ ကျပ်သိန်း (၁၅၀၀) တိတိဖြင့် ရောင်းချရန် ကမ်းလှမ်းသောကြောင့် ဦးအုန်းမြင့်မှ တိုက်ခန်းအရောင်းအဝယ် အရစ်ကျငွေပေးခြင်း ကတိစာချုပ်ကို (၆-၃-၂၀၁၄)ရက်တွင် ချုပ်ဆို၍ တိုက်ခန်းဖိုး စရန်ငွေ ကျပ်သိန်း (၁၀၀၀) တိတိ ပေးအပ်ထားခဲ့ကြောင်းနှင့် ယင်းတိုက်ခန်း အရောင်းအဝယ် အရစ်ကျငွေပေးချေခြင်း ကတိစာချုပ်တွင် မြေရှင် ဦးတင်ရွှေကိုယ်တိုင် အသိအမှတ်ပြု လက်မှတ်ရေးထိုးထားခဲ့သောကြောင့် တိုက်ခန်းဝယ်ယူသူ ဦးအုန်းမြင့်မှ ကန်ထရိုက်တာ ဦးဇင်ကိုကို ဆက်လက်ဆောက်လုပ်နေသော တိုက်သစ် ပြီးစီးအောင် ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်စောင့်ဆိုင်းနေခဲ့ကြောင်း သိရှိရပါသည်။ နောက်ပိုင်းတွင် ဦးအုန်းမြင့်သို့ ရောင်းချထားခဲ့သော တိုက်သစ် ပထမထပ်တိုက်ခန်းကိုပင် မြေရှင်ဦးတင်ရွှေနှင့် ကန်ထရိုက်တာ ဦးဇင်ကိုကိုတို့သည် အခြားသူများသို့ ဦးအုန်းမြင့်အား အသိပေးခြင်းမရှိဘဲ ထပ်မံရောင်းချထားကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးအုန်းမြင့်သို့ ရောင်းချခဲ့ပြီးသော တိုက်ခန်းကို ထပ်မံရောင်းချခဲ့သည့် လူကြီးမင်းများသည် ကျွန်ုပ်၏မိတ်ဆွေ ဦးအုန်းမြင့် (သို့မဟုတ်) ကျွန်ုပ်တို့ထံသို့ ၃၀-၉-၂၀၁၈ရက် နောက်ဆုံးထား၍ လာရောက်ရှင်းလင်းပေးရန်နှင့် ပျက်ကွက်ပါက လူကြီးမင်းတို့အား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကြိုတင်သတိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျင်ငွေ B.A(Eng);R.L	**ဒေါ်ခင်ဝင်းဖြူ (LL.B,D.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၂၅/၈၃)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၈၄/၁၃)**
အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊	**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
Ph-09-5147432	**Ph-09-73002246**

ဒေါ်ဝင်းဝင်းခိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၉၄/၁၅)
အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph-09-5188901

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဇေယျာမင်္ဂလာ(၃)လမ်း၊ အမှတ်(၉၃/ခ)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၁½×၄၀)ပေရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးဝင်းဖေ[၁၂/ကမရ(နိုင်)၀၀၉၆၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်သိမ်း (ဥပဒေတွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၉၁)
အမှတ်-၁၀/၁၂၊ အခန်း-H၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၂၄၅၅၉၊ ၀၉-၉၆၅၁၂၄၅၅၉

ဥ တု ရာ သီ တော ကို မီ ၏

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန့်ဇင်
အသက်(၈၂)နှစ်

ပါမောက္ခ ဒေါက်တာအေးအေးဦး [ဒုတိယပါမောက္ခချုပ်(စီမံ)၊ ဆေးတက္ကသိုလ်၊ မကွေး] ၏ ဖခင်ဖြစ်သူ ဦးသန့်ဇင် အသက်(၈၂)နှစ်သည် ၇-၉-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

5/82 2nd M.B.B.S ဆေးတက္ကသိုလ်
မန္တလေးဝင် ချစ်သူငယ်ချင်းများ

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမင်းသူနောင် [၈/ရစက(နိုင်)၁၃၃၃၂၅]၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် (ရန်-၅၇၂၁/၁၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉- ၄၂၁၁၀၅၁၇

မိခင်အမည်မှန်

တိုက်ကြီးမြို့နယ်၊ လှည်းလမ်းကူးကျေးရွာ၊ အမက စတုတ္ထတန်းမှ စောအာကာယံ၏ မိခင်အမည်မှန်မှာ ဒေါ်ယဉ်ယဉ်ထွေး [၇/သဝတ(နိုင်)၀၉၂၇၉၉] ဖြစ်ပါကြောင်း။

ဒေါ်ယဉ်ယဉ်ထွေး

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးမောင်စိုး (မြိတ်)
အသက်(၇၆)နှစ်

မြိတ်မြို့၊ နောက်လယ်(၇)လမ်း၊ အမှတ်(၃၅၈)နေဒေါ်ရှုပုန်၏ ခင်ပွန်းသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့)တွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ကာ မြေကွက်အမှတ်(၂၂၂/ခ) မြေကွက် တည်နေရာအမှတ်-၂၂၂/ခ၊ ဘုသီတာ(၁)လမ်း (က)ရပ်ကွက်(ဦးထွန်းမြင့်-၁၂/ဥကမ (နိုင်) ၁၂၈၇၃၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ(ဖခင်)ဦးထွန်းမြင့်သည်(၃၀-၁၀-၁၅)ရက်နေ့တွင်လည်းကောင်း(မိခင်)ဒေါ်ခင်သိန်းသည်(၂၉-၅-၁၇)ရက်နေ့တွင်လည်းကောင်းကွယ်လွန်၍ ဒေါ်တင်မြင့်(၁၂/ဥကမ(နိုင်)၁၂၈၁၂၈)နှင့် ဒေါ်မြင့်မြင့်သိန်း(၁၂/ဥကမ(နိုင်)၁၂၇၆၁၈)တို့မှ သမီး(၂)ဦးကျန်ရစ်ကြောင်းအမွေဆက်ခံသူ အခြားသားသမီး မရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၏ ... (၃/၁၅၁၈)(၁၉-၃-၂၀၁၈)တိုတင်ပြ၍ ... GP.No-၂၁၈၀/၁၈(၂၂-၂-၁၈)ဖြင့် ... ဦးမင်းမင်းခန့် (၁၂/ဥကတ(နိုင်)၀၅၀၉၆၄)မှ ... ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၁)ထပ်တိုက်တွင် GP ဦးမင်းမင်းခန့် နေထိုင်ကြောင်းတွေ့ရှိရသောကြောင့် အဆိုပါ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ် ၂၉/ခ၊ မြေဧရိယာ(၁၂၀၀) စတုရန်းပေ=၂၀'×၆၀'၊ မြေကွက်တည်နေရာအမှတ်-၂၉/ခ၊ မာန်ပြေ(၂၂)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်သိန်း (AA-၀၆၉၁၁၇) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ တရားလို ဦးအောင်ကိုဦးမှ ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ဖြင့် တရားပြိုင်ဦးတင်ဝင်း၊ ဒေါ်စန်းစန်းငွေ(အမည်ပေါက် ဦးအောင်သိန်း၏ အမွေစားအမွေခံသားသမီးများ) တို့အပေါ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၆-၆-၂၀၁၆ ရက်နေ့အနိုင်ဒီကရီနှင့် သာကေတမြို့နယ်တရားရုံး၏ ၂၀၁၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၂၏ ၂၃-၈-၂၀၁၇ ဘီလစ်ခန့်အပ်ကြောင်း ချမှတ်သည့် နေ့စဉ်မှတ်တမ်း၊ သာကေတမြို့နယ်တရားရုံး၏ ၂၀-၁၀-၂၀၁၇ ရက်စွဲပါ စာအမှတ်/၁၀၆၂/ ဇာရီ-၁၂/၂၀၁၇၏ တရားရုံးများကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ်ခန့်အပ်ကြောင်း စာတို့အရ ဘီလစ်ဒေါ်သင်းသင်းလှိုင် [၁၂/ဒလန(နိုင်)၀၃၆၉၄၄]မှ တရားရုံးအမိန့်များ၊ သာကေတမြို့နယ်တရားရုံး၏ ၂၀-၁၀-၂၀၁၇ ရက်စွဲပါ ဘီလစ်ခန့်အပ်စာ ဦးအောင်သိန်း (AA-069117)အမည်ပေါက်နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် (၁)ထပ်ပျဉ်ထောင် အဆောက်အအုံ(၁)လုံးရှိပြီး တရားနိုင် ဦးအောင်ကိုဦး ကိုယ်တိုင်နေထိုင်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၄၀)မြေကွက်ပေါ်ရှိ (၇)ထပ် အဆောက်အဦး၏ (၅)လွှာ ခြေရင်းခြမ်း (၅)ထပ်၊ ဧရိယာ (၁၂½'×၆၅')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်သူ ဦးတင်မောင်ပြုး (ဘ) ဦးသာညိမ်း (၁၄/ဘကလ(နိုင်)၀၁၁၃၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စင်မီသင်း (စဉ်-၁၂၂၂၁)
LL.B, D.B.L, D.I.L, M.B.L
တရားလွှတ်တော်ရှေ့နေ
တိုက်(၆)၊အခန်း(၀၀၄)၊ A၁၀လမ်း၊ယုဇနဥယျာဉ်မြို့တော်။ ၀၉၄၅၀၀၂၂၁၁၅

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စိန်ငွေး
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၆၁/၆၃)၊ ငါးလွှာနေ (ဦးဖန်စိန်း-ဒေါ်ကြင်တီ) တို့၏ သမီး၊ ဒေါ်ခင်ငြိမ်းငွေး၏ အစ်မကြီး ဒေါ်စိန်ငွေးသည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၈(တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးကြောင်း အသင်းသူ/သားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်စီစီတင်
(ဟိုတယ်နှင့် ခရီး-ငြိမ်း)
အထက(၁) တာမွေ ကျောင်းသူဟောင်း
အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၃)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်းနေ (ဦးတင်-ဒေါ်ခင်သောင်း) တို့၏ သမီးငယ်၊ ဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း)-ဒေါ်မြအေး(ငြိမ်း)၊ [ဗိုလ်မှူးခင်ဇော်(ငြိမ်း)]-ဒေါ်မာလာတင်၊ ကပ္ပတိန်ဦးအေးမင်း(ငြိမ်း)၊ ဒေါ်မင်းမင်းတင်တို့၏ညီမငယ်၊ ဒေါ်ရတနာ (ခေတ္တ-ဂျပန်)တို့၏ အစ်မ ဒေါ်စီစီတင်သည် ၇-၉-၂၀၁၈ (သောကြာနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၈ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၉-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ (E-10) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးတင်စိုး
ဆောက်လုပ်ရေး၊ လျှပ်စစ်-ငြိမ်း
အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်(၁၈၅/က)နေ (ဦးစံသိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးထွန်းကျော်-ဒေါ်မြတင်)တို့၏သားသမက်၊ (ဦးသန်းဝင်း)၊ (ဦးရဲဝင်းရွှေ) တို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်(ဦး/ရှိ-ပြည်တွင်းအခွန်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးနေဇော်လင်းစိုး (ပြည်တွင်းအခွန်)-ဒေါ်ဇေမာဖြိုးလှိုင်(ပြည်တွင်းအခွန်)၊ ဦးဥက္ကာကျော်(ပြည်တွင်းအခွန်)-ဒေါ်ခင်စန္ဒာစိုး (ပြည်တွင်းအခွန်) တို့၏ချစ်လှစွာသောဖခင်၊ မောင်ဇေလင်းထွဋ်၊ မဇေသီရိလင်းထက်၊ မောင်ဝေယံဖြိုး၊ သားငယ်လေးတို့၏အဘိုးသည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၈ (အင်္ဂါ နေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၅-၉-၂၀၁၈ (စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဒေါ်နော်အယ်လစ္စဘက်ခါး (၆၃) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စင်မေနရီ ကရင်နှစ်ခြင်းခရစ်ယာန် ဓမ္မတက္ကသိုလ်ကျောင်းဝင်းနေ ဒေါ်နော်ဟဲလယ်၊ ဦးစောမောင်ခါးတို့၏သမီးကြီး၊ ဦးစောခရစ်ရှန်လော (Head of YUFC Youth Development Academy)၏ ချစ်လှစွာသော ဇနီး၊ ဆရာမဒေါ်နော်ထူးခူကလူဖေါ (ကရင် နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်)၊ ဒေါက်တာ စောရွှေကျမ်း(ကရင်နှစ်ခြင်းခရစ်ယာန်ဓမ္မတက္ကသိုလ်)တို့၏မိခင်၊ စောနဲဒါးထူး၏ အဘွား၊ နော်ခဲရလဲခါး၏အစ်မ ဒေါ်နော်အယ်လစ္စဘက်ခါးသည် ၁၀-၉-၂၀၁၈(တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၉-၂၀၁၈ (ဗုဒ္ဓဟူး နေ့) နံနက် ၁၀ နာရီတွင် ဖူးသာဖြူ အောက်မေ့ဘွယ်ခန်းမ၊ စင်မေနရီ ကျောင်းဝင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ငှား/ရောင်းမည်

၁။ ပေ (၁၅×၄၀)လုံးချင်း ၂ထပ်၊ ဂွတ္တာလစ်ဈေးကွေ့မှတ်တိုင်အနီး၊ ဦးချစ်မောင်လမ်းမကြီး၊ ဗဟန်း၊ ဖုန်း၊ ဖက်ရှင်၊ ဆေးဆိုင်၊ ရုံးခန်းဖွင့်ရန်သင့်တော်(ငှား)

၂။ ပေ (၂၆×၄၀) မြေညီ၊ ၄/၆လွှာ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ၊ ဖုန်း၊ စတိုး၊ ဖက်ရှင်ဆိုင်၊ ဆေးဆိုင်ဖွင့်ရန် သင့်တော်(ငှား)

၃။ ပေ (၂၀×၆၀)နောက်မြေပိုပါ သီဟသူလမ်းသွယ်(၃)၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာပ၊ B/N၊ (B-3)၊ AC.(1)ပါ (ရောင်း)

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၀၂၅၆၅၇၊ ၀၉-၇၇၆၃၀၁၇၅၇

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပါရမီလမ်းမကြီး၊ အမှတ် (၂၀၃/က) နေ (အဘ) ဦးရန်အောင် ၏သမီး ဒေါ်နီလာခိုင် သည် အောက်ဖော်ပြပါ အောင်သိဒ္ဓိ သက်န်းတိုက် ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသား (Trade Name & Trademark) ၏ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ် ၂၀၈၀/၂၀၀၀
၂၉-၆-၂၀၀၀

အထက်အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် " အောင်သိဒ္ဓိ " အမည်နှင့် အမှတ်တံဆိပ်ပါသင်္ကန်းအမျိုးမျိုးကို လွန်ခဲ့သော (၁၈)နှစ်၊ ၂၀၀၀-ပြည့်နှစ်ကပင်စတင်၍ ယနေ့တိုင် အောက်ပါပင်ရင်းဆိုင်များနှင့်ကုန်တိုက်များ၊ ဈေးဝယ်စင်တာများ၊ အရောင်းဆိုင်များမှတဆင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။ အောင်သိဒ္ဓိသင်္ကန်းတိုက်မှထုတ်လုပ်သော သင်္ကန်းများအား အရည်အသွေးပြည့်မီစွာဖြင့် ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ရောင်းချလျက်ရှိပြီး နှစ်ပေါင်းများစွာ အရည်အသွေးကို စနစ်တကျထိန်းသိမ်းခဲ့သဖြင့် ရဟန်းရှင်လူ ဝိတ်ပြည်သူများ၏ ယုံကြည်အားပေးမှုကို လက်ခံရရှိလျက်ရှိပါသည်။

အောင်သိဒ္ဓိသင်္ကန်း ပင်ရင်းဆိုင်များ

၁။ အမှတ် - ၅/၆၊ သံသုမာလမ်းမကြီး၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ အမှတ် - ၂၀၃/က၊ ပါရမီလမ်းမကြီး၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၃။ အမှတ် - ၄/၁၊ သံသုမာလမ်းမကြီး၊ ၂၄-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ယခုအခါ အချို့သောသင်္ကန်းဆိုင်များသည် " အောင်သိဒ္ဓိ " အမည်ကို တိုက်ရိုက်သုံးစွဲ၍လည်းကောင်း၊ စာလုံးများပြည့်စွက်၍လည်းကောင်း၊ " အောင်သိဒ္ဓိ " သင်္ကန်းတိုက်မှ ထုတ်လုပ်သည့် သင်္ကန်းများအဖြစ် အများပြည်သူထင်ယောင်ထင်မှားဖြစ်အောင် ဖြန့်ချိရောင်းချလျက်ရှိသည်ကိုတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အလှူရှင်ဝိတ်ပြည်သူများအနေဖြင့် " အောင်သိဒ္ဓိ "သင်္ကန်းတိုက်မှ ထုတ်လုပ်သည့် အောင်သိဒ္ဓိ အသားတံဆိပ်ပါသင်္ကန်းများကိုသာ သတိပြုဝယ်ယူကြပါရန်နှင့် ဒေါ်နီလာခိုင် ပိုင်ဆိုင်သည့် " အောင်သိဒ္ဓိ " သင်္ကန်းအမှတ်တံဆိပ်နှင့် သင်္ကန်းတိုက်အမည်အား တုပပြုလုပ်သူများကို ဖြစ်မှုကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်နီလာခိုင်	ဦးတင်ဝင်း (စဉ် - ၆၁၅၈) ဦးသက်ဇော်(စဉ် - ၁၀၆၀၄)
(၅/ရဘန (နိုင်) ၀၀၁၂၀၁)	တရားလွှတ်တော်ရှေ့နေများ
အောင်သိဒ္ဓိသင်္ကန်းတိုက်ပိုင်ရှင်	အမှတ် (၉၄၉/ပ-ယာ)၊ ယသသဝတီလမ်း။
	၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
	ဖုန်း - ၀၉ - ၄၅၂၇၇၃၀၂၅၊ ၀၉ - ၅၀၀၁၀၄၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ်(၈၄)၊ မြေညီထပ်အကျယ် (၁၂½×၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးခိုင်ဝင်း[၁၂/လသန(ပြု)၀၀၀၁၈၁]နှင့် ဒေါ်ပြုံးကြည်[၁၂/လသန(နိုင်)၀၀၃၉၂၇]တို့က မိမိကိုယ်တိုင် စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိပြီး၊ မိမိတို့သာပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆို၍ ဦးဇော်ဇော်အောင်[၁၂/ကခက(နိုင်)၀၆၆၇၈၈]နှင့် ဒေါ်ခင်ခင်ထွေး[၁၂/လသန(နိုင်)၀၀၀၉၇၃]တို့က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဝင်း (B.Sc.,H.G.P,R.L) တရားလွှတ်တော်ရှေ့နေ (၇၃၁၂)
အမှတ်(၂၁)၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၈၇၂၁၇၅၊ ၀၉-၁၁၃၉၅၆၆၃

ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(၁) ဒသမတန်း (A)မှ မယွန်းပိုပိုထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးထွန်း[၇/ဒဥန(နိုင်)၀၉၅၇၇၉] ဖြစ်ပါကြောင်း။

ဦးတင်မျိုးထွန်း

မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာအုပ်စု၊ ကန်ဖြူကျေးရွာနေ မမေသဇင်ဦး၏ မိခင်အမည်မှန်မှာ မစံပယ်စိုးဖြစ်ပါသည်။

မစံပယ်စိုး

သွေးသည် အသက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းရွှေ

အသက်(၈၇)နှစ်

အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)ဆောက်လုပ်ရေး

လှိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ အိမ်အမှတ်(န/၈၆)နေ ရဲမှူးချုပ်ခင်မောင်ဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူထွန်းကြည်၊ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ငြိမ်း)၊ ဒုဝန်ကြီး/ရဲချုပ်(ငြိမ်း)-ဒေါ်ခင်မေလတ် တို့၏ ဖခင် ဦးထွန်းရွှေ အသက်(၈၇)နှစ်သည် ၉-၉-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဇနီး
ရဲတပ်ဖွဲ့ဝင်များနှင့်ဇနီး မိသားစုများ

ဗိုလ်မှူးညွန့်သိမ်း (ငြိမ်း) ပေါင်းတည်

ဗိုလ်သင်တန်းအမှတ်စဉ်(၉)၊ ကြည်း-၆၅၉၄

အသက်(၉၄)နှစ်

ပေါင်းတည်မြို့နယ် (ဦးစိန်ဖူး-ဒေါ်ငွေယုန်)တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သီရိလမ်း၊ အမှတ်(၃က)နေ ဒေါ်အေးအေး၏ ခင်ပွန်း၊ ဗိုလ်မှူးကြီးအေးမင်းသိန်း(ငြိမ်း) (Excellent Fortune Insurance)၊ ဒေါ်ခင်အေးသိန်း (ခေတ္တ-ဩစတြေးလျ)၊ (ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း)(ငြိမ်း)-Dr.ခိုင်ဆွေသိန်း၊ ဗိုလ်မှူးကြီးသိန်းငွေး(ငြိမ်း)-Dr.မြသီတာ၊ ဦးသန့်ဇင်ညွန့်တို့၏ ဖခင်၊ မောင်စိုးအေးနိုင်သိန်း-မစုစုစံ၊ မသက်စုသိန်း-Mr.Steven Ban(ခေတ္တ-ဩစတြေးလျ)၊ Dr.အာကာမင်းသိန်း၊ မသန္တာသိန်းတို့၏ အဘိုးသည် ၁၀-၉-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် မဟာမြိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်မြင့် (မော်လမြိုင်)

မြို့မကျောင်းသားဟောင်း

အသက်(၈၇)နှစ်

မော်လမြိုင်မြို့နေ (ဦးတွေရာ-ဒေါ်ကျင်လှိုင်)တို့၏ သား၊ (ဒေါ်ကျင်မွှား)၊ (ဒေါ်ကျင်မျှား-ဦးချိန်လျှန်)၊ (ဒေါ်ကျင်ဆိုင်-ဦးတင်မြင့်)၊ (ဦးစိုးမြင့်-ဒေါ်လှကြည်)၊ (ဗိုလ်မှူးဒေါ်မြင့်မြင့်ဦး)တို့၏ မောင်၊ ဒေါ်ခင်ထွေးမြင့် (ပါမောက္ခဌာနမှူး-ငြိမ်း၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)-(ဦးအောင်ဇေယျ) တို့၏ အစ်ကို၊ ဒေါ်ညွန့်ညွန့်မော်(ခ)ဒေါ်ခင်အုံးရီ (စာကြည့်တိုက်မှူး-ငြိမ်း၊ ကုန်သွယ်လယ်ယာ)၏ ခင်ပွန်း၊ ဦးယဉ်ဇော်မျိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်စပယ်မြင့်၊ ဦးအေးဝင်း (J' Donuts)-ဒေါ်နွယ်နီတင်၊ (ဦးတိုင်းထွဋ်တင်)-ဒေါက်တာသီတာထူး (ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာအိမ့်သံသာ(ခေတ္တ-Australia)၊ မထက်ဝန်းနိုနို၊ မောင်ခန့်ဘုန်းသစ်တို့၏ အဘိုးသည် ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အမှတ်(၄/ဂ)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးထွန်းရွှေ (အမှုဆောင်အင်ဂျင်နီယာ-ငြိမ်း)

အသက် (၈၇) နှစ်

ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း (ငြိမ်း)၊ ဒေါ်ခင်မေလတ်တို့၏ဖခင်ကြီး ဦးထွန်းရွှေသည် ၉-၉-၂၀၁၈ ရက်တွင် လှိုင်ကော်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၃) သူငယ်ချင်းများနှင့် မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းရွှေ

အသက် (၈၇) နှစ်

လှိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ အမှတ်(န/၈၆)နေ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ငြိမ်း)၊ ဒေါ်ခင်မေလတ်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်စိန်

အသက်(၇၆)နှစ်

ဗိုလ်ကြီးသန်းနိုင် (ငြိမ်း)-ဒေါ်မူမူကိုကြီး (အမက-၃၊ အင်းစိန်)၏ မွေးမိခင်ဖြစ်သူ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျားဘိုကျေးရွာနေ ဒေါ်ခင်စိန်သည် ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅) သီဟတပ်ခွဲ
ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းစန်းဝင်း(ခ)ရာဘီယာဘီ

အမျိုးသမီးရေးရာမှူး၊ (မ-အ-ဖ)ဌာနချုပ်

အသက်(၅၃)နှစ်

[ဟာဂျီဦးမောင်သန်း-ဟာဂျီမဒေါ်မမကြီး(ရန်ကုန်တိုင်းဒေသကြီး မ-အ-ဖ အဖွဲ့ခွဲ)]တို့၏ သမီးဖြစ်သူ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၅)လမ်း၊ အမှတ်(၄၉၃)၊(၃-ဘီ)နေ ဒေါ်စန်းစန်းဝင်း(ခ)ရာဘီယာဘီ(အမျိုးသမီး ရေးရာမှူး၊ မ-အ-ဖ၊ ဌာနချုပ်)သည် ၈-၉-၂၀၁၈ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်
(မ-အ-ဖ)ဌာနချုပ်

ဦးကျော်မြင့်

အသက်(၆၉)နှစ်

(ဘုရင်မ သကြားလုံး)
ဟင်းထက်စားသောက်ဆိုင်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပြဟ္မစိုရ်လမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၂၉၀)နေ (ဦးအောင်တင်-ဒေါ်မြင့်မြင့်)တို့၏ သားဦး၊ (ဒေါ်ဝင်းမေကြည်)၊ (ဦးကြည်တိုး)-ဒေါ်ယဉ်ယဉ်အေး၊ ဦးသိန်းမြင့်-ဒေါ်ကြည်ကြည်ငွေး၊ ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးသက်ထွန်းအောင်(ခ)ကိုပါပု-ဒေါ်ချိုချိုစန်းတို့၏ အစ်ကိုကြီး၊ မိုးမိုးလွင်၊ သူရအောင်၊ ထိန်လင်းအောင်၊ ချစ်ညီညီ၊ ခိုင်သဥ္ဇာ၊ အိသက်ငြိမ်းချမ်းကျော်၊ နန်းအိ၊ ပန်းအိ၊ မိုးအိတို့၏ ဘကြီးသည် ၁၀-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

အလ်ဟာဂျ် SM ချောင်ဒရီး

(ကုန်းဘောင်အထူးကုဆေးခန်း)
မြောင်းမြမြို့

အသက် (၉၇) နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်း အလယ်ဘလောက်၊ အမှတ်(၂၅၃/၂၈၅)၊ ငါးလွှာ၊ M & S Condo နေ (ဟာဂျီမ ဒေါ်တင်တင်)၏ ခင်ပွန်း၊ ဟာဂျီဦးမောင်မောင်အေး (တရားလွှတ်တော်ရှေ့နေ)၊ ဟာဂျီမ ဒေါ်လှလှ - (ဟာဂျီဦးတင်မောင်)၊ ဟာဂျီမဒေါက်တာဘီဘီ-ဟာဂျီ ဒေါက်တာဦးအောင်မြင့်၊ အလ်ဟာဂျ်ဦးမောင်မောင်မြင့်-ဟာဂျီမဖြူဖြူ၊ ဟာဂျီ ဟာဖစ်မော်လဝီမူဆာ(ခေတ္တ-ဆော်ဒီ)-ဟာဂျီမဒေါ်သန္တာဝင်း၊ ဟာဂျီမဒေါ်တင်မာထွေး-ဟာဂျီဦးစိုးဝင်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၇ ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘိုး အလ်ဟာဂျ် SM ချောင်ဒရီးသည် ၉-၉-၂၀၁၈ ရက် ည ၇း၅၀ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၉-၂၀၁၈ ရက် မွန်းလွဲ ဇိုဟိုရ်နမာဇ် အပြီးတွင် ရေဝေးကဘရ်စတန်၌ ဒဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် အလှူ့ဒါယိကာမကြီး

ဒေါ်ထားတင်(ခ) ဒေါ်တင်တင်

(ပဲခူး)

အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ ဦးဝိစာရရိပ်သာ၊ တိုက်(၁)၊ အခန်း(၇)နေ (ဆရာကြီး ဦးထွန်းဝင်း-ဒေါ်နှင်းလှ) တို့၏ သမီးလတ်၊ မော်လမြိုင်မြို့နေ(ဦးနေဝင်း-ဒေါ်ကျေးနု)တို့၏ သမီးချွေးမ၊ (ဦးလှထွန်း)၊ ဒေါ်ခင်မြင့်တို့၏ ညီမ၊ ဦးသိန်းဇော်-ဒေါ်စမ်းစမ်းဝင်း၊ ဦးလှသန်းဝင်း-ဒေါ်သိန်းနွယ်တို့၏အစ်မ၊ [ဦးမြင့်ဖေ (ဒု-ညွှန်မှူး၊ လျှပ်စစ်-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးမြင့်မော်-ဒေါ်အေးမီအောင်၊ ဦးဝင်းမော်-ဒေါ်မြမြရီ၊ ဦးခင်မောင်ချို-ဒေါ်စောသီတာ၊ ဦးရဲထွေး-ဒေါ်စောစန္ဒာ၊ ဦးဖြိုးသူအောင်-ဒေါ်စောကလျာ၊ (စောမြတ်မြတ်သင်း) တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မဝင်းစန္ဒီမော်၊ မောင်မင်းခန့်မော်၊ မောင်လဝန်းယံ၊ မနွေးရတနာအောင်၊ မနှင်းပွင့်ဖြူတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၀-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၄း၄၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့်

အသက် (၇၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျွန်းဘက်ကျေးရွာနေ (ဦးအောင်မြင့်-ဒေါ်သောင်းတင်) တို့၏ သမီး၊ ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်နေ (ဦးထွန်းမြိုင်-ဒေါ်ငြိမ်းအေး) တို့၏ သမီးချွေးမ၊ ဒေါ်မြင့်မြင့်ကြူ (ခ) ဒေါ်မိမိသင်၊ (ဦးစီးအရာရှိဦးသောင်းမြင့်)-ဒေါ်ခင်ခင်သိန်း(JAT-ငြိမ်း)၊ တပ်ကြပ်ကြီး ဦးထွန်းမြင့်(ငြိမ်း)-ဒေါ်ဖြူဖြူအောင်၊ ရဲတပ်ကြပ်ကြီး ဦးငွေးမြင့် (အင်းစိန်ရဲစခန်း) - ဒေါ်ခင်နှင်းသက်၊ ဒေါ်အေးအေးမြင့်တို့၏မွေးသမိခင်၊ မောင်ကောင်းထိုက်ထွန်း၊ မယဉ်မင်းငွေး၊ မစုမြတ်ထွန်း၊ မစုမြတ်ငွေးတို့၏ အဘွား၊ အမှတ်(၇၂၉)၊ ရွာမအနောက်၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်နေ ဗိုလ်ကြီးကျင်စွမ်း (ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၇၂၉)၊ ရွာမအနောက်၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်နေ ဗိုလ်ကြီးကျင်စွမ်း (ငြိမ်း)၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးညွန့်သိမ်း (ငြိမ်း) ပေါင်းတည်

ဗိုလ်သင်တန်းအမှတ်စဉ်(၉)၊ ကြည်း-၆၅၉၄

အသက်(၉၄)နှစ်

သူငယ်ချင်းဗိုလ်မှူးကြီးသိန်းငွေး(ငြိမ်း)-Dr. မြသီတာတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးညွန့်သိမ်း (ငြိမ်း) သည် ၁၀-၉-၂၀၁၈ ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် မဟာမြိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ

ဦးညွန့်ထွန်း(သုံးဆယ်မြို့ ရာသက်ပန်အသင်းဝင်)

အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ၆/၆၅၊ ပိတောက်လမ်းနေ (ဦးဘလွင်-ဒေါ်စော)တို့၏သား၊ ဒေါ်ယဉ်နွယ်(ကူးစက်ဆေးရုံ)၏ခင်ပွန်း၊ ဦးထိန်လင်းထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ရုံးချုပ်)၏ဖခင်သည် ၁၀-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြသိန်း (မင်းဘူး)

အသက် (၇၈) နှစ်

မင်းဘူးမြို့နေ (ဦးစံပွင့်-ဒေါ်ပု)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇) ရပ်ကွက်၊ သုခလမ်း၊ အမှတ် (၁၆၅)နေ [ဦးသောင်းတင်(MOGE-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ပွင့်ဖြူမြို့နေ ဦးအောင်ဆန်း-ဒေါ်လှလှဝင်းတို့၏ အစ်မ၊ ကိုရဲအောင်(MOGE)၊ ဦးမင်းအောင်-ဒေါ်စောချိုဇင်(MOGE)၊ ဒေါ်စောယုဝါ (ခတ်ခွဲမှူး-ရန်ကုန်အလုပ်သမားဆေးရုံကြီး)၊ ဦးစောလှိုင်ဘုန်း (စက်မှုလယ်ယာ) - ဒေါ်သန်းသန်းဆင့်၊ ဦးစောမင်းနောင်(MOGE)-ဒေါ်အေးအေးစိုး(ပြည်ထဲရေး)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွား ဒေါ်မြသိန်းသည် ၉-၉-၂၀၁၈ ရက် မွန်းလွဲ ၁း၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘီးလင်းမြို့နယ်အသင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်းတိုး (ဘီးလင်းမြို့)

အသက်(၇၀)

ရာသက်ပန်အသင်းဝင်အမှတ်(၆၉၆)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၄) ရပ်ကွက်၊ စစ်ကိုင်းပန်းခြံ၊ ဧရာဝတီပတ်လမ်း၊ အမှတ်(၁၁၇)နေ (ဦးဘကျော်-ဒေါ်ခေါက်ရ)တို့၏ သမီး၊ ရာသက်ပန်အသင်းဝင်များဖြစ်သော ဒေါ်စန်းသွင်၊ ဒေါ်နုနုရီ၊ ဒေါ်စန်းထွေးတို့၏ ညီမ၊ ဦးအောင်မြင့်-ဒေါ်မြမြကျင် တို့၏ အစ်မ၊ ဦးမောင်တင့်၏ ချစ်လှစွာသော ဇနီး ဒေါ်သန်းသန်းတိုးသည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဒေါ်ကျင်မြင့်

ဖျာပုံ - B.O.C ဟောင်း

အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃၀/၃၂)၊ ဒုတိယလွှာ၊ (၁၀) လမ်းနေ (ဦးခင်ညွန့်)၏ဇနီး၊ ဦးသွန်းလှိုင်-ဒေါ်လှလှပုံ၊ ဦးချမ်းသာ-ဒေါ်ကြူကြူအောင်၊ ဒေါ်ခင်ခင်ပုံ၊ ဦးသန်းကျော်-ဒေါ်သင်းသင်းသွယ်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား ဒေါ်ကျင်မြင့်သည် ၁၀-၉-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအောင်မြင့် (အောင်အောင်)

အသက်(၆၂)နှစ်

မဟာပဏ္ဏာကော်ဖီ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈၁၅)၊ ငါးလွှာ၊ မဟာဗန္ဓုလလမ်းနေ (ဦးဇမောင်)-ဒေါ်လှလှတိုး (မဟာ)တို့၏ သား၊ (ဦးတင်မောင်-ဒေါ်ခင်ဆွေနွဲ့)၏ သားသမက်၊ ဒေါ်နီလာဆွေ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုပြည့်ဖြိုးအောင်၊ ကိုပြည့်စုံအောင်တို့၏ ဖခင်၊ ဒေါ်သန်းသန်းအေး၊ ဦးမောင်မောင်အေး၊ ဒေါ်တိုးတိုးအေးတို့၏ ညီ/မောင်၊ (ဦးကျော်ကျော်)၏ အစ်ကို၊ ဦးအောင်မြင့်သည် ၉-၉-၂၀၁၈ ရက် ညနေ ၄း၄၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအုန်းမောင် (မြင်းမူ)

အသက် (၈၇)နှစ်

စက်ရုံမှူးကြီး (ငြိမ်း)
ပလိပ်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီမဥ္ဇူလမ်းသွယ်(၃)၊ ခြံအမှတ်(၁၂/ည)၊ ရန်ကုန်မြို့၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၇)လမ်း၊ အမှတ်(၃၉)နေ ဒေါက်တာဝင်းဝင်းမာ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံ)-ဒေါက်တာဇရှိန်း (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံ)၊ ဦးထွန်းဦး(CE-MAERSK Line)-ဒေါ်ထားထားဦး၊ ဒေါ်သက်သက် (အင်္ဂလိပ်စာ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ထက်လင်းဦး၊ မငွေစင်ရှိန်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး၊ (ဒေါ်စိုးစိုး)၏ ခင်ပွန်း ဦးအုန်းမောင်သည် ၁၀-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၅း၂၀ နာရီတွင် (SSC ဆေးရုံကြီး)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြစိန်

အသက်(၈၇)နှစ်

(သူရဲသမိန်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ မေခါဝီလမ်း၊ အမှတ်(၂၃၄)နေ (ဦးဘဆင့်-ဒေါ်သိန်းရင်)တို့၏ သမီး၊ (ဦးစိုးမြင့်)၏ ဇနီး၊ ဒေါ်ခင်မြစိုး(အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း)၊ ဦးအောင်ငွေးမြင့်-ဒေါ်အေးအေးသစ်၊ (ဦးနန်းငွေးမြင့်)-ဒေါ်ခင်စိုးမိုး၊ ဦးအေးမင်း-ဒေါ်သန်းသန်းငွေး၊ ဦးတင့်အောင်-ဒေါ်သန်းသန်းဝင်း(ကျော်ကောင်း-ဆီနှင့်ကုန်မျိုးစုံ-ရတနာသိင်္ဂီဈေး)တို့၏ ချစ်လှစွာသော မိခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသော အဘွား ဒေါ်မြစိန်သည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်းနု (အေမီ)

အသက်(၇၈)နှစ် (ကော့မှူးမြို့)

စိန့်ဖလိုးမီးနားကျောင်းသူဟောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဦးရာဇတ်လမ်း၊ အမှတ်(၈၇၃)နေ (ဦးရှပ်-ဒေါ်မြကြည်)တို့၏ သမီး၊ ဦးတင်ရွှေ(ဒု-ညွှန်မှူး၊ အကြံပေးအရာရှိ-ငြိမ်း)(စက်မှုညွှန်ကြားရေးဦးစီးဌာန)၏ ချစ်လှစွာသော ဇနီး၊ (ဦးဘချစ်ဆွေ)-ဒေါ်စန်းစန်းနု၊ (ဦးမောင်မောင်သန်း)-ဒေါ်ရီရီမြင့် တို့၏ အစ်မ၊ ဦးအောင်ကျော်မိုး၊ဦးလှမိုး-ဒေါ်အောင်ဥမ္မာ၊ ဦးရဲမြင့်နိုင်-ဒေါ်သီတာရွှေ၊ ဦးမင်းဇော်-ဒေါ်မျိုးမိမိရွှေတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မသန့်သစ္စာ၊ ကိုဖေသက်နိုင်၊ မမိုးပြည့်ခင်၊ ကိုဖြိုးသက်နိုင်၊ မောင်ခန့်မင်းဇော်၊ မောင်ပိုင်ခန့်ဇော်တို့၏ အဘွား သည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် နံနက် ၁၀း၂၀ နာရီတွင် အမေရိကန်နိုင်ငံ၊ (L.A)မြို့၊ Foothill Presbyterian ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၈(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ကြိုင် (ခ) ဒေါ်ထိုဝှါး

အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၄)၊ (၁၉) လမ်း၊ လသာမြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးမေနှ၊ဒေါ်စောရီ)တို့၏သမီး၊ (ချန်ခ္ဈီးကောင်၊ အွန်အော်ဝှမ်း) တို့၏ သမီးချွေးမ၊ ဦးစိုးဝင်း-ဒေါ်မေလင်း၊ ဦးမျိုးလွင်-ဒေါ်သန်းသန်းနွဲ့၊ ဦးစိန်သန်း-ဒေါ်ခင်ခင်သန်း၊ ဦးကြည်တိုး-ဒေါ်တင်တင်နွဲ့တို့၏မွေးသမိခင်၊ မောင်ဇေယျာလင်း၊ မောင်အောင်စိုးမိုး၊ မကြည်မာဝေ၊ မဆောင်းနှင်းသွယ်၊ မောင်ကောင်းမြတ်သူ၊ မောင်ကောင်းစံ၊ မောင်ပိုင်မြတ်သူ၊ မောင်ဘုန်းမြတ်ကို၊ မအေးမြတ်ခိုင်တို့၏ အဘွားသည် ၁၀-၉-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစိုးသန်း(ခ)ဦးညွန့်သန်း

(M.O.G.E- ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပညာလမ်း၊ အမှတ်(၈၁၇)နေ (ဒေါ်ဆွေဆွေ) ၏ ခင်ပွန်း၊ ဦးမြသောင်းဟန်-ဒေါ်ငုရွှေဝါစိုး၊ ဦးအောင်ဇော်မိုး-ဒေါ်စန္ဒာမြတ်၊ ဦးကျော်ခိုင် - ဒေါ်လဲ့ရည်ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးစိုးသန်း(ခ)ဦးညွန့်သန်း (M.O.G.E-ငြိမ်း)သည် ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၁-၉-၂၀၁၈(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြေးမုံ
စက်တင်ဘာ ၁၁၊ ၂၀၁၈

ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်နင်းမြို့၌ ကျင်းပမည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး တက်ရောက်ရန် ကူမင်းမြို့သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၀

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ဒေသစံတော်ချိန် ည ၇ နာရီ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❒

ဒုတိယသမ္မတ ဦးမြင့်ဆွေအား တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲ အောင်လအန်ဆန်နှင့် လက်ဘနွန်နိုင်ငံသားတို့ ယှဉ်ပြိုင်ထိုးသတ်မည်

ရန်ကုန် စက်တင်ဘာ ၁၀

MMA ဝိတ်တန်းနှစ်ခုချန်ပီယံ မြန်မာနိုင်ငံသား အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲအဖြစ် လက်ဘနွန်နိုင်ငံသား ကာရာကီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကြောင်း ONE Championship မှ သတင်းထုတ်ပြန်ခဲ့သည်။ ယင်းပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✪

ကာတာခြေစမ်းခရီးစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲငါးပွဲကစားမည်

နေပြည်တော် စက်တင်ဘာ ၁၀

၂၀၁၈ အာဆီယံဆုဇူကီးဖလား ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာ့လက်ရွေးစင် အသင်းသည် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲအပြင် ပြည်ပလေ့ကျင့်ရေးခရီးစဉ်လည်း သွားရောက်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ကာတာနိုင်ငံသို့ သုံးပတ်ကျော် သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုပွဲများကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ကစားရမည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် ပိုမိုရုန်းကန်ရဖွယ်ရှိနေရာ ပြိုင်ပွဲအကြိုပြင်ဆင်မှုများ စနစ်တကျ ပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည်

စာမျက်နှာ ၅ ကော်လံ ၆ သို့ ■

မြန်မာ့လက်ရွေးစင်အသင်း တောင်ပံကစားသမား စည်သူအောင်